# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာ စောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၇ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၁၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၆၀)


# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

## ကျောင်းသား ကျောင်းသူဦးရေနည်းသည့် အထက်တန်းကျောင်းများ ရုပ်သိမ်းပြီး ရန်ကုန်တိုင်းတွင် လိုအပ်သည့်ကျောင်းများနေရာ၌ ယင်းကျောင်းများကို ပြန်လည်အသုံးပြုရန် စီစဉ်ဆောင်ရွက်ထား

**နေပြည်တော် ဇွန် ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့ အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

မန်တုံ မဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၏ **မန်တုံမြို့နယ် မန်စပ်ကျေးရွာ အလယ်တန်းကျောင်း ဆရာ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း တည်ဆောက်ရေး လျာထားချက်များ ဆောင်ရွက်ရာတွင် အသစ်တည်ဆောက်ရန် လိုအပ်သော ကျောင်းများ၊ အန္တရာယ်ရှိ ကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန် လိုအပ်သော ကျောင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ်အတွက် ၂၀၁၈ ခုနှစ်ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးမှ အခြေခံကျောင်းဆောင်များ တည်ဆောက်ရေးအတွက် လုပ်ငန်း ၆ ခုကို မြို့နယ်ဦးစားပေးအလိုက် စီစဉ်လျာထားပါကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁* ❐

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ

## နည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးဥပဒေနှင့် ပုဂ္ဂလိကကျောင်း ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် လက်ရှိတွင် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အစီရင်ခံစာ သုံးခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စုနေ ယခင် စစ်တောင်းစက္ကူစက် ဝန်ထမ်းဟောင်းများဖြစ်သည့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ၃ လစာပေး၍ အလုပ်မှ အနားယူစေခြင်းခံရသည့် ဝန်ထမ်း ၄၇၆ ဦးနှင့် ပတ်သက်၍ အလုပ်အကိုင်ရရှိရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက်မှ စက္ကူစက်ရုံ (စစ်တောင်း)ရှိ မြေ၊ စက်ရုံနှင့် အခြားအဆောက်အဦများ၊ စက်ရုံပစ္စည်းများအား မွန်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရေး ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာ ကော်မတီ အစည်းအဝေးမှ သဘောတူခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါခွင့်ပြုချက်အရ စက်ရုံ၊ မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းများအား လွှဲပြောင်းလက်ခံရန်နှင့် ကုမ္ပဏီဝန်ထမ်း ၄၇၆ ဦးအား နိုင်ငံတော်မှ တည်ဆဲဥပဒေအတိုင်း ကရုဏာကြေး၊ နစ်နာကြေးများပေးအပ်၍ ဝန်ထမ်းအဖြစ်မှ ရပ်ဆိုင်းရေး ကိစ္စရပ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဖြေရှင်းနိုင်ရန် မွန်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပဏာမလေ့လာစိစစ်ရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁* ◆



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

## မိုးရာသီ ကျောင်းသားနှင့် ပြည်သူ သွားလာရေးအဆင်ပြေချောမွေ့စေရန် ဝါးတားဘတ်စ်ခရီးစဉ် တိုးချဲ့ပြေးဆွဲ

စာ » ၁၁

## ဂျပန်နိုင်ငံ အိုဆာကာ၌ အင်အားပြင်းငလျင်လှုပ်ခတ်ရာ သုံးဦးသေဆုံးပြီး အမြောက်အမြား ဒဏ်ရာရ

နိုင်ငံတကာသတင်း စာ » ၁၄




**မြန်မာ့အလင်း**

# ဥစ္စာရင်လို ဥစ္စာရင်ခဲ

နိုင်ငံတော်၏ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်လျက် မြန်မာ့ခရီးသွားလုပ်ငန်း ကွန်ဖရင့် -၂၀၁၈ ကို ဇွန် ၁၂ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သည်။ အဆိုပါ ကွန်ဖရင့်တွင် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုနှင့် ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွား လုပ်ငန်းနှင့် ဆက်စပ်နေသည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဈေးကွက် မဟာဗျူဟာများနှင့် အခွန်ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းနည်းပညာပိုင်းဆိုင်ရာနှင့် အသက် မွေးဝမ်းကျောင်းအရည်အသွေး မြင့်မားစေရန်အတွက် လေ့ကျင့်သင်ကြား ပေးရေးတို့တွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ရှေ့လာမည့် အနာဂတ်အလားအလာများကို ဆွေးနွေးခဲ့ကြရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် လိုအပ်သော အကြံဉာဏ် လုပ်နည်းလုပ်ဟန်နှင့် နည်းလမ်းများကို အထောက်အကူ ပြုနိုင်မည်ဖြစ်သည်။

အဆိုပါကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူက "ယခုလို ခရီးသွားဧည့်သည် အများဆုံးလာရောက်ကြသည့် နိုင်ငံများအား အထူး **target** ထားပြီး ဧည့်သည် ပိုမိုလာရောက်ရန် ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာ ခရီးသွားပြပွဲများတွင် ပိုမို ဝင်ရောက်ပြသနိုင်ရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ခု ဖြစ်ပါကြောင်း၊ ယင်းသို့ ပါဝင်ပြသနိုင်ရန် လုံလောက်သော ရန်ပုံငွေများ ရရှိရေးသည် လိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေရ၍ ခရီးသွား လုပ်ငန်းမြှင့်တင်ရေးအတွက် ဘဏ္ဍာငွေခွဲဝေချထားမှုအပိုင်းတွင် လုံလောက်စွာ ခွဲဝေပေးရန် အခက်အခဲရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကပိုင်းကလည်း မိမိတို့ခရီးသွားလုပ်ငန်းတိုးတက်ရန် အချင်းချင်း ပူးပေါင်းညှိနှိုင်းအဖြေရှာကြရန်ကိုလည်း တိုက်တွန်းလိုပါကြောင်း" စသည်ဖြင့် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသို့ အများဆုံး လာရောက်လည်ပတ်ကြသည့် ခရီးသည်များတွင် အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် ထိုင်းတို့မှ အများဆုံး လာရောက်လည်ပတ်ကြပြီး အနောက်နိုင်ငံများဘက်မှ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီတို့မှ အများဆုံး လာရောက်လည်ပတ်ကြသည်ဟု သိရသည်။ အဆိုပါနိုင်ငံများမှ မြန်မာ နိုင်ငံသို့ အများဆုံးလာရောက်လည်ပတ်ကြသည့်အလျောက် ဈေးကွက် မြှင့်တင်ရာတွင်လည်း အဆိုပါနိုင်ငံများကို အဓိကဦးတည်ကာ ခရီးသွား များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ကြရန်အတွက် ဆွဲဆောင်မှု များကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လတ်တလောတွင်မူ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက် လာစေရေးအတွက် ၎င်းသုံးနိုင်ငံကို ဗီဇာစနစ်များ ဖြေလျှော့ရန် စီစဉ် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ဈေးကွက်မြှင့်တင်မှုအနေဖြင့် နိုင်ငံတကာတွင် မိမိတို့နိုင်ငံကို ပိုမိုသိလာအောင် ကြော်ငြာရမည်ဖြစ်သလို ဟိုတယ်အခန်းခများနှင့် သယ်ယူပို့ဆောင်ခများ နိုင်ငံတကာနှင့် လိုက်လျော ညီထွေဖြစ်ရေး၊ အခကြေးငွေနှင့် ထိုက်တန်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရေး၊ ခရီးစဉ်ဒေသများ၏ အရည်အသွေး ပိုမိုဖွံ့ဖြိုးတိုးတက်လာ ရေးနှင့် နိုင်ငံတကာအဆင့်မီရေးတို့ကို ကြိုးပမ်းကြရန်လည်း လိုအပ်မည် ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ့စီးပွားအတွက် လွန်စွာအရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ပြီး မိမိတို့အိမ်နီးချင်းနိုင်ငံများ၌ မိမိတို့ထက် အဆပေါင်းများစွာ ခရီးသည်များ ဝင်ရောက်နေကြသည်ကို လေ့လာတွေ့ရှိ နိုင်သည်။ ခရီးသွားလုပ်ငန်းသည် ယင်းနိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို ကြီးမားစွာအထောက်အကူပြုနေကြသည်ကိုလည်း တွေ့ရှိ နိုင်မည်ဖြစ်သည်။ ခရီးသည်များ လာရောက်လည်ပတ်နိုင်ရန် လိုအပ်သော စိတ်ဝင်စားဖွယ်ရာ ယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ်များ၊ လည်ပတ် စရာနေရာများ၊ လေ့လာစရာများ ပေါများကြွယ်ဝစွာ ပိုင်ဆိုင်ထားသည့် မိမိတို့နိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆိုသလို ဦးစွာအားထုတ်ကြရန် လိုမည်ဖြစ်သည်။ မိမိတို့၏အရင်းအမြစ် များကို ထိထိရောက်ရောက်အသုံးချကာ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အတွက် ဆောင်ရွက်ကြရာတွင် အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းက ဘက်စုံ ထောင့်စုံမှ အချိတ်အဆက်မိမိ၊ ဟန်ချက်ညီညီ တီထွင်ကြံဆကာ ပူးပေါင်း ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် ခရီးသွားကဏ္ဍ မှ စွမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

## ရေစကြိုမြို့နယ် အလောင်းစည်သူမင်းကြီးတည်ထားသည့် ဓမ္မရံသီ(ရွှေဘုံသာ)ဘုရားကြီး ဧရာဝတီမြစ်ကမ်းပါးနှင့် ၁၅ ပေအကွာသို့ ရောက်ရှိနေ

**ရေစကြို ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဗလဗကျေးရွာ၌ ဧရာဝတီ မြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးလျင်မြန်စွာပြိုကျနေသော ကြောင့် ကျေးရွာလူထုအားနှင့် မြစ်ကမ်းပါးထိန်းသိမ်းရေး လုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုးပြုလုပ်နေကြကြောင်း ကျေးရွာနေသူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဗလဗဉာတိကာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မပါလဦးဆောင်ကာ အဝေး ရောက် ရွာသူရွာသားများ လှူဒါန်းသောအလှူငွေဖြင့်လိုအပ် သောကြိုးများ၊ ပီနံအိတ်များ၊သဲကားများဝယ်ယူကာ ရွာသူရွာ သားများနေ့စဉ်လုပ်အားပေးပြီး မြစ်ကမ်းပါးပြိုကျခြင်းများကို တစ်ပိုင်တစ်နိုင် ကာကွယ်လာခဲ့ရာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

"မနှစ်ကတော့ မြစ်ကမ်းပါးကာကွယ်နေရင်း အိမ်ခြေ ၆၄ အိမ် ရွှေ့လိုက်ရတယ်၊ နေ့စဉ်လုပ်အားပေးနေရတော့ ရွာထဲက လူတွေလည်း ခြေကုန်လက်ပန်းကျတာပေါ့၊ ဒီနှစ်ဆိုရင် အိမ်ထောင်စု ၁၈ စုနဲ့ ဘုန်းတော်ကြီးကျောင်းထဲက ကျောင်း ဆောင်ကြီး၊ သိမ်တော်၊ ဓမ္မရံသီဘုရားဝင်းက တန်ဆောင်း တော်နဲ့ လျှပ်စစ်မီးမရခင်က ကျေးရွာထဲမီးပေးတဲ့မီးစက်ကြီး ထားတဲ့အဆောင်တို့ကို အရေးပေါ်ရွှေ့ပြောင်းခဲ့ရပါတယ်"ဟု ကျေးရွာနေသူတစ်ဦးက ပြောသည်။

ထိုသို့ ကာကွယ်လာခဲ့ရာ ငွေကျပ်သိန်း ၁၀၀ ကျော်နေပြီဖြစ် ကြောင်း၊ မြစ်ကမ်းပါးထိန်းသိမ်းနေစဉ် ဧရာဝတီမြစ်ရေတိုက် စား၍ မြစ်ကမ်းပါးပြိုကျလျက်ရှိရာ ဓမ္မရံသီ (ရွှေဘုံသာ) ဘုရားကြီးနှင့် ၁၅ ပေအကွာအဝေးသာ ကျန်တော့ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**



## မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်ဖွင့်ပွဲကျင်းပ

**ပင်းတယ ဇွန် ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မွေးဖွားမှု မှတ်ပုံတင်ခြင်းရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသအဖွဲ့ဝင် (တောင်ရိုး ကိုယ် စားလှယ်) ဦးကျော်ငြိမ်းက အမှာစကား ပြောကြားပြီး မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က မွေးဖွားမှု မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက် များအကြောင်းကိုလည်းကောင်း၊ မွေးဖွား မှု မှတ်ပုံတင်စတင်ပြုလုပ်သည့် ခုနှစ်နှင့် အခြားနိုင်ငံများတွင် ပေါ်ပေါက်လာပုံ သမိုင်းကြောင်းများ၊ လူ့အခွင့်အရေးနှင့် မွေးဖွားမှုမှတ်ပုံတင်ခြင်း ဆက်စပ်ပုံများ ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ရပ်ကွက်၊ ကျေးရွာများမှ မွေးဖွားမှုမှတ်ပုံတင် ပြုလုပ်ပြီးသော အသက် ၁၀ နှစ် အောက် ကလေးများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းမင်းထွဋ်နှင့် တာဝန်ရှိသူ များက မွေးစာရင်းလက်မှတ်များကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ပင်းတယမြို့နယ်ရှိ ပွေးလှကျေးရွာ အုပ်စု၊ ပန်းစစ်ကျေးရွာအုပ်စုနှင့် ထယ် သွန်းကျေးရွာအုပ်စုများရှိ အကြောင်း အမျိုးမျိုးကြောင့် မွေးဖွားမှုမှတ်ပုံတင် မပြုလုပ်ရသေးသည့်အသက် ၁၀ နှစ် အောက် ကလေးငယ်စုစုပေါင်း ၅၄၆ ဦးကို မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက် သတ္တပတ်အဖြစ် ဇွန် ၁၈ ရက်မှ ၂၂ ရက် အထိကျေးရွာများသို့ ကွင်းဆင်းဆောင် ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## နောင်ချိုမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

**နောင်ချို ဇွန် ၁၈**

သဘာဝဘေးအန္တရာယ်ကျရောက်စဉ် လုပ်ငန်းများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက်က နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာမြို့ နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးက သဘာဝဘေးအန္တရာယ်လုပ်ငန်းဆိုင်ရာများကို အသိပညာပေး ဟောပြောခြင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းလွင်က သဘာဝဘေးအန္တရာယ် ကျရောက်စဉ်နှင့် မကျရောက်မီဆောင်ရန်၊ ရှောင်ရန်များကို လည်းကောင်း၊ သဘာဝ ဘေးအန္တရာယ်ကျရောက်စဉ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုဖွဲ့ လေ့ကျင့်အသင့်အနေအထားများကို ပြောကြားခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

*ထင်သာမြင်သာပြုပြင်စရာ*

## ကျွန်းကုန်းနှင့် ပင်လုံကြား ရွာချင်းဆက်လမ်းမဲဇာအား ပြန်လည်ပြုပြင်ပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ် ကျွန်းကုန်းနှင့် ပင်လုံကျေးရွာ ကြားရှိ ကျေးရွာချင်းဆက် မြေသားလမ်းမကြီးသည် မေလအတွင်းမှစ၍ ဇွန် ၁၄ ရက်အထိ ရွာသွန်းခဲ့သောမိုးကြောင့် မဲဇာချောင်းရေတိုက်စားပြီး ကမ်းပါးများ ပြိုကျကာ ပျက်စီးလျက်ရှိနေကြောင်း သိရသည်။

အဆိုပါ ရွာချင်းဆက်လမ်းသည် ကျွန်းကုန်းကျေးရွာ အခြေခံပညာအထက် တန်းကျောင်းသို့ ဆက်သွယ်သွားလာသည့်လမ်းဖြစ်ပြီး ဒေသအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် အဓိကကျကာ အရေးပါသည့်မြေသား လမ်းဖြစ်သည်။

ယင်းလမ်းမကြီးတည်ရှိသည့်နေရာသည် ဗန်းမော်မြို့နှင့် ၁၂ မိုင်ခန့်အကွာ အဝေးရှိသောနေရာဖြစ်ပြီး မြို့နှင့်အလှမ်းဝေးသည့်အတွက် ထိုလမ်းမကြီး ပျက်စီး နေမှုများကို ပြန်လည်ပြုပြင်ပေးစေလိုကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



## မြစ်ကြီးနားမြို့ ကချင်စုရပ်ကွက် လဖစက်လှေဆိပ် အမှိုက်ကင်းစင်ရန် တိုးချဲ့ဆောင်ရွက်မည်

**မြစ်ကြီးနား ဇွန် ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကချင် စုရပ်ကွက် ဧရာဝတီမြစ်ကမ်းရှိ လဖစက် လှေဆိပ်ကမ်း၌ အမှိုက်များ ကင်းစင် စေရန် သန့်ရှင်းရေးတိုးချဲ့ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်ကမ်းဘေးတွင်ရှိသည့် လယ်ကုန်းရပ်ကွက်နှင့် ကချင်စုရပ်ကွက် လဖစက်လှေဆိပ်တို့သည် မြစ်ကမ်း နံဘေး၌ အမှိုက်အများဆုံးစွန့်ပစ်သည့် နေရာလည်း ဖြစ်သည်။

ကချင်စုရပ်ကွက် လဖဆိပ်မြစ်ကမ်း ဘေး၌ အမှိုက်များ သန့်ရှင်းရေးအတွက် စီမံချက်ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့တို့အား အကြောင်းကြားကာ သန့်ရှင်းရေးဆောင်ရွက်သွားမည် ဖြစ် ကြောင်း ရာအိမ်မှူးက ပြောသည်။

"ဧရာဝတီမြစ်ထဲကို အမှိုက်တွေ စွန့်ပစ်တာကြောင့် ရေထုကိုညစ်ညမ်းစေ တဲ့အတွက်ရေထဲမှာရှိတဲ့ သားငါးသတ္တဝါ တွေနဲ့ အပင်တွေရှင်သန်မှုကို ထိခိုက်စေ နိုင်ပါတယ်၊ ဒီရေကို သောက်ရေသုံးရေ အဖြစ် အသုံးပြုကြမယ်ဆိုရင်လည်း လူတွေ၊ တိရစ္ဆာန်တွေအတွက် ကျန်းမာ ရေးထိခိုက်မယ်၊ နောက်တစ်ချက်က မြင်ကွင်းပသာဒအလှအပကို ထိခိုက် မယ်၊ ချောင်းထဲ၊ မြစ်ထဲမှာအမှိုက်တွေ၊ ပလတ်စတစ်တွေပစ်လာရင်လည်း ရေနေ သတ္တဝါတွေ ထိခိုက်နိုင်တယ်"ဟု ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော် အောင်မိုးက ပြောသည်။

ယခင်က အမှိုက်မစွန့်ပစ်ရ ဆိုင်း ဘုတ်များကပ်ထားပြီး အမှိုက်စွန့်ပစ်သူ ကို ဒဏ်ရိုက်သော်လည်း ညအချိန်တွင် လာရောက်စွန့်ပစ်နေကြကြောင်း ရာအိမ် မှူးက ပြောသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်းသို့ အမှိုက်များ စွန့်ပစ်သဖြင့် ရေထုညစ်ညမ်း မှုကြောင့် မြစ်ရေကို မသောက်ကြဘဲ တွင်းရေများနှင့် ရေသန့်ဘူးများကို သောက်နေရကြောင်း လဖစက်လှေဆိပ် အနီး နေထိုင်သူတစ်ဦးက ပြောသည်။

ကချင်စုရပ်ကွက်၌ အိမ်ခြေ ၂၂၉ အိမ်နှင့် လူဦးရေ ၁၉၆၈ ဦး နေထိုင်ကြ ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် နယ်သာလန်နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၁၈**

သမဝါယမဦးစီးဌာနနှင့် နယ်သာလန်နိုင်ငံ Agriterra စိုက်ပျိုးရေး သမဝါယမအသင်းတို့အကြား မြန်မာနိုင်ငံ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် MoU လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နယ်သာလန်နိုင်ငံရှိ Grand Hotel Wientjes ၌ ဇွန် ၁၂ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းနှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူတို့ တက်ရောက်ခဲ့ပြီး နယ်သာလန်နိုင်ငံမှ Dairy Development Friesland Campina ၏ Director Mr.Atze Schaap၊ နယ်သာလန်နိုင်ငံ လယ်သမားအဖွဲ့အစည်းဖြစ်သော LTO Noord ၏ ဥက္ကဋ္ဌ Ms. Trienke Elshof၊ ABN AMRO စိုက်ပျိုးရေးဘဏ်၏ ညွှန်ကြားရေးမှူး Mr. Pierre Berntsen၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ယခင် မြန်မာနိုင်ငံ စိုက်ပျိုးရေးဆိုင်ရာ သံအမတ် Mr. Geert Westenbrink၊ ဩဂဲနစ်သမဝါယမအသင်း၏ ဥက္ကဋ္ဌ Mr. Anton Van Vilsteren နှင့် Friesland Campina ၏ အဖွဲ့ဝင်ဖြစ်ပြီး မွေးမြူရေးသမဝါယမအသင်းသားများဖြစ်ကြသော Mr. Vert နှင့် Mr. Adrie Vollering တို့ တက်ရောက်ခဲ့သည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားကာ နယ်သာလန်နိုင်ငံ Agriterra မှ Managing Director Dr.Kees Blokland က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူနှင့် Agriterra Managing Director Dr.Kees Blokland တို့သည် မြန်မာနိုင်ငံ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် နှစ်ဖက်နားလည်မှု စာချွန်လွှာရေးထိုးကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) (၅)မှု စီရင်ချက်ချ

**နေပြည်တော် ဇွန် ၁၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးအောင်ဇော်သိန်းတို့ ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်ပြီး တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) (၅) မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထွေထွေ လျှောက်ထားမှု (စာချွန်တော်) (၁) မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) (၄) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

လွိုင်ကော် ဇွန် ၁၈

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ကယားပြည်နယ် ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယား(ခ) ရပ်ကွက် ဦးနီလမ်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။**



### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလှုထွေး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေနှင့် ကရင်နီလူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦး ဒုတိယဥက္ကဋ္ဌ ဦးထွန်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ ရုံးအဆောက်အအုံဆိုင်းဘုတ်ကို ကယားပြည်နယ်ရှိ တိုင်းရင်းသူ တိုင်းရင်းသားများက ဖွင့်လှစ်ပေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က မင်္ဂလာအမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ရုံးအဆောက်အအုံကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားခဲ့ကြသည်။ ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ရုံးအဆောက်အအုံသစ် ဆောက်လုပ်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့က တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီ တစ်ခုလျှင် ငွေကျပ်ငါးသိန်းဖြင့် ကော်မတီ ၁၀ ခုအတွက် မတည်ငွေကျပ်သိန်း ၅၀ ကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ချီးမြှင့်ခဲ့ကြသည်။

### အားပေးမြှင့်တင်

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ တင်ပြရန်ရှိသည်များကို တင်ပြနိုင်ရေး ဖိတ်ခေါ်ခဲ့ရာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ တာဝန်ရှိသူတစ်ဦးက ယခုအစိုးရသစ်လက်ထက်တွင် ကယားပြည်နယ်အတွင်း နေထိုင်သည့် ကရင်တိုင်းရင်းသားများကို အသိအမှတ်ပြုမှုအား ကျေးဇူးတင်ရှိပါကြောင်း၊ ကရင်တိုင်းရင်းသားဘာသာစာပေသင်ကြားမှုကို အားပေးမြှင့်တင်ပေးစေလိုပါကြောင်း တင်ပြသည်။

အဆိုပါ ရုံးအဆောက်အအုံသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြု ရန်ပုံငွေကျပ် ၃၁၀ ဒသမ ၉ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၁၂) က တာဝန်ယူ တည်ဆောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ထူး ကမ္ဘာ့ဘဏ်အဖွဲ့နှင့် တွေ့ဆုံညှိနှိုင်း

**နေပြည်တော် ဇွန် ၁၈**

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းအဖွဲ့နှင့် ကမ္ဘာ့ဘဏ်မှ Doing Business Mission အဖွဲ့တို့အကြား ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီး ဦးအောင်ထူးက ကမ္ဘာ့ဘဏ် Mission အဖွဲ့နှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းအဖွဲ့တို့ တွေ့ဆုံဆွေးနွေးရာတွင် ထိထိရောက်ရောက် အသေးစိတ်ဆွေးနွေးသွားရေး အလေးထား မှာကြားလိုကြောင်း၊ မိမိတို့ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများကို ပုဂ္ဂလိကကဏ္ဍ သိရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်မေလက Credit Bureau အား စတင်ထူထောင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ Insolvency Law နှင့် ပတ်သက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်နေပြီး လျင်လျင်မြန်မြန် အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ Distance to Frontier (DTF) Score က တက်လာမည်ဖြစ်ကြောင်း၊ အဆင့်တက်လျှင်ဖြစ်စေ၊ ရမှတ်တက်လျှင်ဖြစ်စေ အဓိကအကျိုးကျေးဇူးခံစားရသည်မှာ ပုဂ္ဂလိကကဏ္ဍသာဖြစ်ကြောင်း ပြောကြားသည်။




အစည်းအဝေးကို အစီအစဉ်ခြောက်ခုဖြင့် ကျင်းပခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက Doing Business ဆိုင်ရာ လုပ်ငန်းစဉ်အပေါ် ဆောင်ရွက်ထားမှု အခြေအနေအား ရှင်းလင်းဆွေးနွေးပြီး ကမ္ဘာ့ဘဏ် Doing Business Mission မှ ကျွမ်းကျင်သူ Mr. Frederic Meunier က Doing Business နှင့် ပတ်သက်၍ သတ်မှတ်ထားသော စနစ်နှင့် အမှတ်ပေးတွက်ချက်မှု ပုံစံတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသည့် အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များမှ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် ဇွန် ၁၈

**၂၀၁၈ ခုနှစ်၏ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှုများကို နှစ်စဉ်ကျင်းပလျက်ရှိရာ အားကစား လှုပ်ရှားမှုတစ်ရပ်ဖြစ်သော စုပေါင်းလမ်းလျှောက်ပွဲကို ရန်ကုန်မြို့ အနောက်မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံကွင်း ဂိတ်အမှတ် ၉ ၌ ယမန်နေ့ နံနက်က ကျင်းပသည်။** (အောက်ပုံ)



အဆိုပါ အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က စတင်တာလွှတ်ကာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက သေနတ်ပစ်ဖောက်ပေးသည်။ စုပေါင်းလမ်းလျှောက်ပွဲကို အနောက်မြင်းပြိုင်ကွင်းလမ်းမှတစ်ဆင့် အရှေ့မြင်းပြိုင်ကွင်း လမ်းတစ်လျှောက် လမ်းလျှောက်ကာ တောင်မြင်းပြိုင်ကွင်းလမ်းရှိ ဂိတ်အမှတ် ၆ မှ ကျိုက္ကဆံကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ပန်းဝင်သည်။

အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင် (ညွှန်ကြားရေးမှူး)၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်မိုး၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ အားကစားမောင်မယ်များ၊ အားကစားနည်းပြများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ ခြေလျင်တောင်တက် အဖွဲ့ဝင်များ၊ ရန်ကုန်ပညာရေးကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများနှင့် ပြည်သူ စုစုပေါင်းအင်အား နှစ်ထောင်ကျော် ပါဝင်လမ်းလျှောက်ကြကြောင်း သိရသည်။

ရန်ကုန်မြို့၌ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အား ဂုဏ်ပြုသည့်အနေဖြင့် လာမည့် ဇွန် ၂၇ ရက်မှ ဇူလိုင် ၁ ရက်အထိ အားကစားနည်း ၃၄ မျိုးအား သတ်မှတ်ထားသော အားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## တနင်္သာရီ၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

# သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဟားခါး၌ ကျင်းပ

**ဟားခါး ဇွန် ၁၈**

ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration)အဖွဲ့တို့ပူးပေါင်းဆောင်ရွက်သည့် စတုတ္ထအကြိမ် ဟားခါးမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဟားခါးမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေးအဖွဲ့ဝင်များမှ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ IOM မှတာဝန်ရှိသူများ၊ ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးချန်ဇီယာန်က သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် IOM အဖွဲ့မှ မြို့နယ်တာဝန်ခံ ဆရာကေးလျန်ကပ်က ဟားခါးမြို့နယ်အတွင်းဖြစ်ပေါ်နိုင်မှု သဘာဝဘေးအန္တရာယ်ဆိုင်ရာများ၊ လိုအပ်သော လုပ်ငန်းစီမံချက်ဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြား

**မော်လမြိုင် ဇွန် ၁၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးသည် ယနေ့တွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးနှစ်စဉ်ပုံမှန်ဖြစ်နိုင်သည့် နိုင်ငံဖြစ်လာပြီး ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်ရန် အဆင်သင့်ဖြစ်မှု အနည်းဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံ ပါဝင်ဆဲဖြစ်ပါကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အနေဖြင့် မွန်ပြည်နယ်တွင် စက်တပ်လှေကိုးစင်းကို ကြိုတင်ပေးပို့ ပြင်ဆင်ခဲ့သော်လည်း နှစ်စဉ်ရေဘေးဒဏ်ခံနေရသော ဘီးလင်း၊ ကျိုက်ထိုမြို့များတွင် ဖြန့်ခွဲထားရှိသဖြင့် လတ်တလော မော်လမြိုင်မြို့တွင် ဖြစ်ပွားသော ရေကြီးရေလျှံမှုအတွက် အရေးပေါ် လိုအပ်သော စက်တပ်လှေသုံးစင်းကို တစ်ပါတည်း ယူဆောင်လာခဲ့ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီး ရေတိုရေရှည်လုပ်ငန်းများခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျိုက်သလ္လံစေတီတော်မြေပြိုကျမှုကိစ္စနှင့် စပ်လျဉ်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် စေတီတော်ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီကို အကြံပေးနိုင်ရန် ပညာရှင်များပါဝင်၍ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာအသီးသီးကလည်း မိမိတို့ဌာနအလိုက် ပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့် လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မွန်ပြည်နယ်အတွင်းပျက်စီးဆုံးရှုံးမှုများ၊ ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဖိုက်ဘာစက်တပ်လှေ သုံးစင်း၊ ရေသန့်ဆေးထုပ် ၄၀၀၀၀ နှင့် ယာယီရေဘေးခိုလှုံသူ ပြည်သူ ၇၄၀၇ ဦးအတွက် လတ်တလောစားသုံးရန် ရိက္ခာဖိုးငွေကျပ် ၁၅၅ သိန်းကျော်တို့ကို ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီရေဘေးရှောင်စခန်းများဖြစ်သော အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၊ ဓမ္မပီယဘုန်းတော်ကြီးကျောင်း၊ ရွှေစေတီဘုန်းတော်ကြီးကျောင်း၊ အ.မ.က (လှိုင်)နှင့် သဒ္ဓမ္မစေတနာဘုန်းတော်ကြီးကျောင်းများသို့ ရောက်ရှိပြီး ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြား၍ တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေနှင့် ကာဘော်လစ်ဆပ်ပြာတုံးများ ထောက်ပံ့ပြီး သက်ကြီးရွယ်အို ဘိုးဘွားများအား ငွေကြေးထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် လူမှုအဖွဲ့အစည်းများက ၎င်းတို့၏အဖွဲ့အစည်း လုပ်ငန်းအခြေအနေနှင့် ပါဝင်ဆောင်ရွက်နိုင်မည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေရှင်းဆွေးနွေးခဲ့ကြသည်။

မွန်ပြည်နယ်အတွင်း ဇွန် ၁၆ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပွားခဲ့ရာ နေရာအချို့တွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပြီး ဇွန် ၁၇ ရက်အထိ စာရင်းကောက်ယူရရှိမှုများမှာ မော်လမြိုင်မြို့တွင် အိမ်ခြေ ၆၅ လုံး၊ အုတ်တံတိုင်းပြိုကျမှု ၁၇ နေရာ၊ တံတားတစ်စင်း၊ ချောင်းဆုံမြို့တွင် အိမ်ခြေနှစ်လုံး၊ အုတ်တံတိုင်းပြိုကျမှုသုံးနေရာ၊ ကျိုက်မရောမြို့တွင် တံတားတစ်စင်း၊ မုဒုံမြို့တွင် အိမ်ခြေ ၂၀ ၊ ရေးမြို့တွင် တံတားတစ်စင်းတို့ဖြစ်ကြပြီး ဘာသာရေးအဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဓာတ်မီးတိုင်နှင့် ဖုန်းတိုင်များ၊ လယ်ယာမြေ ဧက ၃၁၈၀ နှင့် သီးနှံစိုက်ခင်းအချို့ ပျက်စီးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# လေးမျက်နှာမြို့နယ်၌ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်

**လေးမျက်နှာ ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်းကျေးရွာ အုပ်စု နင်းကြမ်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးခိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးထက်တို့က ကျောင်းအဆင့်တိုးမြှင့်ခြင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်တိုင်ကို အမွှေးနံ့သာပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဒုတိယပညာရေးမှူးနှင့် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးဥက္ကဋ္ဌတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

အဆိုပါ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်လိုက်ခြင်းဖြင့် လေးမျက်နှာမြို့နယ် ဝဲနမြစ်အနောက်ခြမ်းရှိ ခတ္တာ၊ အလယ်ရွာ၊ ဒေါင့်ကွေး၊ ကြီးပေါက်ကုန်း၊ နင်းကြမ်း၊ မြင်းကုန်း၊ ဆီဆုံကုန်း၊ ဇောခိကုန်း စသည့်ကျေးရွာများမှ အထက်တန်းကျောင်းသား ကျောင်းသူများသည် ဝဲနမြစ် အရှေ့ဘက်ခြမ်းရှိ လေးမျက်နှာမြို့ပေါ်ရှိ အထက်တန်း ကျောင်းသို့ သွားရောက်စရာမလိုတော့ဘဲ ယခုအဆင့်တိုးမြှင့်ဖွင့်လှစ်လိုက်သည့် နင်းကြမ်း အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**





**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့် အဖွဲ့ မြေပုံမြို့ တောင်ပေါ်ရပ်ကွက်ရှိ IDP Camp တွင် နေထိုင်ကြသူများနှင့် တွေ့ဆုံစဉ်။**

❇ *ကျောဖုံးမှ*

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရဟတ်ယာဉ်ဖြင့် တောင်ပြိုလက်ဝဲမြို့သို့ ရောက်ရှိပြီး နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် တံတားသို့ သွားရောက်ကြည့်ရှုကာ ပြန်လည်လက်ခံရေးစခန်းတွင် ဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းသို့ သွားရောက်ကာ နယ်နိမိတ်မျဉ်းအနီး နေထိုင်ကြသူများအား တွေ့ဆုံ၍ သိရှိလိုသည်များအား မေးမြန်းကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ကြိမ်ချောင်းကျေးရွာ ရှင်းလင်းဆောင်တွင် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များတွင် အိမ်ရာဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များအတွက် အိမ်ရာများ ဆောက်လုပ်ပေးမည့် အစီအစဉ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြသည်။ ယင်းနောက် လှုဖိုးခေါင်ယာယီစခန်းကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။



**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့် အဖွဲ့ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဖြစ်စဉ်များအတွင်း အသက်ဆုံးရှုံးခဲ့ရသည့် အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ၊ မြို့တိုင်းရင်းသား မိသားစုဝင်များနှင့် တွေ့ဆုံစဉ်။**

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms.Christine Schraner Burgener နှင့်အဖွဲ့ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်တံတား၌ ကြည့်ရှုစဉ်။**



### အားပေးစကားပြော

ထို့နောက် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဖြစ်စဉ်များအတွင်း အသက်ဆုံးရှုံးခဲ့ရသည့် အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ၊ မြို့တိုင်းရင်းသား မိသားစုဝင်များနှင့် တွေ့ဆုံပြီး သိလိုသည်များကို မေးမြန်းကာ အားပေးစကား ပြောကြားသည်။

### အဆောက်အအုံများကြည့်ရှု

ယင်းနောက် ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိကာ အကြမ်းဖက်ဖြစ်စဉ်များအတွင်း နေရပ်စွန့်ခွာမပြေးခဲ့ဘဲ ကျန်ရှိနေခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောက်လုပ်ပေးထားသည့် အဆောက်အအုံများတွင် နေထိုင်လျက်ရှိသည့် မိသားစုဝင်များအား တွေ့ဆုံကာ အဆောက်အအုံများအတွင်း ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

### ပြန်လည်ထွက်ခွာ

ညနေပိုင်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် စစ်တွေလေဆိပ်သို့ ပြန်လည်ရောက်ရှိပြီး စစ်တွေလေဆိပ်မှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

**အောင်သူရ၊ နေဝင်းထွန်း၊**
**ဓာတ်ပုံ- ခင်မောင်ဝင်း**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် မိုးညှင်းမြို့ အကျဉ်းဦးစီးဌာနသို့ ကြည့်ရှုစစ်ဆေး

**မိုးညှင်း ဇွန် ၁၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များသည် မိုးညှင်းမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာနမှ အကျဉ်းထောင်၊ မြို့မရဲစခန်းနှင့် အချုပ်ခန်းများသို့ ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### လက်ခံတွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းသား၊ အကျဉ်းသူများအား အိပ်ဆောင်များအတွင်း အုပ်စုများခွဲကာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု ရှိ၊ မရှိစစ်ဆေးမေးမြန်းခဲ့သည်။ ထို့နောက် အကျဉ်းသား၊ အကျဉ်းသူ အိပ်ဆောင်များ၊ စားဖိုကြီး၊ စာကြည့်တိုက်များနှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများအနေဖြင့် သီးခြားတွေ့ဆုံတင်ပြလိုသူများအား လက်ခံတွေ့ဆုံဆွေးနွေးပြီး အခက်အခဲများကို မေးမြန်းခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မိုးညှင်းမြို့နယ် တရားရုံးအချုပ်ခန်းနှင့် မြို့နယ်ဆေးရုံကြီး၌ တက်ရောက်ကုသနေသော အကျဉ်းသားလူနာ နှစ်ဦးကို သွားရောက်ကြည့်ရှုကာ အကျဉ်းဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းအခက်အခဲများ ရှိ၊ မရှိ မေးမြန်းသည်။ အကျဉ်းဦးစီးဌာန ဝန်ထမ်းများအနေဖြင့် အကျဉ်းသားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ မပြုမိစေရန်နှင့် လိုအပ်သည်များ မှာကြားခဲ့သည်။



**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ မိုးညှင်းမြို့ အကျဉ်းထောင်သို့ ကြည့်ရှုစစ်ဆေးစဉ်။** ဓာတ်ပုံ- မိုးမခ

**မင်းခေတ်**

## စလင်း၌ ယာယီဘေလီသံပေါင်တံတား ထိုးထားပြီးဖြစ်

**စလင်း ဇွန် ၁၈**

မိုးသည်းထန်စွာရွာမှုကြောင့် စလင်းမြို့နယ် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ် (၃၁၁/၁) နှင့် (၃၃၁/၂) အကြား ကံပြားကျေးရွာနှင့် တောင်စဉ်ကျေးရွာအကြား တံတားအမှတ် (၃/၃၁၂) အုတ်စီကမ်းကပ်ခုံ ရေပြွန်တံတားသည် ဇွန် ၁၂ ရက် ညနေ ၃ နာရီခွဲက ပေ ၂၀ ခန့် ကျိုးပြတ်သွားခြင်းကြောင့် ယင်းလမ်းအပိုင်းကို ခေတ္တပိတ်ထားခဲ့ရသည်။

ယခုအခါ ယင်းတံတားနေရာအစား ပေ ၉၀×၄၀ ယာယီဘေလီသံပေါင် တံတားကို ဇွန် ၁၇ ရက်က အစားထိုးစတင်တည်ဆောက်ခဲ့ရာ ဇွန် ၁၈ ရက်တွင် အပြီးတည်ဆောက်ပြီးဖြစ်ရာ ယင်းလမ်းပိုင်းကို ဇွန်လ ၁၈ ရက် ညပိုင်းတွင် စတင်အသုံးပြုသွားလာနိုင်မည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၁၈**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံအတွင်း စိမ့်ဝင်ပျံ့နှံ့နေသော စိတ်ကြွရူးသွပ်ဆေးပြားများအကြောင်း

ဦးဇော်ဇော် (တရားလွှတ်တော်ရှေ့နေ)

**မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ ပြည်တွင်း၊ ပြည်ပ ဆက်စပ်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါသည်။ နိုင်ငံတော်သမ္မတ၏ ဦးစားပေးလုပ်ငန်းစဉ်များတွင်လည်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပါဝင်လျက်ရှိနေပေသည်။ အမျိုးသားရေးတာဝန်ဟု ဆိုခြင်းသည် နိုင်ငံသူ နိုင်ငံသားအားလုံး၏ တာဝန်အဖြစ် မှတ်ယူရမည် ဖြစ်ပါသည်။**

မူးယစ်ဆေးဝါး (သို့) စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို အဓိကအားဖြင့် (က) ဘိန်းဖြူ (Heroin)၊ (ခ) မော်ဖင်း၊ (ဂ) က၊ ခတို့ပါ မူးယစ်ဆေးဝါး၊ (ဃ) ဘိန်းစိမ်း (သို့) ပြုပြင်ထားသောဘိန်း(သို့) ယင်းနှစ်ခုပေါင်း၊ (င) ဆေးခြောက် (သို့) ဆေးခြောက်အဆီ (သို့) ယင်းနှစ်ခုပေါင်း၊ (စ) ကိုကာရွက်၊ (ဆ) ကိုကင်း၊ (ဇ) ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးဝါး (သို့) စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဟု အခါအားလျော်စွာ အမိန့်ကြော်ငြာထုတ်ပြန်၍ သတ်မှတ်ထားသောဆေးဝါးများ ဖြစ်သည်ဟု သတ်မှတ်ထားပါသည်။ (က) မှ (ဇ) အထိပါ ပစ္စည်းများကို တစ်မျိုးနှင့်တစ်မျိုး ရောစပ်၍ ပြင်ဆင်ထုတ်လုပ်ထားသော စိတ်ကြွရူးသွပ်ဆေးပြားများလည်း ပါဝင်မည်ဖြစ်ပါသည်။

**နေ့စဉ်လိုလိုဖတ်ရှုနေရ**

နိုင်ငံပိုင်သတင်းစာများတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုသတင်းများ နေ့စဉ်လိုလို ဖတ်ရှုနေရပါသည်။ ဖမ်းဆီးရမိသူများတွင် နိုင်ငံသားများသာမက နိုင်ငံခြားသားများလည်း ပါဝင်ကြသည်ကို တွေ့ရပြီး တချို့သောဖမ်းဆီးရမိမှုများတွင် မူးယစ်ဆေးဝါးအပြင် ငွေကြေးများ၊ လက်နက်ပစ္စည်းများ ပါဝင်သည်ကို တွေ့ရသည်။ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများတွင် အများစုမှာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖြစ်သည်ကို တွေ့ရပါသည်။

ပန်းရောင်၊ နီညိုရောင်၊ လိမ္မော်ရောင်၊ အစိမ်းရောင် စသည်ဖြင့် အရောင်အမျိုးမျိုးတွေ့ရပြီး တချို့ဆေးပြားများတွင် WY စာတန်းရေးထိုးထားမှုများလည်း တွေ့ရသည်။ ကုလားပဲခြမ်းစေ့သာသာအရွယ်အစားဖြစ်ပြီး အလေးချိန်အားဖြင့် ဆေးတစ်ပြားလျှင် ၀ ဒသမ ၁ ဂရမ် ရှိတတ်ပြီး အပြား ၃၀ခန့်၏ အလေးချိန်မှာ သုံးဂရမ်ခန့် ရှိတတ်ကြသည်။ ထုတ်လုပ်မှုကွဲပြားခြင်းကြောင့် အရွယ်အစားနှင့် အလေးချိန်တစ်ပြားနှင့်တစ်ပြား အနည်းငယ်ကွာတတ်ပေသည်။ ကာလပေါက်ဈေးမှာလည်း ဆေးတစ်ပြားလျှင် ကျပ် ၅၀၀၀မှ ကျပ် ၅၀၀၀ အောက် သတ်မှတ်ရောင်းဝယ်နေကြသည် ကို သိရပါသည်။ အရောင်၊ အရွယ်အစား၊ ဈေးနှုန်းနှင့် အသင့်သုံးအနေအထားအရ ပြည်သူလူထုထံ အလွယ်တကူ စိမ့်ဝင်ရောက်ရှိလာနိုင်ခြင်း ဖြစ်ပေသည်။

အဆင်သင့်အသုံးပြုနိုင်သော စိတ်ကြွရူးသွပ်ဆေးပြားများကို ထုတ်လုပ်နိုင်ရန် ပေါင်းစပ်ပါဝင်သည့်ပစ္စည်းများ ထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ထုတ်လုပ်သည့်နေရာများသည် မြို့ပြဒေသများတွင် တွေ့ရခဲ့ပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသတစ်လျှောက်မှသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ထွက်ရာ အိမ်နီးချင်းနိုင်ငံများရှိ နယ်စပ်ဝင်ပေါက်များမှသော်လည်းကောင်း၊ ပြည်ပမှသော်လည်းကောင်း၊ ထုတ်လုပ်တင်ပို့ခြင်းများကြောင့် နိုင်ငံအတွင်း စိမ့်ဝင်ပျံ့နှံ့ လျက်ရှိနေခြင်းဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသတစ်လျှောက်ရှိ ယခင် ဘိန်းစိုက်ပျိုးသောနေရာများတွင် ဘိန်းခင်းအစား နှစ်ချင်းသီးနှံအပါအဝင် သီးနှံများစိုက်ပျိုးရန်လိုအပ်သည့် မြေယာ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံးပစ္စည်းကိရိယာများနှင့် စိုက်ပျိုးထုတ်လုပ်ရရှိသည့် ထုတ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ရောင်းချရေးတို့အတွက် နိုင်ငံတော်မှလိုအပ်သည့် အကူအညီများပေးထားသည်က တစ်ကြောင်း၊ ဘိန်းစိုက်ပျိုးရာနေရာများတွင် မွေးမြူရေးလုပ်ငန်းအဖွဲ့များဖွဲ့၍ မွေးမြူရေးအတွက် မျိုးများ၊ ဆေးဝါးများ၊ မွေးမြူရေးဆိုင်ရာ ကိရိယာများနှင့် အခြားလိုအပ်သော အကူအညီများပေးခြင်းတို့ဖြင့် မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်စေခြင်းတစ်ကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာ၌အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ ဓာတုဗေဒပစ္စည်းများကို မူးယစ်ဆေးဝါးဥပဒေအရ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို ပြည်တွင်း၌ မရှိစေရန် စစ်ဆေးကြပ်မတ်နေသည်က တစ်ကြောင်းကြောင့် ဖြစ်ပေသည်။

**လူသားချင်းစာနာထောက်ထားသင့်**

မြန်မာနိုင်ငံအတွင်း ရောက်ရှိနေပြီးဖြစ်သော စိတ်ကြွရူးသွပ်ဆေးပြားများကို လက်ကားဖြန့်ဖြူးသူ ဝိသမလောဘသားများ အနေဖြင့် မိမိတို့ လက်ဝယ်တွင်ရှိနေသော ဆေးပြားများအား သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တရားဝင် မအပ်နိုင်လျှင်၊ မအပ်ရဲလျှင်ပင် ကိုယ်ပိုင်အသိစိတ်ဖြင့် ထိုဆေးပြားများအား ဖျက်ဆီးပစ်ခြင်း၊ ဖျောက်ဖျက်ပစ်ခြင်းတို့ဖြင့် ဆေးသုံးစွဲမည့်သူများ၏ အသက်ခန္ဓာနှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်ရာ ရောက်ပေမည်။ ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဆိုသည့် စိတ်မထားဘဲ လူသားချင်းစာနာထောက်ထားမှု(ကိုယ်ချင်းစာစိတ်) ထားရှိသင့်ပေသည်။ မိမိတို့လက်ဝယ်ရှိ ဆေးပြားများကို စားဝတ်နေရေး ကျပ်တည်းသူများ၊ အလုပ်လက်မဲ့များ၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းဖြင့် ဝင်ငွေရှာသူများကို အကျိုးအမြတ်အနည်းငယ်ပေး၍ တစ်ဆင့်ပြန်လည်ရောင်းချစေခြင်းဖြင့် အသုံးချလျက်ရှိနေခြင်းကြောင့် အသုံးချခံရသူများ ဖမ်းဆီးခံရခြင်း၊ ထောင်ဒဏ်ချမှတ်ခံရခြင်းတို့ဖြင့် ကိုယ်တိုင်နှင့် မိသားစုဘဝများပျက်ကြရသည်ကိုလည်း တွေ့ရပါသည်။ အသုံးချခံရသူများသည်လည်း ငွေရလွယ်သည်ကို ဖြတ်လမ်းလိုက်၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းသည်လည်း သုံးစွဲသူများ၏ လူမှုဘဝကို ဖျက်ဆီးရာ ရောက်မည်ဖြစ်ပါသည်။ ထုတ်လုပ်မည့်သူမရှိလျှင် ဖြန့်ဖြူးရောင်းချမည့်သူ မရှိ၊ ဖြန့်ဖြူးရောင်းချမည့်သူ မရှိလျှင် သုံးစွဲမည့်သူ မရှိနိုင်။

**တစ်ဆင့်ခံရောင်းချသူများ**

စာရေးသူ ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်သည့် တရားရုံးများရှိ မူးယစ်ဆေးဝါးမှုများတွင် ကျူးလွန်သူအဖြစ် ပါဝင်ကြသူ အများစုမှာ လူငယ်များဖြစ်ပြီး လူလတ်ပိုင်းတချို့လည်း ပါဝင်ကြသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှုအတွက် စိတ်ကြွရူးသွပ်ဆေးပြားဖြစ်ပါက သုံးဂရမ်အထိ သတ်မှတ်ထားခြင်းသည် ဆေးပြားအမြောက်အမြားကို လက်ဝယ်ထားရှိလျက် (ပင်ရင်း) ရောင်းချသူနှင့် ပြစ်ဒဏ်သတ်မှတ်ချက် အတူတူပင် ဖြစ်ပေရာ ပင်ရင်းရောင်းချသူက ဆက်လက် ရောင်းချမြဲကြောင့် မိမိကဲ့သို့ တစ်ဆင့်ခံရောင်းချသူများ နောက်ထပ်များစွာ များစွာ အဖမ်းခံရပြီး ပြစ်ဒဏ်ကျခံကြရဦးမည် ဖြစ်ပါသည်။ ထို့ကြောင့် မိမိအား တစ်ဆင့်ခံရောင်းချခိုင်းသော ပင်ရင်းအား စုံစမ်းဖော်ထုတ်၍ ဖမ်းဆီးစေခြင်းဖြင့် တစ်ဆင့်ခံရောင်းချသူများ လျော့နည်းပပျောက်စေမည်ဖြစ်ပါသည်။ ထို့အတူ ဝယ်ယူသုံးစွဲသူများအနေဖြင့်လည်း တစ်ဆင့်ခံရောင်းချသူများအား ဖော်ထုတ်ဖမ်းဆီးစေခြင်းဖြင့် သုံးစွဲသူများ လျော့နည်းပပျောက်စေမည် ဖြစ်ပါသည်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဖြစ်ပါသည်။

စတင်၍ တစ်ကြိမ်တစ်ခါ သုံးစွဲမိသူများအား တစ်ဆင့်ရောင်းချသူများက သော်လည်းကောင်း၊ စတင်၍ တစ်ဆင့်ခံရောင်းချဖူးသူများအား ပင်ရင်းရောင်းချသူများကသော်လည်းကောင်း၊ စတင်၍ ပင်ရင်းရောင်းချမိသူများအား ထုတ်လုပ်ဖြန့်ဖြူးသူများက သော်လည်းကောင်း၊ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ဆိုသလိုဖြင့် နောက်ထပ် ထပ်မံပြုလုပ်ရန် ခြိမ်းခြောက်အကျပ်ကိုင်၊ သွေးဆောင်ဖြားယောင်းခြင်းများ (သူခိုးအဖော်ညှိ) ပြုလုပ်လာပါက မိမိတို့ပတ်ဝန်းကျင်ရှိ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအဖွဲ့များ အုပ်ချုပ်သူများထံ ချက်ချင်းဆိုသလို သတင်းပေးအကူအညီတောင်းခံကြရန်လည်း အသိပေးအပ်ပါသည်။ သုံးစွဲသူများကိုပင် ထောင်ဒဏ် ချမှတ်ခြင်း မပြုတော့ဘဲ သက်ဆိုင်ရာမှလိုအပ်သည့် ဆေးဝါးကုသမှုများ ကူညီဆောင်ရွက်ပေးနေပါသည်။ စိတ်ကြွရူးသွပ်ဆေးသုံးစွဲသူများ၏ ဆေးနမူနာများတွင် အများအားဖြင့် အင်မ်ဖီတမင်း (Amphetamine)၊ မက်အင်မ်ဖီတမင်း (Methamphetamine)တို့ကို တွေ့ရကြောင်း စာရေးသူ၏ အတွေ့အကြုံအရ သိရပါသည်။ သို့သော် စိတ်ကြွရူးသွပ် ဆေးပြားတစ်ပြားတွင် ပါဝင်သော ဓာတုပစ္စည်းနှင့် ဒြပ်ပေါင်းအနည်းအများပေါ်မူတည်၍ တခြားသော စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါး (ဒြပ်)များလည်း တွေ့ရှိနိုင်ပေသည်။

**ဥပဒေပြဋ္ဌာန်းထား**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ရောင်းချရန် အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း၊ သဘောတူခြင်း(သို့) ရောင်းဝယ်ရန် ဆက်သွယ်ခြင်းအပြင် အထက်ပါကဲ့သို့ ပြုလုပ်မှုမှရရှိလာသော ငွေကြေးပစ္စည်း၊ အကျိုးအမြတ်များနှင့်စပ်လျဉ်း၍ အရေးယူခြင်း မပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်းနှင့် ပြစ်မှုနှင့် သက်ဆိုင်သည့် ငွေကြေးပစ္စည်း အကျိုးအမြတ်များကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် လွှဲပြောင်းပေးခြင်း၊ အသွင်ပြောင်းလဲခြင်းတို့ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ချမှတ်ရမည်ဟု ပုဒ်မ ၁၉ (က)တွင် လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ မူးယစ်ဆေးဝါးကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ယင်းသို့ တင်သွင်းခြင်း၊ တင်ပို့ခြင်းပြုလုပ်ရန် ဆက်သွယ်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၁၅ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ချမှတ်ရမည်ဟု ပုဒ်မ- ၂၀ တွင်လည်းကောင်း၊ ပုဒ်မ ၁၆ မှ ၂၀ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် အောက်ပါအကြောင်းခြင်းရာ တစ်ရပ်ရပ်ဖြင့် ကျူးလွန်ခြင်းဖြစ်လျှင် ပြစ်မှုကျူးလွန်သူသည် ထိုကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံး ပြစ်ဒဏ်ကို ချမှတ်ခြင်း ခံရမည်။

(က)မူးယစ်ဆေးဝါး(သို့) စိတ်ကိုပြောင်းလဲစေသော ဆေးဝါးမှုခင်းများ ကျူးလွန်သည့် ပြည်တွင်း ပြည်ပဂိုဏ်း အုပ်စု၏ အဖွဲ့ဝင်ဖြစ်ခြင်း(သို့) ထိုဂိုဏ်း အုပ်စုများနှင့်ဆက်သွယ်ပြီး ပါဝင်ကျူးလွန်ခြင်း၊ (ခ) လက်နက် (သို့) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးပြု၍ ကျူးလွန်ခြင်း၊ (ဂ) ကျူးလွန်သည့် ပြစ်မှုတွင် အသက် ၁၆ နှစ် မပြည့်သေးသော ကလေးသူငယ်ကို အသုံးချခြင်း၊ ပြည်သူ့ဝန်ထမ်း၏ ရာထူးအရှိန် အဝါ (သို့) လုပ်ပိုင်ခွင့် ကို အသုံးချ၍ ပြစ်မှုကျူးလွန်ခြင်း (သို့) ပြစ်မှုကျူးလွန်စေခြင်း (သို့) ပြစ်မှုကျူးလွန်စေခြင်းအတွက် ပုဒ်မ ၂၂ တွင် လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် စိတ်ကြွရူးသွပ်ဆေးပြားများ၏ အန္တရာယ်ကို သတိပြုဆင်ခြင်၍ မူးယစ်ကင်းစင်သောနိုင်ငံအဖြစ် နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ပေးကြပါရန် ရေးသားအပ်ပါသည်။ ။

**"စတင်၍ တစ်ကြိမ်တစ်ခါ သုံးစွဲမိသူများအား တစ်ဆင့်ရောင်းချသူများကသော်လည်းကောင်း၊ စတင်၍ တစ်ဆင့်ခံရောင်းချဖူးသူများအား ပင်ရင်းရောင်းချသူများကသော်လည်းကောင်း၊ စတင်၍ ပင်ရင်းရောင်းချမိသူများအား ထုတ်လုပ်ဖြန့်ဖြူးသူများကသော်လည်းကောင်း၊ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ဆိုသလို နောက်ထပ်ထပ်မံပြုလုပ်ရန် ခြိမ်းခြောက် အကျပ်ကိုင်၊ သွေးဆောင်ဖြားယောင်းခြင်းများ (သူခိုးအဖော်ညှိ) ပြုလုပ်လာပါက မိမိတို့ ပတ်ဝန်းကျင်ရှိ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအဖွဲ့များ အုပ်ချုပ်သူများထံ ချက်ချင်းဆိုသလို သတင်းပေးအကူအညီတောင်းခံကြရန်လည်း အသိပေးအပ်ပါသည်"**

**"သုံးစွဲသူများကိုပင် ထောင်ဒဏ် ချမှတ်ခြင်းမပြုတော့ဘဲ သက်ဆိုင်ရာမှ လိုအပ်သည့် ဆေးဝါးကုသမှုများ ကူညီဆောင်ရွက်ပေးနေပါသည်။ စိတ်ကြွရူးသွပ်ဆေးသုံးစွဲသူများ၏ ဆေးနမူနာများတွင် အများအားဖြင့် အင်မ်ဖီတမင်း (Amphetamine)၊ မက် အင်မ်ဖီတမင်း (Methamphetamine) တို့ကို တွေ့ရကြောင်း စာရေးသူ၏ အတွေ့အကြုံအရ သိရ"**

## နောင်ချို၌ ဒေသခံပြည်သူများအား အခမဲ့ ဆေးဝါးကုသပေး

နောင်ချို ဇွန် ၁၈

နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးဒေါက်တာမင်းသိန်း ဦးစီးသောကျန်းမာရေးဝန်ထမ်းဆရာမတို့က မြို့နယ်အတွင်းရှိ ဒေသခံပြည်သူတို့ကို အပတ်စဉ်ကြာသပတေးနေ့တိုင်း ကျန်းမာရေးစောင့်ရှောက်မှု၊ ရောဂါဝေဒနာရှင်များ အခမဲ့စမ်းသပ်ကုသပေးလျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သောပစ္စည်း၊ ဆေးဝါးအသုံးအဆောင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

❒ ရှေ့ဖုံးမှ

ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ် မန်စပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ ၁၄၀×၂၀ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ ပေ ၆၀×၃၀ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ ပေ ၄၀×၂၀ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း သုံးဆောင်ရှိပါကြောင်း၊ ကျောင်းသားဦးရေမှာ မူလတန်းအဆင့်တွင် ၂၁၃ ဦး၊ အလယ်တန်းအဆင့်တွင် ၁၁၆ ဦး ရှိသောကြောင့် ရှိထားသည့် စာသင်ဆောင်များနှင့် လုံလောက်မှု ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကျောင်းအုပ် တစ်ဦး၊ အလယ်တန်းပြ ခြောက်ဦး၊ မူလတန်းပြ လေးဦး၊ ရုံးဝန်ထမ်း သုံးဦးတို့ ရှိပါကြောင်း၊ ရပ်ဝေးမှ လာရောက်သင်ကြားသူ ၁၁ ဦးရှိပါကြောင်း၊ ခုနစ်ဦးသည် ဧရိယာပိုလျှံနေသည့် ကျောင်းဆောင်တွင်နေထိုင်ပြီး လေးဦးသည် ကျေးရွာ၏ နေအိမ်တွင် နေထိုင်သည်ကို တွေ့ရပါကြောင်း။

## ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် တည်ဆောက်ရေး လုပ်ငန်းအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်

အိမ်ရာနှင့် သန့်စင်ခန်းများ မကောင်းသည်ကို တွေ့ရှိရသည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းပေးသင့်သည်မှာ မှန်သော်လည်း ခြောက်လဘတ်ဂျက်တွင် လုပ်ငန်းခြောက်ခုသာ ပါပါကြောင်း၊ တစ်နှစ်ဘတ်ဂျက်တွင် ယင်းလုပ်ငန်းခြောက်ခုကိုသာ ပြီးစီးအောင် လျာထားဆောင်ရွက်ရာတွင်လည်း ဘတ်ဂျက်ကို ကျော်လွန်သည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် ပါဝင်မည် မဟုတ်ပါကြောင်း၊ ဝန်ထမ်းများအတွက် အခက်အခဲဖြစ်နေသောကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင် ထိန်းသိမ်းစရိတ်ဖြင့် ပြင်ဆင်နိုင်မည်ကို ပြန်လည်စိစစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် တည်ဆောက်ရေး လုပ်ငန်းအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူတက္ကသိုလ်တွင် ဥပဒေပညာဌာန နေ့သင်တန်းဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်တစ်ခုတွင် ဘာသာရပ်ဆိုင်ရာ သင်တန်းတစ်ခု ဖွင့်လှစ်နိုင်ရန်အတွက် စာသင်ခန်း၊ ဆရာ၊ ဆရာမ၊ သင်ထောက်ကူပစ္စည်းအခြေအနေ၊ သင်ကြားမည့် Curriculum နှင့် Syllabus များ၊ ပညာရေးအဖွဲ့အစည်းအဝေး၏ သဘောထားမှတ်ချက်၊ ရန်ကုန်နှင့် မန္တလေး တက္ကသိုလ်တို့တွင် ဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့အစည်းအဝေးနှင့် အမျိုးသားမူဝါဒကော်မရှင်၏ သဘောထားမှတ်ချက် စသည့် အချက်များပြည့်စုံမှသာ ဆောင်ရွက်ပေးပါကြောင်း။

## ပခုက္ကူတက္ကသိုလ်တွင် ဥပဒေပညာဘာသာရပ်သင်တန်း လောလောဆယ်အခြေအနေတွင် ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေး

ပခုက္ကူတက္ကသိုလ်တွင် ဥပဒေဘာသာရပ် နေ့သင်တန်းဖွင့်လှစ်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဆရာ၊ ဆရာမ အင်အားလိုအပ်ချက်အရ အရည်အသွေးပြည့်သော ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ပေးနိုင်ရန် ခက်ခဲနိုင်သည့်အတွက် မဖွင့်လှစ်နိုင်သေးသည်ကို ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်ကျောင်းများတွင် ဦးစီးကျင်းပသည့် တစ်နိုင်ငံလုံးမှ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများပါဝင်သည့် ဥပဒေဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့အစည်းအဝေးမှ ချမှတ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ် ဒီဂရီကောလိပ်တိုင်းတွင် ဥပဒေပညာဌာနဖွင့်လှစ်နိုင်ရေးအတွက် ဆရာ၊ ဆရာမ အင်အား နည်းပါးသောကြောင့် ပခုက္ကူတက္ကသိုလ်တွင် ဥပဒေပညာဘာသာရပ် သင်တန်းဖွင့်လှစ်ပေးရန် ဆရာ၊ ဆရာမ အင်အားလိုအပ်ချက် ပြည့်မီသည့်အချိန်ရောက်မှသာ ဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့အစည်းအဝေး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ သဘောထားမှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ်အခြေအနေတွင် ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၏ **အလုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းအချို့တွင် ကျောင်းသားဦးရေ မပြည့်မီသော ကျောင်းများစုပေါင်းပြီး တစ်စုတစ်စည်းတည်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အလုံမြို့နယ်အတွင်းတွင် အခြေခံပညာအထက်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ခြောက်ကျောင်းရှိပါကြောင်း၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၂၃ ဦး၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၅ ဦး၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၆၅ ဦး၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၇၇၆ ဦး၊ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၂ ဦး၊ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၄၂ ဦး၊ အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၈၃ ဦးတို့ရှိပါကြောင်း။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လိုအပ်သည့် ကျောင်းများ၏ နေရာ၌ ကျောင်းများကို ပြန်လည်အသုံးပြုရန်အတွက် စီစဉ်ဆောင်ရွက်ထား

ကျောင်းသား၊ ကျောင်းသူဦးရေနည်းသည့် အထက်တန်းကျောင်းများ ရုပ်သိမ်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လိုအပ်သည့် ကျောင်းများ၏ နေရာ၌ ယင်းကျောင်းများကို ပြန်လည်အသုံးပြုရန်အတွက် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ကျောင်းများကို ရုပ်သိမ်းပြီး တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများကို အနီးဆုံး အခြေခံပညာကျောင်းများတွင် တက်ရောက်စေရန်အတွက် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများနှင့် သင်ကြားရေး မဟုတ်သည့် ဝန်ထမ်းများကိုလည်း ဖွဲ့စည်းပုံအရ အလုံမြို့နယ်နှင့် ယင်းမြို့နယ်အနီးရှိ လစ်လပ်သည့် နေရာများတွင် ဦးစားပေးအဖြစ် တာဝန်ချထားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု (ခ) ဦးတင်နုအောင်နှင့် မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဗိုလ်မှူးချုပ် ကျော်ဆန်းလင်းက ဖတ်ကြားရှင်းလင်းသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

## သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှု ပြစ်ဒဏ်အပိုင်းကို သေဒဏ် ချမှတ်သည်အထိ တိတိကျကျ ရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဆွေးနွေး

ယင်းနောက် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ တင်သွင်းသည့် **တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှု ပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျ ရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး (ခ) ဒေါ်မေစိုးက မိမိတို့မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့သည် ကုလသမဂ္ဂအဖွဲ့နှင့် ပူးပေါင်း၍ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကမ္ဘာတစ်ဝန်းလုံးက ပိုမိုမြင့်တင် လေးစားလိုက်နာကျင့်သုံးစေရန်အတွက် ဆောင်ရွက်မည်ဟု ကတိပြုပြီးဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် သေဒဏ်ဖျက်သိမ်းရေးဆိုင်ရာတွင် တိကျသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး သေဒဏ်ပေးခြင်းငှာထိုက်သော ရာဇဝတ်မှုသည် မရှိဟူ၍ ချွင်းချက်မရှိ လက်ခံကျင့်သုံးလျက်ရှိပါကြောင်း၊ သေဒဏ်ပေးခြင်းနည်းလမ်းကို သုံးခြင်းဖြင့် ရာဇဝတ်မှုကျူးလွန်သူများ လျော့နည်းရပ်တန့်သွားသည်ဆိုသည့် သက်သေတွေ့ရှိချက်လည်း မရှိခဲ့ပါကြောင်း၊ ကြီးမားသော အားနည်းချက်သည် ပြစ်မှုကျူးလွန်သည့်သူကို ပြုပြင်ရန်အခွင့်အရေး လုံးဝမရတော့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ တစ်သက်တစ်ကျွန်း လွတ်ငြိမ်းချမ်းသာခွင့်မပေးသောနိုင်ငံနှင့် သေဒဏ်ပေးသောနိုင်ငံများ နှိုင်းယှဉ်ပါက အမှန်တကယ် သုတေသနတွေ့ရှိချက်များအရ သေဒဏ်ကျင့်သုံးသော နိုင်ငံများတွင် ရာဇဝတ်မှုပိုများသည်ကို တွေ့ရှိရပါကြောင်း။

သေဒဏ်ပေးခြင်းနည်းလမ်းကို အသုံးပြုပြီး ရာဇဝတ်ကျူးလွန်မှုများကို မရပ်တန့်နိုင်ပါကြောင်း၊ သေဒဏ်သည် ရာဇဝတ်မှုလျော့ကျစေရေး၏ အဓိကအဖြေမဟုတ်ပါကြောင်း၊ သေဒဏ်ပေးခြင်းဖြင့် ရာဇဝတ်ကျူးလွန်မှုများ လျော့နည်းရပ်တန့်သွားမည်ဆိုသည်မှာ မည်သည့်နိုင်ငံမှ မရှိပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို တည်ဆောက်ဆဲကာလ သက်တမ်းနုနိုင်ငံများတွင် ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအဆောက်အအုံနှင့် တရားရေးစနစ် ခိုင်မာအားကောင်းစေရန် ကြိုးစားရသည့် နိုင်ငံများတွင် သေဒဏ်ချမှတ်ခြင်းဆိုသည့် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုမရှိသည့် ပြစ်ဒဏ်ကို ပြဋ္ဌာန်းရန် အဆိုပြုခြင်းသည် မိမိတို့လျှောက်လှမ်းနေသည့် ဒီမိုကရေစီစံနှုန်းနှင့် ယနေ့ကမ္ဘာတွင် သေဒဏ်ချမှတ်ကျင့်သုံးနေဆဲဖြစ်သည့် နိုင်ငံများကို ကြည့်လျှင် အစွန်းရောက်လူ့အခွင့်အရေးချိုးဖောက်ပြီး မငြိမ်းချမ်းသည့်နိုင်ငံများအများစုဖြစ်သည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။

အလားတူ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်းနှင့် ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်ညိုတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းကြသည်။

## မြန်မာနိုင်ငံသည် သေဒဏ်ကို ပြဋ္ဌာန်းထားသော်လည်း လက်တွေ့ကျင့်သုံးခြင်းမရှိသည့် နိုင်ငံဖြစ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မိမိတို့ လူမှုအဖွဲ့အစည်းသည် မည်သည့်အကြောင်းပြချက်နှင့်မျှ လက်ခံနိုင်ဖွယ်မရှိသည့် သက်ငယ်မုဒိမ်းဖြစ်ရပ်များကို လျော့နည်းပပျောက်စေရန် ဆောင်ရွက်ရာတွင် သေဒဏ်ကဲ့သို့သော အသက်ကို ထုတ်နုတ်စေရုံဖြင့် ဖြစ်ရပ်များ ပပျောက်သွားပြီဟု ခိုင်ခိုင်မာမာပြောဆိုရန် ခက်ခဲမည်ဆိုသည့် အကြောင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားသည်ကိုလည်း တွေ့ရမည် ဖြစ်ပါကြောင်း၊ မိမိတို့လူ့အဖွဲ့အစည်းသည် တစ်ဦးနှင့်တစ်ဦး လူ့ကျင့်ဝတ်နှင့်အညီ အပြန်အလှန် ပြုမူဆက်ဆံနိုင်ရေးအတွက် အခြားသောနည်းလမ်းများဖြစ်သည့် လူမှုရေးအားဖြင့် ကြိုတင်ထိန်းချုပ်ခြင်းနှင့် ထိုကဲ့သို့ ဖြစ်ရပ်အခြေအနေများအား ကြိုတင်လျှော့ချခြင်းတို့ဖြင့် မျှတစွာဆောင်ရွက်ပေးနိုင်မှသာ ထိုကဲ့သို့ ဖြစ်ရပ်များ လျော့ကျသွားမည် ဖြစ်ပါကြောင်း။

သေဒဏ်ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍ ကမ္ဘာပေါ်တွင် သေဒဏ်ချမှတ်ခြင်းကို ဖျက်သိမ်းထားသည့် နိုင်ငံများ၊ သမားရိုးကျပြစ်မှုများကို သေဒဏ်ချမှတ်ထားသည့် နိုင်ငံများ၊ သေဒဏ်ကို ပြဋ္ဌာန်းထားသော်လည်း လက်တွေ့ကျင့်သုံးခြင်းမရှိသည့် နိုင်ငံများ၊ သေဒဏ်ချမှတ်ခွင့်ကို ဆက်လက်ကျင့်သုံးလျက်ရှိသည် ဆိုသည့် နိုင်ငံများဟူ၍ လေးမျိုးရှိရာတွင် မြန်မာနိုင်ငံသည် သေဒဏ်ကို ပြဋ္ဌာန်းထားသော်လည်း လက်တွေ့ကျင့်သုံးခြင်းမရှိသည့် နိုင်ငံဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ငယ်မုဒိမ်းမှုများနှင့် စပ်လျဉ်း၍ သေဒဏ်ပါရှိသော အထူးဥပဒေကို ပြဋ္ဌာန်းရန် သင့်၊ မသင့်ကို ကျယ်ပြန့်စွာ စဉ်းစားသင့်သည်ဟု သဘောရရှိကြောင်း မိမိဌာနသို့ ပေးပို့လာပါကြောင်း။

## အထူး ဥပဒေတစ်ရပ်အဖြစ် ရေးဆွဲထားသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ဆွေးနွေးနေပြီဖြစ်

သက်ငယ်မုဒိမ်းမှု အဆိုနှင့် ပတ်သက်၍ အဆိုတင်သွင်းမှု ယခုအချိန်သည် အချိန်ကိုက်ဖြစ်နေပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တိုက်တွန်းချက်သည် နိုင်ငံတော်အစိုးရ၏ လက်ရှိဆောင်ရွက်မှုများနှင့်လည်း ကိုက်ညီနေပါကြောင်း၊ အထူးဥပဒေတစ်ရပ်အဖြစ် ရေးဆွဲထားသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ဆွေးနွေးနေပြီဖြစ်၍ လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ သက်ငယ်မုဒိမ်းမှုနှင့် စပ်လျဉ်း၍ ပြစ်မှု၊ ပြစ်ဒဏ်များကို ထိထိရောက်ရောက် တိတိကျကျ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ ဘက်ပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကိုလည်း အမြန်ဆုံး အဆင့်ဆင့်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်း နှစ်ခုမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုထားသော အထူးဥပဒေများဖြစ်ပြီး အဆိုပါဥပဒေကြမ်းနှစ်ခုကို အရှိန်အဟုန်မြှင့် အတည်ပြုနိုင်ရန် ဆောင်ရွက်နေသကဲ့သို့ ကလေးသူငယ်များ၏ အခွင့်အရေးဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်တို့နှင့်အညီ အသိပညာပေးခြင်း၊ အရေးယူခြင်းအပိုင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းများကို မိမိတို့တာဝန်ရှိသူများအားလုံးက ပြည်သူများ၏ စုပေါင်းအင်အားကို ရယူပြီး ဆောင်ရွက်နေပြီဖြစ်သဖြင့် အဆိုအား မှတ်တမ်းအဖြစ်သာ ထားသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်တို့က အဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်မှ အတည်ပြုပေးရန် တင်ပြသည်။

## မှတ်တမ်းအဖြစ် ထားရှိမည်ဖြစ်ကြောင်း ကြေညာ

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၁၄၁ မဲ၊ ကန့်ကွက်မဲ ၂၂၇ မဲ၊ ကြားနေမဲ ၄ မဲဖြင့် ကန့်ကွက်မဲများသဖြင့် အဆိုအား မှတ်တမ်းအဖြစ် ထားရှိမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဇွန် ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့် (သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇွန် ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စမ်းမော်၏ မိသားစုဝင်လေးဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယန်ကျင်းကန်၊ ကွမ်းလုံမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသည့် ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ကိုးကန့်အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၁၁ ဦး၊ စုစုပေါင်း ၁၁၅ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

# မိုးမောက်၌ တောင်သူများအား မျိုးစေ့နှင့် သွင်းအားစု ထောက်ပံ့ပေး

**မိုးမောက် ဇွန် ၁၈**

မိုးမောက်မြို့နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်အတွက် မျိုးသန့်ထုတ်စိုက်စနစ်စံပြကွက်ဆောင်ရွက်သည့် တောင်သူများသို့ မျိုးစေ့နှင့် သွင်းအားစု ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မိုးမောက်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ဇွန် ၁၅ ရက်က ကျင်းပခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတောက်ထွန်းနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ဒေသတောင်သူများအား မျိုးပွား၊ မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

◆ *ရှေ့စာမျက်နှာမှ*

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပဏာမလေ့လာစိစစ်ရေးကော်မတီနှင့် ကြီးကြပ်ရေးကော်မတီ သုံးရပ်၏ စာရင်းဇယားများ စစ်ဆေးထားရှိမှုနှင့် စက်မှုဝန်ကြီးဌာန မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးအစီရင်ခံချက်တို့အရ စက္ကူစက်ရုံ (စစ်တောင်း)၏ မြေ ၆၉၈ ဒသမ ၄၂ ဧကနှင့် ယင်းမြေပေါ်ရှိ စက်ရုံအဆောက်အအုံများ၊ စက်ပစ္စည်းများကို ၂၀၁၈ ခုနှစ် မေ ၂ ရက်တွင် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တရားဝင်လွှဲပြောင်း ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။

ကရုဏာကြေး၊ နစ်နာကြေးပေးအပ်မှု ကြီးကြပ်ရေးကော်မတီအနေဖြင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်ရှိ ဝန်ထမ်း ၄၇၆ ဦးအနက် သက်ပြည့်ပင်စင် ယူသူ တစ်ဦးနှင့် ကုမ္ပဏီဝန်ထမ်းအဖြစ် ခန့်အပ်သူ နှစ်ဦး စုစုပေါင်း သုံးဦးရှိပြီး ကျန်ဝန်ထမ်း ၄၇၃ ဦးအား အလုပ်ရပ်စဲခြင်းအတွက် နစ်နာကြေးများကို ယခင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)ဖြင့် သတ်မှတ်ထားသည့် နစ်နစ်ကြေး ငါးလစာ ထုတ်ပေးခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၁၈ ခုနှစ် ဧပြီလအထိ ကုမ္ပဏီဝန်ထမ်း ၁၇၄ ဦးတို့မှ ကျိုက်ထိုမြို့နယ် စက္ကူစက်ရုံ (စစ်တောင်း) ရုံးခန်းတွင် နစ်နာကြေးများ လာရောက်ထုတ်ယူခဲ့ပြီး ဖြစ်ပါကြောင်း။

စက္ကူစက်ရုံ (စစ်တောင်း)ရှိ ကုမ္ပဏီဝန်ထမ်းများအား တည်ဆဲအလုပ်သမားဥပဒေများအရ အလုပ်ရပ်စဲနစ်နာကြေး ငါးလစာပေးပြီး ဖြစ်ပါသောကြောင့် အလုပ်အကိုင်ရရှိရေးနှင့် ပတ်သက်၍ လတ်တလော သီးခြားစီစဉ် ဆောင်ရွက်ထားမှု မရှိနိုင်သေးပါကြောင်း၊ အဆိုပါ စက်ရုံတွင် စက်မှုနယ်မြေအဖြစ် ထူထောင်ရန် စိတ်ဝင်စားသော ဟသ်ာကေရီ ကုမ္ပဏီ၊ ကိုရီးယားနိုင်ငံ Korea Industrial Complex Co., Ltd၊ ဂျပန်နိုင်ငံ YAZAKI Co.,Ltd၊ Nankai Electrical Power Co.,Ltd နှင့် သန်းထိုက်လူ ကုမ္ပဏီတို့မှ ကွင်းဆင်းလေ့လာခဲ့ကြပြီး မွန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ ဝန်ထမ်းများ၏ဘဝအာမခံချက်ရရှိရေးအတွက် ရှေ့လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်ပါကြောင်းနှင့် မကြာမီ လူမှုဘဝအဆင်ပြေနိုင်ရေးအတွက် လုပ်ငန်းများကို အမြန်ဆုံး စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးဥပဒေနှင့် ပုဂ္ဂလိကကျောင်း ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ ဦးထွန်းထွန်းဦး၏ **မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေနှင့် ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေတို့မှ ကင်းလွတ်နေသော ပြင်ပပုဂ္ဂလိက ပညာရေးကျောင်းများဖြစ်သည့် စာရင်းကိုင်သင်တန်းကျောင်း၊ ကွန်ပျူတာသင်တန်းကျောင်း၊ IT ၊ Business ၊ Leadership အစရှိသည့် သင်တန်းကျောင်းများအား စနစ်တကျ စိစစ်ကြပ်မတ်ရန်၊ သင်ကြားရေးဆိုင်ရာ စံချိန်စံညွှန်းများအား သတ်မှတ်ထိန်းသိမ်းဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများ ရရှိနိုင်စေရန် စီမံဆောင်ရွက်ထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးဥပဒေ (၂၀၁၄ ခုနှစ်)၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅ ခုနှစ်)နှင့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေများကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးဥပဒေနှင့် ပုဂ္ဂလိကကျောင်း ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် လက်ရှိတွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ပြဋ္ဌာန်းပြီးပါက ပြင်ပ ပုဂ္ဂလိက ပညာရေးကျောင်းများဖြစ်သည့် စာရင်းကိုင်သင်တန်းကျောင်း၊ ကွန်ပျူတာ သင်တန်းကျောင်း၊ IT၊ Business ၊ Leadership အစရှိသည့် သင်တန်းကျောင်းများအနေဖြင့် နည်းပညာနှင့် သက်မွေးဆိုင်ရာ သင်တန်းများအဖြစ် မှတ်ပုံတင်မည်ဆိုပါက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးဥပဒေအရလည်းကောင်း၊ ပုဂ္ဂလိကကျောင်းအဖြစ် မှတ်ပုံတင်မည်ဆိုပါကလည်း ပုဂ္ဂလိကကျောင်းဥပဒေအရ လည်းကောင်း မှတ်ပုံတင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေများအရ မှတ်ပုံတင်ခြင်းမှ ကင်းလွတ်မည့် ကျောင်းမရှိနိုင်ပါကြောင်းနှင့် လတ်တလောအခြေအနေတွင် အဆိုပါ သင်တန်းကျောင်းများအပေါ် ပညာရေးဝန်ကြီးဌာနမှ စိစစ်ကြပ်မတ် စီမံဆောင်ရွက်ပေးရခြင်းများ မရှိပါကြောင်း။

နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများ ရရှိနိုင်စေရန် စီမံဆောင်ရွက်ထားခြင်း ရှိ၊ မရှိ သိရှိလိုခြင်းနှင့် ပတ်သက်၍ ပြင်ပပုဂ္ဂလိက ပညာရေးကျောင်းများဖြစ်သည့် စာရင်းကိုင်ပညာသင်တန်းကျောင်း၊ ကွန်ပျူတာသင်တန်းကျောင်းများ၏ ပညာရေးဝန်ဆောင်မှုလုပ်ငန်းသည် ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ)အရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှု ၃၀ မျိုး၏ အမှတ်စဉ် ၅ တွင် အကျုံးဝင်ပါသဖြင့် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်ပါကြောင်း၊ ဝင်ငွေခွန်အနေဖြင့် တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပါက ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)အရ သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ်တွင် သုည ရာခိုင်နှုန်း မှ ၂၅ ရာခိုင်နှုန်းအထိ ဝင်ငွေခွန် ကျသင့်မည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီတည်ထောင်၍ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါက စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်မည်ဖြစ်ပါကြောင်း။

အဆိုပါ ကျောင်းများတည်ထောင်ခြင်းအတွက် အခွန်လွတ်ကင်းမှု မရှိစေရေး စည်ပင်သာယာရေးအဖွဲ့များနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့မှ စာရင်းများရယူ၍ အခွန်စည်းကြပ်မှု ဆောင်ရွက်ခြင်းနှင့် ကွင်းဆင်းစစ်ဆေး၍ အခွန်စည်းကြပ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးဝေ့တင်း၏ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ခုနှစ်) အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ယင်းပြင်ဆင်ချက်ကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် **တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ ဦးလှဆန်းက မြေကိုအသုံးပြု၍သော် လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော် လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်း လုပ်ငန်းနှစ်ရပ်လုံးတို့၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ ဆိုသည့်နေရာတွင် လုပ်ကိုင်လျက်ရှိသူဟု ပြင်ဆင်လိုပါကြောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့သည် ပုဒ်မ ၄ (က)(ခ) (ဂ) အရ ဖွဲ့စည်းထားသော ဦးဆောင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ထပ်မံထည့်သွင်းလိုပါကြောင်း၊ မူလဥပဒေတွင် ပြဋ္ဌာန်းခဲ့သည်မှာ ကျေးလက်နေ တောင်သူလယ်သမားများ မိမိနှင့် သက်ဆိုင်သည့် ဥပဒေများ မည်သို့ ပြဋ္ဌာန်းထားသည်ကို မသိရှိနိုင်ကြပါကြောင်း၊ တောင်သူလယ်သမားများအတွက် အကျိုးစီးပွား ဖြစ်ထွန်းစေသော သီးနှံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီ နယ်မြေများအတွင်း လွတ်လပ်စွာ ထုတ်လုပ်သိုလှောင် သယ်ယူရောင်းချရန်နှင့် ပြည်ပဈေးကွက်သို့ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ထုတ်လုပ်သိုလှောင် သယ်ယူရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းဟူ၍ ပြင်ဆင်လိုပါကြောင်း။

တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများ ရရှိစေရေးနှင့် မြေယာများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်းဆိုသည့် စာသားကို တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများ ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးနှင့် မြေယာနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့် ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်းဟူ၍ ပြင်ဆင်လိုပါကြောင်း၊ ပြည်သူ့လွှတ်တော်၏ ဥပဒေပြု ပြဋ္ဌာန်းချက်တွင် အစိုးရသတ်မှတ်ခွင့်ပြုသည့် ဘဏ် သို့မဟုတ် တောင်သူလယ်သမားများ အကျိုးစီးပွားအလို့ငှာ ချေးငွေလုပ်ငန်း ဆောင်ရွက်ရန် အထူးကိစ္စရပ်အဖြစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရက သတ်မှတ်ခွင့်ပြုသည့် ကုမ္ပဏီအသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းမှ နှစ်စဉ် နှစ်တို၊ နှစ်ရှည် ချေးငွေများ ထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဆိုသည့်အပိုဒ်တွင် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် ကြားတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်ဟု ပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်မျိုးက အဆိုပါ ဥပဒေကို ၂၀၁၂ ခုနှစ်က အတည်ပြုပြဋ္ဌာန်းပြီးသည့်နောက်တွင် အသက်ဝင်မှု အင်မတန်အားနည်းသည့် ဥပဒေတစ်ရပ်ဟု ပြောဆိုရမည် ဖြစ်ပါကြောင်း၊ အားနည်းရသည့် အကြောင်းအရင်းမှာ အခန်း(၃)တွင် ပါဝင်သည့် တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဦးဆောင်အဖွဲ့ဖွဲ့စည်းခြင်းဆိုသည့် ခေါင်းစဉ်အောက်တွင် လိုအပ်ချက်များ ရှိနေခြင်းကြောင့် ဖြစ်ပါကြောင်း၊ အဆိုပါ ဦးဆောင်အဖွဲ့သည် အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပသည်ဟု ကြားသိရပါကြောင်း၊ တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပသည့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များသည် မည်သည့်အရာများ ဖြစ်လာသနည်းဟု မေးခွန်းထုတ်စရာ ရှိပါကြောင်း၊ ထို့ကြောင့် ဦးဆောင်အဖွဲ့သည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်အဖွဲ့၏ အစည်းအဝေးကို လေးလ တစ်ကြိမ် ကျင်းပရမည်ဟု ပြင်ဆင်လိုပါကြောင်း။

ထို့ပြင် မိမိတို့တွင် အလုပ်သမားဦးစီးဌာနဟူ၍ ရှိသော်လည်း တောင်သူလယ်သမားနှင့် ပတ်သက်၍ ဦးစီးဌာနဆိုသည်မှာ မရှိပါကြောင်း၊ မြေပြင်တွင် တောင်သူလယ်သမားများ ပြဿနာနှင့် အခက်အခဲများ ဖြစ်ပွားပါက တောင်သူလယ်သမားအရေးကို သီးသန့်ကိုင်တွယ်မည့် အဖွဲ့အစည်း မိမိတို့တွင် မရှိပါကြောင်း၊ ယခု ဦးဆောင်အဖွဲ့သည် တာဝန်တစ်ခုခု၊ လုပ်ငန်းတစ်ခုခုကို ဆုံးဖြတ်မည်ဆိုပါက တောင်သူလယ်သမားနှင့် အင်မတန်ဝေးကွာပါကြောင်း၊ ထိုသို့ တောင်သူလယ်သမားနှင့် ဝေးကွာသည့် အဖွဲ့အစည်းသည် မှန်ကန်သည့် ဆုံးဖြတ်ချက်များချရန်အတွက် လိုအပ်ချက်များ ရှိနေပါကြောင်း၊ ထို့ကြောင့် လိုအပ်သည့် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် အုပ်ချုပ်မှုအဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ အခြားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်ဟု တောင်သူလယ်သမားနှင့် နီးနီးစပ်စပ်ရှိသည့် အဖွဲ့အစည်းများ ပေါ်ပေါက်လာအောင် အကြံပြုတင်ပြလိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးကြည်ဝင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာ အားကာမိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးစိုးဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး တို့က ဆက်လက်ဆွေးနွေးကြသည်။

## အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းအစီရင်ခံစာကို ဖတ်ကြားရှင်းလင်း

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဥာဏစိုးက **၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ

ဆက်လက်၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးအောင်ဝင်း က ကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းရာတွင် အစီရင်ခံစာ၏ ရည်ရွယ်ချက်အနေဖြင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များအရ ကတိဖြစ်ပေါ်ခဲ့မှု အခြေအနေများကို အဋ္ဌမပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာ တင်ပြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များ ပေးနိုင်ရန် ဖြစ်ပါကြောင်း။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ အဆို တစ်ခု၊ ကြယ်ပွင့်ပြမေးခွန်း ၁၀၆ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၁၈၆ ခု စုစုပေါင်း ၂၉၃ ခုတင်သွင်းမေးမြန်းခဲ့ပါကြောင်း၊ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ကတိဖြစ်ပေါ်မှု စိစစ်နိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင်များကို အဖွဲ့ခွဲဖွဲ့၍ ဝန်ကြီးဌာနများအလိုက် စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း။

ကော်မတီ၏ စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါကြောင်း၊ အစည်းအဝေး အတည်ပြုချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကတိဖြစ်ပေါ်ခဲ့သည့် အဆို တစ်ခုအား စိစစ်တွေ့ရှိရပါကြောင်း၊ အစည်းအဝေးအတည်ပြုချက်အရ ကြယ်ပွင့်ပြ မေးခွန်း ၁၀၆ ခုအနက် မေးခွန်း ၆၁ ခု ကတိဖြစ်ပေါ်ခဲ့ပြီး မေးခွန်း ၄၅ ခုမှာ ကတိမဖြစ်ပေါ်ခဲ့ပါကြောင်း၊ ကြယ်ပွင့်မပြမေးခွန်း ၁၈၄ ခုအနက် မေးခွန်း ၁၁၂ ခု ကတိဖြစ်ပေါ်ခဲ့ပြီး မေးခွန်း ၇၂ ခု ကတိမဖြစ်ခဲ့ပါကြောင်း။

ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအတွင်း ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ ခြောက်ကြိမ်တိုင်ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ နောက်နောင်များတွင်လည်း အဆိုပါမေးခွန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးသင့်သည့် ကိစ္စရပ်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကို ခံယူ၍ ထပ်မံကွင်းဆင်း စစ်ဆေးသွားမည်ဖြစ်ပြီး ကွင်းဆင်းစိစစ်ရာတွင်လည်း မေးခွန်းရှင် ကိုယ်စားလှယ်များမှ ယခုထက်ပိုမို၍ ကော်မတီနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကော်မတီမှလည်း ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်း၊ အဆိုများနှင့် စပ်လျဉ်း၍ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားနိုင်ရန်အတွက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဇွန် ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ထိုင်းနိုင်ငံတွင် ယာဉ်တိမ်းမှောက်သေဆုံးခဲ့သည့် အလုပ်သမားများ၏မိသားစုဝင်များကို အာမခံကြေးပေးအပ်



**နေပြည်တော် ဇွန် ၁၈**

ထိုင်းနိုင်ငံ ချာချင်ဆောင်မြို့ရှိ ကွန်ပျူတာပစ္စည်းစက်ရုံတွင် တရားဝင်အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများစီးနင်းလာသည့်ကား တိမ်းမှောက်ရာတွင်ပါဝင်ခဲ့ပြီး သေဆုံးသွားသည့် ဝန်ထမ်းများ၏ အာမခံကြေးပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၁၈ ရက်က နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဧပြီ ၉ ရက်ည ၁၀ နာရီခန့်က မြန်မာအလုပ်သမား ၅၁ ဦး လိုက်ပါလာသည့် မော်တော်ယာဉ်သည် မဲဆောက်မြို့အလွန် တောင်ပေါ်အဆင်းလမ်းတစ်နေရာတွင် တိမ်းမှောက်ခဲ့ပြီး ယင်းတိမ်းမှောက်မှုတွင် အမျိုးသမီးခြောက်ဦး သေဆုံးခဲ့ရာ ၎င်းတို့အတွက် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိရုံးနှင့် သက်ဆိုင်ရာ ကုမ္ပဏီတို့က ထိုင်းနိုင်ငံ၏ ဥပဒေများအရ ခံစားခွင့်ရှိသည့် နစ်နာကြေးများ ရရှိနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြပြီး ယင်းနေ့တွင် အာမခံကြေးကို မိသားစုဝင်များထံ ပေးအပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

သေဆုံးသွားသူများသည် ချာချင်ဆောင်မြို့ရှိ Sukhonavason ကုမ္ပဏီ၏ ကွန်ပျူတာပစ္စည်းစက်ရုံ၌ MoU စနစ်ဖြင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီGolden Royal Mandalay ကုမ္ပဏီမှ တစ်ဆင့် သွားရောက်အလုပ် လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံခရီးသွားဥပဒေအရ တစ်ဦးလျှင် ဘတ်လေးသိန်း၊ ကားအာမခံမှ တစ်ဦးလျှင် ဘတ်သုံးသိန်း၊ စုစုပေါင်း ဘတ်ခုနစ်သိန်းနှင့် ညီမျှသော ဥပဒေအရ အာမခံကြေးအဖြစ် တစ်ဦးလျှင် မြန်မာငွေကျပ် ၂၉၂ သိန်းလေးသောင်းကို သေဆုံးသူ မြန်မာအလုပ်သမား အမျိုးသမီးခြောက်ဦးအတွက် စုစုပေါင်း မြန်မာငွေကျပ်သိန်းပေါင်း တစ်ထောင့် ခုနစ်ရာ ငါးဆယ့်လေးသိန်း လေးသောင်းကို သေဆုံးသူများ၏ မိသားစုဝင်များထံ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ (ဓါတ်ပုံ)

ယာဉ်တိမ်းမှောက်မှုတွင် သေဆုံးခဲ့သည့် အလုပ်သမား ခြောက်ဦးနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အလုပ်သမား ၁၂ ဦးတို့အတွက် ကရုဏာကြေးအဖြစ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ငွေကျပ် ၅၁ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၂၄သိန်း၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ငွေကျပ် ၄၉သိန်းကျော်နှင့် ထိုင်းဘတ်ငွေ ၁၉၅၀၀ နှင့် Golden Royal Man- dalay Co., Ltd. မှ ငွေကျပ် ၅၈ သိန်း ကို သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာ ရရှိသူများ၏ မိသားစုဝင်များထံသို့ မေ ၁၂ ရက်က ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။ **ခင်ရတနာ**

**ဓာတ်ပုံ-သော်တာဝင်း**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် နည်းပညာသစ်ဖြင့် တည်ဆောက်ထားသော သာကေတတံတားသစ်ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈



**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့်အတူ ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် သာကေတတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။** (ယာပုံ)

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက ပင်မတံတားကြီး ဆောင်ရွက်ပြီးစီးမှု၊ မီးရထားခုံးကျော်တံတားနှင့် ကားလမ်းခုံးကျော်တံတားများ ဆောင်ရွက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းများ အပြီးသတ်ဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ်ဘက်ခြမ်းတွင် လမ်းဦးစီးဌာန၊ လမ်းတည်ဆောက်ရေးအဖွဲ့(၃)၊ လမ်းအထူးအဖွဲ့(၁၄)မှ ချဉ်းကပ်လမ်းလုပ်ငန်း အပြီးသတ်ဆောင်ရွက်နေမှု အခြေအနေတို့ကို လည်းကောင်း၊ တံတားပေါ်တွင် တံတားအချောသပ်လုပ်ငန်းများနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုအခြေအနေကို လည်းကောင်း အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒေါပုံမြို့နယ်ဘက်ခြမ်းသို့ ရောက်ရှိပြီး ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တံတားအတက်၊ အဆင်းတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားရှိရန်နှင့် ပတ်ဝန်းကျင်သာယာလှပရေးအတွက် ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

သာကေတတံတားသစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အနီးကပ်ကြီးကြပ်လျက် နည်းပညာရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ပြီး ဂျပန်နိုင်ငံ Nippon Koei ကုမ္ပဏီမှ Consultant အဖြစ် တာဝန်ယူကာ The Consortium of Tokyu - Toyo - IIK (Tokyu Construction Co.,Ltd , Toyo Construction Co.,Ltd and IHI Construction Co.,Ltd) တို့မှ တည်ဆောက်ခဲ့ပြီး တံတားကြီး ပြီးစီးသည့်အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေကာ ရန်ကုန်မြို့ယာဉ်ကြောကျပ်တည်းမှုကို တစ်ဖက်တစ်လမ်းမှ ဖြေလျှော့ပေးနိုင်ပြီး သီလဝါ အထူးစီးပွားရေးဇုန်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်တို့ကို အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၁၈

**၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ် ပြိုင်ပွဲများအတွက် ဆုရသူများစာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။**

**ဝတ္ထုတို**ပြိုင်ပွဲတွင် ဒေါ်မေစိမ်းဝင်း (ကောင်းကင်မေ- စီးပွားရေးတက္ကသိုလ်)၏ **"ပထမဆုံးခြေလှမ်း"** ဝတ္ထုတိုက ပထမ၊ ဦးစိုးမြင့်(ရဲမင်းစိုး)၏**"မူးယစ်ရန်စွယ် ကာကွယ်ပယ်ရှင်း အသက်နှင်း၍"** ဝတ္ထုတိုက ဒုတိယ၊ ကိုကျော်သက်(သားချစ်-ပရဟိတ)၏ **"အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"** ဝတ္ထုတိုက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်ခင်အုန်းမြင့် (နန္ဒာခင်-သက္ကလမြေ)၏ **"ညအိပ်ရာဝင်ပုံပြင် တစ်ပုဒ်"**၊ ဒေါ်နန်းစောညွန့် (စောငယ်ငယ်-မိုးညှင်း) ၏ **"အသက်နှင့် ရင်းခဲ့ရသောနောင်တ"**၊ ဦးသောင်းထွေး(သောင်းထွေး-ရွှေဟိုင်းမြေ) ၏ **"ပုံပြင်မဟုတ်သော"**ဝတ္ထုတိုတို့က ဆုများရရှိကြသည်။

**ဆောင်းပါး**ပြိုင်ပွဲတွင် ဗိုလ်ကြီးညွန့်ဝင်း-ငြိမ်း(ဘုန်းမောင်ဝင်း-ဖျာပုံ)၏ **"အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"** ဆောင်းပါးက ပထမ၊ ဒေါ်ခင်နှင်းရီ (ခင်နှင်းရည်-ရန်ကုန်တက္ကသိုလ်)၏ **"လူသားရင်းမြစ်မျိုးဆက်သစ် မူးယစ်မှုန်သမျှ တိုက်ဖျက်ပစ်"** ဆောင်းပါးက ဒုတိယ၊ ဒေါ်ခင်အုန်းမြင့် (နန္ဒာခင်-သက္ကလမြေ)၏ **"အရင်းစစ်သော် အမြစ်မြေက မူးယစ်မှုန်သမျှ တိုက်ဖျက်ကြ"** ဆောင်းပါးက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဦးစိန်ဝင်း (ပန်းမြိုင်လယ် စိန်ဝင်း) ၏ **"အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်ဆေးဝါး တိုက်ဖျက်စို့"**၊ ဦးသန်းစိန် (မောင်ငြိမ်းချမ်း-ဟသ်ာမြေ) ၏ **"အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"**၊ ဦးဆန်းဦး (မင်းလပြည့်) ၏ **"အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"** ဆောင်းပါးတို့က ဆုများရရှိကြသည်။

**ကဗျာ**ပြိုင်ပွဲတွင် ဦးဝင်းထွန်း (ထွန်းထွန်း-လားရှိုး)၏ **"မူးယစ်မှုန်သမျှ ဆိတ်သုဉ်းစေ အနာဂတ်မှာပန်းတွေဝေ"** ကဗျာက ပထမ၊ ဦးသိန်းဇော် (ကြည်သိန်းဇော်) ၏ **"နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့"**ကဗျာက ဒုတိယ၊ ဦးမြင့်သိန်း(မောင်မင်းသိမ်း-သရက်)၏**"အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"** ကဗျာက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးအေးမော်(ဇီးကုန်းအေးမော်) ၏**"လူသားရင်းမြစ်မျိုးဆက်သစ် မူးယစ်မှုန်သမျှတိုက်ဖျက်ပစ်"**၊ မောင်ကောင်းပြည့်စုံ (မောင်မောင်ကောင်း -လေကြောင်း/အာကာ) ၏ **"နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့"**၊ ဒေါ်ထားရှင် (ရှင်ထား-မြိတ်)၏ **"လူသားရင်းမြစ် မျိုးဆက်သစ် မူးယစ်မှုန်သမျှ တိုက်ဖျက်ပစ်"**ကဗျာတို့က ဆုများရရှိကြသည်။

**တေးသီချင်း**ပြိုင်ပွဲတွင် ဗိုလ်ကြီး ဉာဏ်ပိုင်စိုး(စစ်သူ) ၏ **"အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"** တေးသီချင်းက ပထမ၊ ဒေါ်ခင်စန္ဒီစိမ့်(အလင်္ကာမေ)၏ **"ကမ္ဘာမြေမှာပပျောက်သွားဖို့အရေး မူးယစ်ဆေး"**တေးသီချင်းက ဒုတိယ၊ ဗိုလ်ကြီးထွန်းထွန်းလတ်(ဘခက်)၏ **"အန္တရာယ်ပေးမူးယစ်ဆေး"** တေးသီချင်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဦးသန်းကိုကိုထွန်း (ဂစ်တာကိုငယ်) ၏ **"မူးယစ်ဆေးရှောင်ပါလက်မနှေး"**၊ ဒေါ်ခင်မိုးထွေး(မိုးသူ-သုခုမ) ၏ **"အဆိပ်ပန်းကင်းစင် ဒါတို့ပြေ(ပြည်)"** နှင့် မလဲ့လဲ့(တေးရေးလဲ့လဲ့) ၏ **"အနာဂတ်တို့လှစေမယ်"** တေးသီချင်းတို့က ဆုများရရှိကြသည်။

ဓာတ်ပုံပြိုင်ပွဲတွင် ဦးခင်မောင်လွင်၏ **"အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"**က ပထမ၊ ဝင်းဇော်ဦး(မင်းဘူး)၏ **လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"**က ဒုတိယ၊ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)၏ **"လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"** က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ပိုင်စိုးထွန်း (ရမ္မာသဠာ) ၏ **"မူးယစ်ကင်းဝေး ကျန်းမာရေးအားကစားနှင့် မြှင့်တင်ပေး"**၊ ယမင်းဝင်းလှိုင် ၏ **"အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"**နှင့် မင်းသူ(ပုဂံမင်းသူ)၏ **"အနာဂတ်ပန်းလေးတွေ လန်းစေဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"** တို့က ဆုများရရှိကြသည်။

**ကွန်ပျူတာပိုစတာ**ပြိုင်ပွဲတွင် ရဲဒုတပ်ကြပ် သက်ဇော်မင်း (သက်ဇော်မင်း)၏ **"နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့"**က ပထမ၊ ဒေါ်လွင်လွင်ဘုန်း ၏ **"မူးယစ်ကင်းဝေး ကျန်းမာရေး အားကစားနှင့်မြှင့်တင်ပေး"** က ဒုတိယ၊ မဝင့်ကေခိုင်မြင့်၏ **"နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့"**က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်စိုင်းသီဟအောင်၏ **"မူးယစ်ကင်းဝေးကျန်းမာရေး အားကစားနှင့် မြှင့်တင်ပေး"**၊ အေးလွင်ဦး(အေးလွင်ဦး-ရွှေပန်းချီ၊ ရမည်းသင်း) ၏ **"လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"**၊ မနှင်းဝတ်ရည်သိန်း၏ **"လူငယ်ဘဝတိုးတက်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့"** တို့က ဆုများရရှိကြသည်။

**ပန်းချီ**မူလတန်းအဆင့် ပြိုင်ပွဲတွင် မောင်ဥက္ကာမျိုးကျော် အထက(၃) ပဲခူးက ပထမ၊ မောင်ဘုန်းပြည့်စုံပိုင် @Juan (YAIS) Yangon Aca- demy International School ဇဟန်းက ဒုတိယနှင့် မဖူးကေခြည် အမက (၃၀) မြောက်ဥက္ကလာပက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရှင်းသက်အိမ် အမက(၂) လ(ခွဲ) တာကလေး ဟသ်ာတ၊ မနန်းဇင်ယုလှိုင် ကောင်းစုံ ပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း ရွှေပြည်သာနှင့် မယွန်းဝတီထွန်း မူလတန်းလွန်ကျောင်း(ဗဟို) သန်လျင်တို့က ဆုများ ရရှိကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်၏ ထောက်ပံ့ကြေးစည်းမျဉ်း သတ်မှတ်

နေပြည်တော် ဇွန် ၁၈

**နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသောအသက် ၂ နှစ်အောက် ကလေးသူငယ်များ၏ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများ တိုးတက်ကောင်းမွန်စေရေး ရည်ရွယ်၍ ငွေကြေးထောက်ပံ့ခြင်းနှင့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။**

ယင်းလုပ်ငန်းအစီအစဉ်အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အကျိုးခံစားသူစာရင်းများ ကောက်ယူခြင်းဖြင့် စတင်ခဲ့ပြီး ယခုအခါ ထောက်ပံ့ကြေး သုံးကြိမ် ထောက်ပံ့ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ထောက်ပံ့ပေးရာတွင် အစီအစဉ်၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် အကျိုးခံစားသူများအနေဖြင့် ကိုယ်ဝန်ဆောင်ချိန်နှင့် ကလေးအသက် ၂ နှစ်ပြည့်သည့်အချိန်ထိ ကျန်းမာရေးဝန်ထမ်းများထံမှ ကျန်းမာရေးစောင့်ရှောက်မှု ခံယူစေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော အလေ့အကျင့်ကောင်းများ ကျင့်သုံးလာစေရန် ရည်ရွယ်ချက်ဖြင့် ယခု ၂၀၁၈ ခုနှစ် ခြောက်လ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားသူ ကိုယ်ဝန်ဆောင်ဖြစ်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ပုံမှန် ကျန်းမာရေးစောင့်ရှောက်မှု ခံယူထားသော ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု မှတ်တမ်းရှိသူ၊ အကျိုးခံစားခွင့်ရှိသူ ကလေးဖြစ်ပါက မွေးစာရင်းနှင့် ကာကွယ်ဆေးထိုးမှတ်တမ်းရှိသူများကိုသာ ထောက်ပံ့ကြေးထုတ်ပေးခြင်းနှင့် အကျိုးခံစားသူစာရင်းကောက်ယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အစီအစဉ်အတွင်း အကျိုးခံစားသူအဖြစ် စာရင်းသွင်းထားသူများအနေဖြင့် အကျိုးခံစားခွင့်ငွေကြေး ထုတ်ယူရာ၌ ကိုယ်ဝန်ဆောင် ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းစာအုပ်နှင့် အကျိုးခံစားခွင့်ရှိသူ ကလေးများအနေဖြင့် မွေးစာရင်းနှင့် ကာကွယ်ဆေးထိုး မှတ်တမ်းပြသနိုင်မှသာ လာမည့် ၂၀၁၈ ခုနှစ် ဇွန်လကုန်တွင် ထုတ်ပေးမည်ဖြစ်သော (ဧပြီ၊ မေနှင့် ဇွန်လများအတွက်) ထောက်ပံ့ကြေးအား ထုတ်ပေးမည်ဖြစ်ပါကြောင်းနှင့် နောင်စာရင်းသွင်းမည့်သူများအနေဖြင့် စာရင်းသွင်းရာတွင် ကိုယ်ဝန်ဆောင် ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းစာအုပ် ပြသနိုင်ရမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ



**ရန်ကုန် ဇွန် ၁၈**

"လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်"ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီ က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ Great Light ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန် အနောက်ပိုင်းခရိုင် မူးယစ်တပ်ဖွဲ့စု ၄၂ တပ်ဖွဲ့စုမှူး ရဲမှူးသင်းအောင်၊ မြို့နယ်ဥပဒေအရာရှိ ဦးမိုးဝေဖြိုး၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးထင်ကျော်မိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မိုးသူတို့က မူးယစ်ဆေးဝါး၏ အန္တရာယ်ကြီးမားပုံ၊ မူးယစ်ဆေးဝါးများ လူငယ်ထုအတွင်းသို့ နည်းအမျိုးမျိုးဖြင့် စိမ့်ဝင်စီးဆင်းပျံ့နှံ့နေပုံတို့အပြင် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ မူးယစ်ဆေးသုံးစွဲသူတို့၏ သွင်ပြင်လက္ခဏာများအပါအဝင် လူမှုဘဝအခြေအနေ အခက်အခဲများနှင့် ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်များကို ကျောင်းသား ကျောင်းသူများ အသိပညာ၊ ဗဟုသုတရရှိစေရန် ဟောပြောဆွေးနွေးမှုများ ပြုလုပ်ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

ယနေ့ စကားဝိုင်းနှင့် ပတ်သက်၍ ရန်ကုန် အနောက်ပိုင်းခရိုင် မူးယစ်တပ်ဖွဲ့စု ၄၂ တပ်ဖွဲ့စုမှူး ရဲမှူးသင်းအောင်က "မူးယစ်ဆေးဝါးအန္တရာယ်ဆိုတာကတော့ ကမ္ဘာ့နိုင်ငံ တော်တော်များများမှာ ကြုံတွေ့ခံစားနေရတာပါ၊ အခုအချိန်ကာလမှာတော့ မူးယစ်ဆေးဝါးတွေဟာ အမျိုး၊ အမည်မျိုးစုံနဲ့ မြောက်မြားစွာ ပေါ်နေပါတယ်၊ လူငယ်ထုအတွင်းပျံ့နှံ့မှုနှုန်းတွေလည်း ပိုပြီးတော့ ကျယ်ပြန့်လာတာကို တွေ့ရပါတယ်၊ ဒါတွေကို ထိန်းချုပ်ဖို့ အတွက်၊ လူငယ်တွေကို မူးယစ်ဆေးဝါးအန္တရာယ် မကျရောက်ဖို့အတွက် မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး အခုလို ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖို့လိုပါတယ်၊ အသိပညာပေးမှု လုပ်ငန်းတွေက အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်" ဟု ပြောသည်။

ဒီမိုကရေစီခေတ်တွင် အစိုးရနှင့် ပြည်သူများအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှုအကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန် ရည်ရွယ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် Great Light ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကာ အဆိုပါစကားဝိုင်း ဆွေးနွေးပွဲကိုကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲကနေ မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေကို သိခွင့်ရတဲ့အပြင် ကိုယ်ကိုယ်တိုင် ရှောင်ကြဉ်ပြီး နေထိုင်သွားမယ်၊ ကိုယ်နဲ့ နီးစပ်တဲ့ သူငယ်ချင်းတွေကိုလည်း မသုံးစွဲမိအောင် နေထိုင်သွားဖို့ တိုက်တွန်းရမယ်ဆိုတဲ့ အသိတွေရရှိခဲ့တယ်၊ ဘယ်သူ့အတွက်မှ ကောင်းကျိုးမပေးတဲ့ မူးယစ်ဆေးဝါးကို အားလုံးရှောင်ကြဉ်သင့်တယ်ဆိုတဲ့ သင်ခန်းစာတွေလည်း ရရှိခဲ့ပါတယ်"ဟု အဆိုပါကျောင်းမှ ဒသမတန်းကျောင်းသား မောင်အောင်ပြည့်စုံကျော်က ပြောသည်။

ယနေ့ကျင်းပသည့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အလားတူ ယင်းကဲ့သို့ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင်လည်း ကျင်းပလျက်ရှိရာ လာရောက်လေ့လာ ဆွေးနွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# လှိုင်မြို့နယ် မူးယစ်ဆေးဝါးနှင့် သက်ငယ်မုဒိမ်းခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇွန် ၁၈**

လှိုင်မြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ် ကင်းရှင်းစေရန်၊ သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ရရှိစေရန် ရည်ရွယ်ပြီး လှိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသော မူးယစ်ဆေးဝါးနှင့် သက်ငယ်မုဒိမ်းခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက လှိုင်မြို့နယ် MICT Park ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လှိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းက အမှာစကား ပြောကြားသည်။ ပြည်သူ့စကားဝိုင်းကို အကယ်ဒမီဒေါ်ဆွေဇင်ထိုက်က Moderator အဖြစ် ဆောင်ရွက်၍ လှိုင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၊ မူးယစ်အထူးရဲတပ်ဖွဲ့မှ ဒုရဲမှူး တေဇာလွင်၊ စာရေးဆရာမဂျူး၊ ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေ၊ သရုပ်ဆောင် ဒါရိုက်တာ ဒေါက်တာမင်းတော်ဝင်တို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိလိုသည်များ ပြန်လည်မေးမြန်းခဲ့ကြပြီး ဆွေးနွေးသူများက ပြန်လည်ပြောကြားခဲ့သည်။ အခမ်းအနားသို့ လှိုင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ လှိုင်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ NGOများ အင်အား ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန္တာမေ(ပြန်/ဆက်)**





# လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ရမည်းသင်း ဇွန် ၁၈**

၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီတွင် ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးက ပြည်သူ့စကားဝိုင်းကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ဦးအောင်မျိုးဦး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဦးစန်းဝင်း၊ နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်း၊ ခရိုင်ဥပဒေအရာရှိ ဦးသိန်းထွန်း၊ ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာလှလှဌေး၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးဇော်မင်းစိုးတို့က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းများ ကျူးလွန်ပါက ကျခံရမည့် ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ခံစားရသည့် ရောဂါများအကြောင်းတို့ကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

**နေလင်းအောင်(ပြန်/ဆက်)**

# ဖလမ်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ဖလမ်း ဇွန် ၁၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဖလမ်းမြို့နယ် တာရွှန်းကျေးရွာ ပိုလ်ကြွမ်ဘိခ်ခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလမ်းခရိုင် ဒုတိယဦးစီးမှူး ဦးဟရန်အဲရ်က စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရာလ်နှင်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဦးသိန်းဦး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမြလေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်တို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ဗဟုသုတရရှိဖွယ်ရာများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မိုးရာသီ ကျောင်းသားနှင့် ပြည်သူ သွားလာရေးအဆင်ပြေချောမွေ့စေရန် ဝါးတားဘတ်စ် ခရီးစဉ်တိုးချဲ့ပြေးဆွဲ

ရန်ကုန် ဇွန် ၁၈

**မိုးမပြတ်သောကြောင့် ရန်ကုန်မြို့၏ မြစ်ကူးချောင်းကူးမြို့နယ်များမှ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန် Yangon Water Bus ခရီးစဉ်ကို ရန်ကုန်ဗိုလ်တထောင်ဆိပ်ကမ်းမှ ဒလဘက်ကမ်းရှိ ဆာဗာချောင်သို့ ဇွန် ၁၁ ရက်မှစ၍ ပြေးဆွဲလျက်ရှိရာ အုံ့ကြီးကမ်းခြေ၊ သမ္မတကမ်းခြေတို့ကို ယခုတစ်ပတ်အတွင်း ပြေးဆွဲသွားမည်ဖြစ်ပြီး ဗိုလ်ရန်ပြေ ဆိပ်ကမ်းနှင့် ကမာကဆစ်ဆိပ်ကမ်းတွင် ဂျက်တီတည်ဆောက်ပြီးပါက ဆက်လက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း Yangon Water Bus ရုံးမှ သိရသည်။**




"ကျွန်တော်တို့ တနင်္ဂနွေနေ့ တွံတေးဘုရားခရီးစဉ်ကို ပြီးခဲ့တဲ့ ၁၇ ရက်က ခရီးစဉ်ပြင်ဆင်ခဲ့ပေမယ့် ရာသီဥတုကြောင့် ဖျက်ခဲ့တယ်၊ လာမယ့်ရက်လည်း မဖြစ်နိုင်သေးဘူး ထင်တယ်၊ မိုးရာသီ ကျောင်းသား ကျောင်းသူတွေနဲ့ အလုပ်ဆင်းတဲ့ ပြည်သူတွေ ခရီးသွားလာရေး အဆင်ပြေချောမွေ့အောင် ဇွန် ၁၁ ရက်က ဒလဘက်ကမ်းက ဆာဗာချောင်ကို လမ်းသစ်ဆိပ်ကမ်းကနေ တိုးချဲ့ပြေးဆွဲပါတယ်၊ ငွေကျပ် ၃၀၀ ခရီးစဉ်ကို ကျောင်းသားနဲ့ ဆရာ ဆရာမတွေအတွက် ငွေကျပ် ၂၀၀ ပဲ ယူပါတယ်၊ ပြီးတော့ ဒလဘက်ကမ်းက သမ္မတကမ်းခြေ၊ အုံ့ကြီးကမ်းခြေမှာ ဆိပ်ခံဇောရှိတဲ့အတွက် လာမယ့်တစ်ပတ်အတွင်း ပြေးဆွဲပြီးတော့ ဗိုလ်ရန်ပြေဆိပ်ကမ်းနဲ့ ကမာကဆစ်ဆိပ်ကမ်းကတော့ ဆိပ်ခံဇောတည်ဆောက်ပြီးမှ ပြေးဆွဲဖို့ရှိပါတယ်" ဟု Yangon Water Bus ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြစ်ကို ဖြတ်သန်း၍ ရန်ကုန်မြို့သို့ အလုပ်လုပ်ကိုင်လာကြသော ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ရေလမ်းခရီးသွားလာရေး အန္တရာယ်ကင်းရှင်းစေရန် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် ဌာနဆိုင်ရာတို့မှ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးကို အထူးလိုလားလျက်ရှိပြီး ရန်ကုန်ဝါးတားဘတ်စ်ပြေးဆွဲနိုင်ရန် လိုလားနေခြင်းဖြစ်သည်။

ကမာကဆစ်နှင့် ဗိုလ်ရန်ပြေဆိပ်ကမ်းတွင် ရေယာဉ်ဆိုက်ကပ်နိုင်ရန် ဆိပ်ခံဇောတည်ဆောက်ပြီးပါက ဝါးတားဘတ်စ်ဖြင့် ရန်ကုန်ဆိပ်ကမ်းမှ ဒလဘက်ကမ်းသို့ ဆိပ်ခံ ငါးခုမှ ခရီးသည်များ စိတ်အေးချမ်းသာစွာဖြင့် ခရီးသွားလာနိုင်မည်ဖြစ်ပြီး ယခုလို မိုးရာသီတွင် ကျောင်းသား ကျောင်းသူနှင့် ဆရာ ဆရာမများ ရန်ကုန်မြစ်ဖြတ်၍ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစေရန် တိုးချဲ့ပြေးဆွဲခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့စီးခကို ငွေကျပ် တစ်ရာလျှော့၍ ကောက်ခံထားကြောင်း သိရသည်။

**သတင်း-သန်းထိုက်(လှိုင်သာယာ)၊ဓာတ်ပုံ -သန်းစိုး**

# မွန်ပြည်နယ်၌ ပြည်သူ ၇၄၀၀ ကျော် ရေဘေးရှောင်ခဲ့ရပြီး တန်ဖိုး ငွေကျပ် သိန်း ၆၄၀၀ ကျော် ဆုံးရှုံး

**မော်လမြိုင် ဇွန် ၁၈**

မွန်ပြည်နယ်တွင် ပြီးခဲ့သည့် ဇွန် ၁၆ ရက်နှင့် ၁၇ ရက်က မိုးရေချိန် ၁၃ ဒသမ ၇ လက်မထိ ရွာသွန်းခဲ့ရာ အဆိုပါမိုးကြောင့် အိမ်ထောင်စု ၂၂၁၀ စု၊ အိမ်ခြေ ၃၅၀၅၊ စုစုပေါင်း လူဦးရေ ၇၄၀၀ ကျော်တို့ ရေဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ရသည်ဟု သိရသည်။



**ယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ခိုလှုံနေသည့် ရေဘေးရှောင်ပြည်သူများ။**

အဆိုပါ ရေဘေးရှောင်ပြည်သူများကို ကယ်ဆယ်ရေးစခန်း ၃၈ ခုတွင် နေရာချထားခဲ့ရပြီး တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ငွေကျပ် ၁၅၅ သိန်းကျော် ကူညီထောက်ပံ့ပေးထားကြောင်း မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ သိရသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့မှ ရရှိသည့် သတင်းအချက်အလက်များအရ ဘုရား၊ ကျောင်း၊ လူနေအိမ်၊ လမ်းတံတား ပျက်စီးဆုံးရှုံးမှု တန်ဖိုး ငွေကျပ် သိန်း ၆၄၄၁ ဆုံးရှုံးခဲ့ရသည်ဟု သိရသည်။

မွန်ပြည်နယ်သည် ဇွန်လအတွက် ဒုတိယ ၁၀ ရက်ပတ်အတွင်း ရွာသွန်းမြဲထက် မိုးပိုမည်ဟု ခန့်မှန်းထားပြီး တတိယ ၁၀ ရက်ပတ်တွင် ရွာသွန်းမြဲခန့်ဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန နေပြည်တော်မှ ထုတ်ပြန်ချက်များအရ သိရသည်။ မွန်ပြည်နယ်သည် ၂၀၁၆ ခုနှစ် ဩဂုတ်လနှင့် ၂၀၁၇ ခုနှစ် ဇူလိုင်လတို့မှာ မိုးရွာသွန်းမှု အများဆုံးလများ ဖြစ်ခဲ့ကြောင်း သိရသည်။

**မြတ်မွန်ထွေး**

# ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် လားရှိုးအကျဉ်းထောင် စစ်ဆေး

**လားရှိုး ဇွန် ၁၈**

ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကွယ်ကွယ်သည် ဇွန် ၁၈ ရက် နံနက် ၈ နာရီခွဲက လားရှိုးခရိုင် တရားသူကြီး ဒေါ်ညိုမိစံ၊ ဒုတိယခရိုင်တရားသူကြီး ဦးညိုမြင့်နှင့် ဒေါ်ခင်စိုးညွန့်၊ လားရှိုးမြို့နယ်တရားသူကြီး ဒေါ်ဇင်ဇင်ခိုင်တို့နှင့်အတူ လားရှိုးအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့သည်။

ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကွယ်ကွယ်နှင့် အဖွဲ့သည် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများ၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့မှု ရှိ၊ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသောသောက်ရေ သုံးရေရရှိမှု၊ ဥပဒေပါအခွင့်အရေးများရရှိမှု ရှိ၊ မရှိ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်နယ်တရားသူကြီးချုပ်က ထောင်တာဝန်ခံအရာရှိများအား လိုအပ်သည်များ ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မော်လမြိုင်-ရေး အမြန်လူစီးရထား ခေတ္တရပ်နားမည်

**မော်လမြိုင် ဇွန် ၁၈**

မွန်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မော်လမြိုင်-ရေး ရထားလမ်းပိုင်းတွင် သံလမ်းများပေါ်သို့ ရေကျော်နေသဖြင့် အမှတ် (၁၇၅) အဆန်အမြန်လူစီးရထားကို သုံးရက်ခန့် ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မော်လမြိုင်ဘူတာနှင့် ရေးဘူတာကြား လမ်းပိုင်းတွင် သရက်ကုန်းဘူတာနှင့် မိန်ကနိန်းဘူတာကြား မိုင်တိုင်အမှတ် ၁၈၆/၅-၉ ကြားအလျား ၂၀၀ ပေ၊ အနက်သုံးပေခန့်နှင့် မိုင်တိုင်အမှတ် ၁၈၉/၅-၇ ကြား အလျား ၂၀၀ ပေ၊ အနက်သုံးပေခန့် ရေတိုက်စားထားကြောင်း၊ မုဒုံဘူတာနှင့် ကမာဝက်ဘူတာကြား ရထားလမ်း မိုင်တိုင်အမှတ် ၁၉၉/၃-၂၄ ကြား အလျား ပေ ၂၀၀၊ အနက်နှစ်ပေခန့် ရေတိုက်စားထားကြောင်း၊ ကမာဝက်ဘူတာနှင့် သံဖြူဇရပ်ဘူတာကြား ရထားလမ်း မိုင်တိုင်အမှတ် ၂၁၁/၁၅ မှ ၂၁၃/၁၂ အထိ သံလမ်းပေါ် ရေတစ်ပေခွဲခန့် ကျော်နေခြင်း၊ သံဖြူဇရပ်နှင့် ပဘူတာကြား ရထားလမ်းမိုင်တိုင်အမှတ် ၂၁၉/၆-၁၈ ၌ သံလမ်း တစ်ပေခြောက်လက်မခန့် ရေကျော်နေခြင်း၊ ပဘူတာနှင့် ကရုပိဘူတာကြား ရထားလမ်းမိုင်တိုင်အမှတ် ၂၂၀/၃-၇ ကြား အလျား ပေ ၆၀၀၊ အနက်လေးပေခန့် ရေတိုက်စားထားသဖြင့် အမှတ်(၁၇၅)အဆန် ရန်ကုန်-ထားဝယ် အမြန်လူစီးရထားကို မော်လမြိုင်-ရေးလမ်းပိုင်း၌ ခေတ္တယာယီရပ်နားထားမည်ဖြစ်ကြောင်း မော်လမြိုင်ဘူတာရုံပိုင်ကြီး(အထူးတန်း)ဦးသန်းစိုးက ပြောသည်။

**တင်ထွဋ်(မော်လမြိုင်)**

# ရေစကြိုမြို့နယ်၌ ချင်းတွင်းမြစ်ရေ တိုက်စားမှုကြောင့် လူနေအိမ် ၂၈ လုံး ပြောင်းရွှေ့

**ရေစကြို ဇွန် ၁၈**

ရေစကြိုမြို့နယ် မီးလောင်းကျွန်းကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ဇွန် ၁၈ ရက် နံနက် ၉ နာရီက လူနေအိမ်ငါးလုံး ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါ လူနေအိမ်များ ပြောင်းရွှေ့ပေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူတို့ ပူးပေါင်းကူညီပေးခဲ့ကြပြီး ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးများ ထောက်ပံ့ပေးနိုင်ရေးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ချိတ်ဆက်ပေးလျက်ရှိပြီး ယခင် လူနေအိမ် ၂၃ လုံးနှင့် ယနေ့ လူနေအိမ်ငါးလုံး စုစုပေါင်း လူနေအိမ် ၂၈ လုံးတို့အား ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စဥ့်ကူးမြို့နယ်၌ မြစ်ကမ်းပြိုမှုကြောင့် နေအိမ် ၁၀ လုံး ပြောင်းရွှေ့

**စဥ့်ကူး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်တွင် ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဆည်သည်(တောင်)ကျေးရွာနှင့် ဟသ်ာမကျေးရွာ၊ ပေါက်ကုန်းကျေးရွာတို့တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ကမ်းပြိုမှုများ ဖြစ်ပွားခဲ့ရာ နေအိမ် ၁၀ လုံး ပြောင်းရွှေ့ပေးခဲ့ရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ပြောင်းရွှေ့ပေးခဲ့ရသည့် အိမ်ထောင်စုများ၏ စားသောက်နေထိုင်ရေးကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ကမ်းပြိုမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

# မြစ်သားမြို့ ဘောလုံးပြိုင်ပွဲ၌ ပရိသတ်များရန်ဖြစ်ရာ လေးဦးဒဏ်ရာရရှိ

**မြစ်သား ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ကွာတားဖိုင်နယ် ဘောလုံးပြိုင်ပွဲတွင် ဇွန် ၁၇ ရက် ညနေ ၅ နာရီက ပရိသတ်များ ရန်ဖြစ်ကြ၍ ရဲတပ်ကြပ်တစ်ဦးက သေနတ်ဖြင့် ပစ်ဖောက်ထိန်းသိမ်းခဲ့ရပြီး လေးဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကွာတားဖိုင်နယ် ဘောလုံးပြိုင်ပွဲတွင် မင်းကုန်းရပ်ကွက်နှင့် မန်ကျည်းကန်ကျေးရွာအသင်းတို့ ဘောလုံးကစားကြရာ ပရိသတ်များ တစ်ဖက်နှင့် တစ်ဖက် ရန်ဖြစ်၍ ဘောလုံးပွဲလုံခြုံရေး တာဝန်ကျရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်တားဆီးကြကြောင်း၊ ထိုသို့တားဆီးစဉ် အမျိုးသားများက ဝင်ရောက်ရန်ပြုကြသဖြင့် ရဲတပ်သား ဝေမင်းသူနှင့် ရဲတပ်သား တင်ထွန်းလွင်တို့တွင် ဖူးရောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ရဲတပ်ကြပ်မျိုးသန့်က သေနတ်နှစ်ချက် အပေါ်ထောင်ပစ်ခဲ့ရာမှ သစ်ပင်နှင့် ထိမှန်ပြီး မန်ကျည်းကန်ကျေးရွာနေ ဦးအောင်ဝင်းတွင် ညာခြေသလုံးနှင့် တဲကြီးကျေးရွာနေ ဦးမိုးအောင်တွင် ညာခြေသလုံးကျိုး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများကို ပြည်သူ့ဆေးရုံသို့ အတွင်းလူနာ အဖြစ် တင်ပို့ထားရှိပြီး ဘောလုံးပွဲလုံခြုံရေးတာဝန်ကျ တပ်ဖွဲ့ဝင်နှစ်ဦးအား နာကျင်ဒဏ်ရာများ ရရှိအောင် ပြုလုပ်ခဲ့သူများအား ဇွန် ၁၈ ရက် ၀၀း ၁၅ မိနစ်က အမှုဖွင့်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ချင်းတွင်းမြစ်အတွင်း ရှော်လဗန်စက်လှေတစ်စင်း နစ်မြုပ်

**ဟုမ္မလင်း ဇွန် ၁၈**

ဇွန် ၁၈ ရက် မွန်းတည့် ၁၂ နာရီခန့်က ရှော်လဗန်စက်လှေမောင်း ဦးကျော်သည် ဟုမ္မလင်းမှ ချင်းတွင်းမြစ်တစ်ဖက်ကမ်း ကက်သာစံပြကျေးရွာသို့ မောင်းနှင်စဉ် ဟုမ္မလင်း-မင်းဇင် မော်တော်ရေယာဉ်လိုင်း(အောင်ဇေ-၁) အမည်ရှိ ရေယာဉ်နှင့် တိုက်မိပြီး ရှော်လဗန်စက်လှေမှာ နစ်မြုပ်သွားကြောင်း ဟုမ္မလင်းမြို့မရဲစခန်းမှ သတင်းပေးချက်အရ မြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ရှစ်ဦးက သွားရောက်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စက်လှေတိုက်မိမှုဖြစ်စဉ်ကြောင့် ရှော်လဗန်စက်လှေနှင့် လိုင်းစက်လှေတို့မှာ ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် လူအသေအပျောက်မရှိကြောင်း၊ စက်လှေပိုင်ရှင်နှစ်ဦးကို ဟုမ္မလင်းမြို့မရဲစခန်းမှ ဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# ၂၀၁၄ ကမ္ဘာ့ဖလားရှုံးကြွေးကို ပြန်ဆပ်ဖို့ခက်မယ့် ဂျပန်

**ဝင်းမြတ်**

**၁၉ ဇွန်လ ၂၀၁၈ ညနေ ၆း၃၀ (Mordovia Arena)**

ဇွန် ၁၉ ရက် (ယနေ့ည)မှာ ၂၀၁၈ ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (ဇ) ပွဲစဉ်တစ်ပွဲ ဖြစ်တဲ့ ကိုလံဘီယာနဲ့ ဂျပန်တို့ရဲ့ပွဲကို ကျင်းပ သွားမှာဖြစ်ပါတယ်။

### ကိုလံဘီယာရဲ့ အခြေအနေ

ကိုလံဘီယာဟာ ဒီအုပ်စုမှာ ကစားသမားအင်အား တောင့်တင်းပြီး ဖယ်ကာအို၊ ကားလို့စ်ဘာကာတို့လို တိုက်စစ်မှူးကောင်းတွေရှိနေတဲ့အပြင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ကားလို့စ်ဆန်းချက်ဇ် တို့လို ကွင်းလယ် ကစားသမားကောင်းတွေလည်း ရှိနေပါတယ်။ ဒ့ါအပြင် ကိုလံဘီယာအနေနဲ့ တောင်အမေရိကအသင်း ပီပီ အသင်းလိုက် ခြေစွမ်းပိုင်းလည်း ကောင်းမွန်မှုရှိတာကို တွေ့ရပါတယ်။ အဖွင့်ပွဲမှာတော့ ခြေကုန်ထုတ်ကစားလာရင်ကိုလံဘီယာရဲ့ ခြေစွမ်းအမှန် ထွက်ပေါ်လာနိုင်ပါတယ်။

### ဂျပန်ရဲ့ အခြေအနေ

ဂျပန်ကတော့ ကာဂါဝါ၊ အိုကာဇာကီတို့လို ဥရောပအခြေစိုက်ကစားသမားတွေနဲ့အသင်းကို တည်ဆောက်ထားပေမယ့် လက်ရှိခြေစွမ်းပိုင်းအရတော့ အားနည်းမှုတွေရှိနေပါတယ်။ နောက်ဆုံး ကစားခဲ့တဲ့ ခြေစမ်းပွဲမှာ ပါရာဂွေးကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ဂျပန်ရဲ့အသင်း လိုက်ဟန်ချက်ဟာ သာမန်သာရှိတာကို တွေ့ရနိုင်ပါတယ်။

### သုံးသပ်ချက်

ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာ တုန်းကလည်း ဂျပန်ဟာ ကိုလံဘီယာနဲ့ အုပ်စုတစ်ခုတည်း ကျရောက်ခဲ့ရပြီး အဆိုပါပွဲတုန်းကလည်း ဂျပန်တို့ ဂိုးပြတ် အရေးနိမ့်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာ ကိုလံဘီယာ ခြေအနည်းငယ်ကျနေတာ မှန်ပေမယ့် ကစားသမားအင်အားပိုင်းနဲ့ အသင်းလိုက်ဟန်ချက်မှာ ပိုမိုကောင်းမွန်တယ်။ ကိုလံဘီယာပဲ အနိုင်ရမယ်။

# လီဝန်ဒေ့ါစကီးရဲ့ ခြေစွမ်းနဲ့ အနိုင်ယူမယ့် ပိုလန်

**၁၉ ဇွန်လ ၂၀၁၈ ည ၉း၃၀ (Otkrytiye Arena)**

ဇွန် ၁၉ ရက် (ယနေ့ည) မှာ ၂၀၁၈ ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (ဇ) ပွဲစဉ်တစ်ပွဲ ဖြစ်တဲ့ ပိုလန်နဲ့ ဆီနီဂေါတို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။

### ပိုလန်ရဲ့ အခြေအနေ

ပိုလန်အနေနဲ့ ဒီအုပ်စုမှာ ကိုလံဘီယာလို အသင်းကောင်း တစ်သင်း ပါဝင်နေတာကြောင့် အုပ်စုပထမရယူနိုင်ရေး အဖွင့်ပွဲမှာကတည်းက အားစိုက်ကစားလာဖို့ ရှိပါတယ်။ ဒ့ါအပြင် ပိုလန်ဟာ တစ်ဦးချင်းခြေစွမ်းထက်မြက်တဲ့ လီဝန်ဒေ့ါစကီး၊ ပစ်ဇက်တို့လို ကစားသမားကောင်းတွေကိုလည်း ပိုင်ဆိုင်ထားပြီး ခြေစမ်းပွဲတွေမှာလည်း လီဝန်ဒေ့ါစကီး ခြေစွမ်းပြသနေနိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်းထက်မြက်ခဲ့တာကို တွေ့ရတယ်။ ဒါပေမယ့် ပိုလန်ရဲ့ ခံစစ်ပိုင်းကတော့ ခြေစမ်းပွဲတွေမှာ အားနည်းမှုတွေရှိနေပါတယ်။

### ဆီနီဂေါရဲ့ အခြေအနေ

ဆီနီဂေါကတော့ အာဖရိကအသင်း ပီပီကစားပုံမာကျောတဲ့ အသင်းဖြစ်ပါတယ်။ အသင်းလိုက်ဟန်ချက်ညီမျှပြီး မာနေးလိုကစားသမားကောင်းမျိုးလည်း ရှိနေပါတယ်။ ဒါပေမယ့် ဆီနီဂေါရဲ့ အသင်း လိုက်စုဖွဲ့မှုကတော့ ပိုလန်ကို မမီပါဘူး။ခြေစမ်းပွဲတွေမှာဆိုရင်တောင် ကိုရီးယားတစ်သင်းတည်းကိုသာ အနိုင်ရယူနိုင်ခဲ့ပြီး ခရိုအေးရှားကို အရေးနိမ့်ခဲ့ကာ ဥဇဘက်၊ လူဇင်ဘတ်တို့လို အသင်းတွေကိုတောင် အနိုင်ရယူနိုင်ခြင်းမရှိခဲ့တာ တွေ့ရပါတယ်။

### သုံးသပ်ချက်

ပိုလန်အနေနဲ့ အဖွင့်ပွဲမှာတော့ နိုင်ပွဲနဲ့ စတင်နိုင်အောင် အားစိုက်လာမှာဖြစ်ပါတယ်။ အထူးသဖြင့် ဆီနီဂေါက အသင်းလိုက် မာကျောပေမယ့်လည်း စုဖွဲ့ချိတ်ဆက်ကစားမှုမှာတော့ ပိုလန်က ပိုမိုကောင်းမွန်နေပါတယ်။ ဒ့ါအပြင် ကစားသမား အင်အားပိုင်းမှာလည်း ပိုလန်က ပိုမိုကောင်းမွန်နေပါတယ်။ ပိုလန်ပဲ အနိုင်ရမယ်။

# အုပ်စုဒုတိယပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ခက်ခဲမယ့် ရုရှား

**၂၀ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Volgograd Arena )**

ဇွန် ၂၀ ရက်မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့အုပ်စု (က) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ ရုရှားနဲ့ အီဂျစ်တို့ရဲ့ပွဲကို ကျင်းပ သွားမှာ ဖြစ်ပါတယ်။

### ရုရှားရဲ့ အခြေအနေ

အဖွင့်ပွဲစဉ်မှာ ဆော်ဒီအာရေဗျကို ၅ ဂိုးပြတ်အနိုင်ကစားနိုင်ခဲ့တဲ့ အိမ်ရှင် ရုရှားရဲ့ခြေစွမ်းက ကောင်းမွန်ခဲ့ပါတယ်။ ကိုလိုဗင်နဲ့ ချီလီချက်တို့ ခြေစွမ်းပြခဲ့တာကြောင့်လည်း ရုရှားရဲ့ တိုက်စစ်ပိုင်းက အကောင်းဆုံးဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရုရှားအနေနဲ့ ဒီပွဲမှာသာ နိုင်ပွဲထပ်မံရရှိခဲ့မယ်ဆိုရင် နောက်တစ်ဆင့်တက်ဖို့ သေချာသွားမှာဖြစ်တဲ့ အပြင် အုပ်စုပထမနေရာကို ရယူနိုင်ဖို့ အထိပါ မျှော်လင့်နိုင်မှာဖြစ်တဲ့အတွက် အားစိုက်ကစားလာမှာဖြစ်သလို အိမ်ရှင်ပရိသတ်အားနဲ့လည်း ဖိအားပေးလာဖို့ ရှိနေပါတယ်။

### အီဂျစ်ရဲ့ အခြေအနေ

အီဂျစ်အတွက်ကတော့ အဖွင့်ပွဲစဉ်မှာ ဥရုဂွေးကို အရေးနိမ့်ခဲ့ရလို့ ဒီပွဲမှာသာ ထပ်မံအရေးနိမ့်ခဲ့မယ်ဆိုရင် ပြိုင်ပွဲက ထွက်ရဖို့ သေချာသွားမှာ ဖြစ်တယ်။ ဒါကြောင့်လည်း အီဂျစ်အနေနဲ့ ဒီပွဲမှာ အနိမ့်ဆုံး သရေကစားနိုင်ဖို့ အားစိုက်ကစားလာမှာလည်း သေချာနေပါတယ်။ အီဂျစ်အနေနဲ့ ဒီပွဲမှာ အဓိက ကစားသမားဆာလက်ကို ပွဲထွက်အသုံးပြုလာနိုင်တာကြောင့် တိုက်စစ်ပိုင်းအရလည်း ဥရုဂွေးနဲ့ပွဲကထက် ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အီဂျစ်ရဲ့ခြေစွမ်းဟာ အဖွင့်ပွဲကထက် ပိုမိုကောင်းမွန်လာနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။

### သုံးသပ်ချက်

ရုရှားက အုပ်စုက တက်နိုင်ဖို့ အတွက် အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း အီဂျစ်ကလည်း ပြိုင်ပွဲက မထွက်ရအောင် အားစိုက်ကစားလာမှာ ဖြစ်ပြီး ဥရုဂွေးကိုတောင် ၈၉ မိနစ်အထိ ထိန်းချုပ်နိုင်ခဲ့တာကို တွေ့ရတယ်။ ဒါကြောင့်လည်း ရုရှားတို့ ဒီပွဲမှာတော့ နိုင်ပွဲရဖို့ ရုန်းကန်ရနိုင်ပြီး သရေလောက် ပဲရမယ်။

## ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အနိုင် အရှုံးရလဒ်

၁၈-၆-၂၀၁၈

| | | | |
|---|---|---|---|
| အုပ်စု (င) | ဘရာဇီး | ၁-၁ | ဆွစ်ဇာလန် |
| အုပ်စု (စ) | ဆွီဒင် | ၁-၀ | တောင်ကိုရီးယား |
| အုပ်စု (ဆ) | ဘယ်လ်ဂျီယံ | ၃-၀ | ပနားမား |

◆ *ကျောဖုံးမှ*

စစ်ကိုင်း (သို့) ဟံသာဝတီနှင့် ကစားရမည်ဖြစ်ရာ ပြီးခဲ့သည့်ရာသီထက် ဗိုလ်လုပွဲသွားရာ လမ်းကြောင်းက ချောင်နေသည်။ အမှတ်ပေးပြိုင်ပွဲတွေ့ဆုံမှုတွင် တစ်ကျော့စီ အနိုင်ရထားပြီး ဟံသာဝတီအသင်းအနေ ဖြင့် ရှုံးထွက်ပြိုင်ပွဲတွင် တစ်ကျော့ပြန် အောင်မြင်မှုရရန် ဆန္ဒပြင်းပြလျက်ရှိသည်။ ဒုတိယအဆင့်တွင် နာမည်ကြီး ရတနာပုံအသင်းကို ကျော်ဖြတ်လာသည့် စစ်ကိုင်းအသင်း၏ ခြေစွမ်းကိုလျှော့တွက်၍မရသလို နည်းပြချုပ် ဦးဇော်လင်းထွန်း၏ နည်းဗျူဟာကောင်းမွန်မှုကို တွေ့မြင်ထားရပြီဖြစ်သောကြောင့် ဟံသာဝတီအသင်းအနေဖြင့် ဂရုပြုကစားမှသာ အနိုင်ရဖွယ်ရှိနေသည်။

ကွာတားဖိုင်နယ် (ပထမနေ့) ကို ဇွန် ၁၃ ရက်က ကျင်းပခဲ့ပြီး ရန်ကုန်အသင်းနှင့် မကွေးအသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက် ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲများကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ **သတင်း- ညီမြတ်သော်တာ**

❒ *ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်းတွင် **နည်းပြချုပ်**အဖြစ် ဦးဝင်းသူမို၊ **လက်ထောက်နည်းပြ**အဖြစ် ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**အဖြစ် ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး-** မေဇင်နွယ် (မြဝတီ)၊ ဇာဇာမြင့် (အား/ကာ)၊ သင်းသင်းစိုး (ဇွဲကပင်)၊ **နောက်တန်း -** ခင်သန်းဝေ၊ အေးအေးမိုး(မြဝတီ)၊ အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း (အား/ကာ)၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ယမင်းလွင် (သစ္စာအားမာန်)၊ **အလယ်တန်း-** ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ နီလာမြင့်၊ သန္တာမိုး (သစ္စာအားမာန်)၊ နုနု၊ ခင်မာလာထွန်း (အား/ကာ)၊ သန်းသန်းထွေး (ဇွဲကပင်)၊ **ရှေ့တန်း-** နီလာဝင်း၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ ရီရီဦး (အား/ကာ)နှင့် ဝင်းသိင်္ဂီထွန်း (မြဝတီ) တို့ ပါဝင်နေသည်။

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းခြေစမ်းခရီးစဉ်သွားရောက်ခဲ့သည့် ကစားသမား ၂၄ ဦးအနက် ကွင်းလယ်ကစားသမား သင်းသင်းယုကိုသာ လျှော့ချခဲ့ပြီး ကျန်ကစားသမား ၂၃ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မူလက ဇွန် ၁၈ ရက် ညနေပိုင်းတွင် လေ့ကျင့်ရန်စီစဉ်ထားသော်လည်း ကစားသမားများ နားရက်တစ်ရက်အနားရရန် လေ့ကျင့်မှုရပ်နားခဲ့ခြင်းဖြစ်ပြီး ဇွန် ၁၉ ရက် (ယနေ့)တွင် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းခြေစမ်းခရီးစဉ်မှ လိုအပ်ချက်များ၊ အားနည်းချက်များကို ပြန်လည်ပြင်ဆင်မည်ဖြစ်ပြီး နောက်ဆုံးပြင်ဆင်မှုအဖြစ် ဇွန် ၂၇ ရက်တွင် အင်ဒိုနီးရှား အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း- ညီမြတ်သော်တာ**

# မြန်မာ ယူ-၂၃ အသင်း ဇူလိုင် ၂၃ ရက်တွင် စတင်လေ့ကျင့်မည်

**ရန်ကုန် ဇွန် ၁၈**

အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းသည် Alpine Cup 2018 လေးနိုင်ငံ ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ဇူလိုင် ၂၃ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းကို ကိုင်တွယ်မည့် နည်းပြချုပ် အန်တွမ်နီဟေးသည် ကစားသမားရွေးချယ်ရန် ပြည်တွင်းပွဲများအား လိုက်လံကြည့်ရှုလျက်ရှိပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ရွေးချယ်ပေးထားသည့် ကစားသမားများအပြင် လိဂ်ပြိုင်ပွဲမှ ခြေစွမ်းပြနေသူများဖြင့် ပေါင်းစပ်ဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ဇူလိုင် ၂၃ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး ဇူလိုင် ၂၄ ရက်တွင် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည့် မန္တလေးမြို့သို့ ကြိုတင်သွားရောက်လေ့ကျင့်မည် ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းကို ပဏာမကစားသမား ၃၀ ဝန်းကျင်ဖြင့်ဖွဲ့စည်းမည်ဖြစ်ပြီး အသက် ၂၃ နှစ်အထက်ကျော်လွန်သည့် ကစားသမားများကိုလည်း ရွေးချယ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၃ အသင်း အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပပေးခြင်းဖြစ်ပြီး Alpine သောက်ရေသန့်က ပံ့ပိုးကူညီမည်ဖြစ်သည်။ လေးနိုင်ငံ ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်းနှင့်အတူ တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ဘာရိန်းယူ-၂၃ အသင်း၊ ထိုင်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်ကာ ချန်ပီယံအသင်းအား ဒေါ်လာ ၁၀၀၀၀၊ ဒုတိယဆုရအသင်းအား ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အမျိုးသားဘောလုံးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် တစ်ကျော့ပြန်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရန် ပြင်ဆင်နေခြင်းဖြစ်သည်။ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမှာ မြန်မာ ယူ-၂၃ နှင့် လက်ရွေးစင်အသင်း နည်းပြချုပ်သစ် ဂျာမန်လူမျိုး အန်တွမ်နီဟေးအတွက် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊**
**ဓာတ်ပုံ-စိုးညွန့်**



မြန်မာ ယူ-၂၃ အသင်းကို ကိုင်တွယ်မည့် နည်းပြချုပ် အန်တွမ်နီဟေး

# တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် Myanmar Fitness Dance ပြိုင်ပွဲ ထည့်သွင်းကျင်းပမည်

**ရန်ကုန် ဇွန် ၁၈**

တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် Zumba အားကစားနည်းကိုအခြေခံသည့် Myanmar Fitness Dance ပြိုင်ပွဲ ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း ဇွန် ၁၆ ရက်က ရန်ကုန်မြို့အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးစနစ် နည်းပြ ဒိုင်မွမ်းမံနှင့် Myanmar Fitness Dance သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးက ပြောကြားခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲကို နိုဝင်ဘာလတွင် မန္တလေးတိုင်းဒေသကြီး၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုများကို သိရှိနားလည်းပြီး ကိုယ်လက်လှုပ်ရှားမှုအစီအစဉ်များ၌ ကိုယ်တိုင်ဆောင်ရွက်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သို့ သွားရောက်စည်းရုံးခဲ့ပြီးဖြစ်သည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသူ ၆၄ ဦး၊ လေ့လာသူခုနစ်ဦး စုစုပေါင်း ၇၁ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို ဇွန်၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် ၃၀၁၃ ဒသမ ၅ သိန်းတန်ဖိုးရှိ အီသာအရည်နှင့် ကန့်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၇ ရက် ညနေ ၆ နာရီက ပုသိမ်ကြီးမြို့နယ် မြောက်တံတိုင်းရှည်ကျေးရွာအုပ်စု ကွင်းအမှတ်(၅၂၀)၊ ဦးပိုင် အမှတ် (၃၀/၃၁)ရှိ သရက်ခြံဝင်းအတွင်း နေထိုင်သူ မသန်းသန်း၏ နေအိမ်ကိုရှာဖွေရာ နေအိမ်ဝင်းအတွင်းမှ အီသာအရည်ပါ ပီပါ ၁၂၇ လုံး စုစုပေါင်း အီသာအရည် ၂၄၀၀၀ လီတာ၊ ကန့် (Sulphur) ၂၇၀ ကီလို(တန်ဖိုးငွေကျပ် ၃၀၁၃ ဒသမ ၅ သိန်း)နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်၊ နယ်မြေ(၁၄)(မြို့သစ်ကြီး)၊ ရွှေလမ်းမကြီးရှိ ကောင်းစားသောက်ဆိုင်အနီး၌ မအေးအေးလွင်(ခ)မခိုင်နှင့် သန်းထိုက်အောင်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၅၅ ခွက်(ဘိန်းဖြူအလေးချိန် ၅၅၀ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက် နယ်မြေ(၉) သခင်နက်ဖေလမ်း အမှတ်(၈၀)နေ ဖိုးကျော်(ခ)တင်အောင်ကျော်၏ နေအိမ်ကိုရှာဖွေရာ ဖိုးကျော်(ခ)တင်အောင်ကျော်အား နေအိမ်တွင်မတွေ့ရှိဘဲ ဗီရိုအတွင်းမှ ငွေကျပ် ၁၃၅ သိန်းကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက်ပိုင်းက ဟုမ္မလင်းမြို့နယ် ပေကုန်းကျေးရွာနှင့် တက်ခက်ကျေးရွာသွားလမ်းတွင် မိုးအောင်မောင်းနှင်ပြီး စိုးအောင်လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် သုံးခွက်(ဘိန်းဖြူအလေးချိန် ၃၃ ဂရမ်) ကို လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် ကလေးမြို့နယ် စုံလာမြိုင်ကျေးရွာအထွက်၌ ခရီးသည်တင်မော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် မကြည်တင်ထံမှ ဘိန်းဖြူ ၁၁ ဂရမ်ကို လည်းကောင်း၊ ညနေ ၄ နာရီတွင် တင်မောင်မြင့်မောင်းနှင်ပြီး မြင့်ရွှေ လိုက်ပါလာသည့် TOYOTA IPSUM မော်တော်ယာဉ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀နှင့် ဘိန်းဖြူ ၂၀ ဂရမ်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မသန်းသန်းအား ဖမ်းဆီးရမိသည့် အီသာအရည်၊ ကန့် (Sulphur) များနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၉ -၆- ၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - ဥပဒေရေးရာအဖြာဖြာ **အမေနှင့်အမေ** (၅၉)
၉း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁း၁၅ - မူးယစ်ရှောင်ရှား ကမ္ဘာ့လူသား
၁၁း၃၀ - မျက်မှောက်ရေးရာသုံးသပ်စရာ
၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မကြွေတဲ့နှင်းဆီ** အပိုင်း(၄၃)

**ညပိုင်း**

၁၆း၂၅ - YTN(Science) **ဦးနှောက် နှိုးဆွပေးတဲ့ သတင်းပို့မှု**
၁၇း၀၅ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၆၃)**
၁၇း၁၅ - **ဇွန်လအတွက် လပတ်မိုးလေဝသ အစီအစဉ်**
၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီ-ထွန်းအိန္ဒြာဗိုလ်)
၁၈း၅၀ - CHOICE (အပိုင်း-၇၁)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း-၁၈)
၂၀း၀၀ - ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - အနုပညာခန်းရိပ်သာ **အဆိုတော်မောင်သိန်းဝင်းနှင့် တွေ့ဆုံခြင်း**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း** (အပိုင်း-၂၅)
- သစ္စာတော်စူး
၀၀း၀၀ - ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Russa Vs Egypt)

## နေပြည်တော်တွင် လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ကျယာဉ်ထိန်းရဲများသည် ဇေယျာသီရိမြို့နယ်ရှိ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းလမ်းမကြီးတွင် ယာဉ်စစ်ဆေးဆောင်ရွက်နေစဉ် လိုင်စင်မဲ့ယာဉ်တစ်စီးဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုရဲအုပ် သက်နောင်ကျော်သည် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာ ရေဆင်းပရဆေးဥယျာဉ်ရှေ့ ရန်ကုန်-မန္တလေး ကားလမ်းမကြီးတွင် ယာဉ်စစ်ဆေးဆောင်ရွက်နေစဉ် ပျဉ်းမနားမြို့ဘက်မှ ရေဆင်းဘက်သို့ ကိုမျိုးအောင် (၂၇နှစ်) အောင်သာရွာနေသူ မောင်းနှင်လာသော YGN 5G/--- နံပါတ်တပ်ဆင်ထားသည့် HONDA ACTY ယာဉ်အား စစ်ဆေးရာ ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ ပြသနိုင်ခြင်းမရှိဘဲ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

အဆိုပါ လိုင်စင်မဲ့ယာဉ်မောင်းနှင်လာသူ ကိုမျိုးအောင်အား ရေဆင်းရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွင်း ရွှေထည်ပစ္စည်းများအား လိမ်လည်ယူဆောင်သွားသူအမျိုးသမီးတစ်ဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့မှ ရွှေဆိုင်နှင့် အပေါင်ဆိုင်များသို့ ရွှေထည်ပစ္စည်းများအား လိမ်လည်ယူဆောင်သွားသူ အမျိုးသမီးကို ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက ပဲခူးမြို့ဥဿာမြို့သစ်ရပ်ကွက်ကြီး ၇၊ ပေါက်ပင်ရပ်ကွက်အတွင်း၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၇ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မြောက်ဥက္ကလာပမြို့နယ်၊(စျ) ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ် ၆၆၂ ရှိ ရွှေမင်းသမီးရွှေဆိုင်သို့ အမျိုးသမီးတစ်ဦးရောက်လာပြီး ရွှေဆွဲကြိုးတစ်ကုံး ဝယ်ယူလိုကြောင်းပြော၍ အလေးချိန် ၁ ကျပ် ၇ ပဲ ၆ ရွေးသား၊ တန်ဖိုးငွေကျပ် ၁၃ သိန်း ၈ သောင်း တန် ရွှေဆွဲကြိုးတစ်ကုံးကို ဘောက်ချာဖြတ်၍ ယူဆောင်ပြီး ငွေရှင်းရန်အတွက် ၎င်း၏ ဈေးဆိုင်သို့ ငွေလိုက်ယူရန်ပြောသဖြင့် အရောင်းဝန်ထမ်းမှ ငွေလိုက်ယူစဉ် အဆိုပါ အမျိုးသမီးမှာ (စျ) ဈေးအတွင်း မျက်ခြည်ပြတ်သွားသဖြင့် အရေးယူပေးရန် တိုင်တန်း၍ မြောက်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

အလားတူ အဆိုပါ အမျိုးသမီးသည် မေ ၂၂ ရက်က သဃ်န်းကျွန်းမြို့နယ် (ဆ/က) ရပ်ကွက် လေးထောင့်ကန်လမ်းမကြီး ရွှေမြင့်မိုရ် ရွှေဆိုင်၌ လည်းကောင်း၊ မေ ၂၄ ရက်က ရန်ကင်းမြို့နယ် ၁၂ ရပ်ကွက် ကံဘဲ့ဘုတာရုံလမ်း လိုတရ အပေါင်ဆိုင်၌လည်းကောင်း ရွှေထည်ပစ္စည်းများ လိမ်လည်ရယူသွားသဖြင့် သက်ဆိုင်ရာ မြို့မရဲစခန်းများတွင် အမှုဖွင့်ထားခဲ့သည်။

ဖြစ်စဉ်များနှင့် ပတ်သက်၍ ဇွန် ၁၂ ရက်က Tin Zar Khin အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပြစ်မှုကျူးလွန်သူ အမျိုးသမီးမှ ရွှေမင်းသမီးရွှေဆိုင်သို့ရောက်ရှိလာပြီး ဆိုင်ရှင်ထံမှ ရွှေဆွဲကြိုးအား လိမ်လည်ရယူနေသည့် ဗီဒီယိုမှတ်တမ်းဖိုင်အား ဖော်ပြခဲ့သည်။

အဆိုပါ ဗီဒီယိုမှတ်တမ်းဖိုင်ပါ ပြစ်မှုကျူးလွန်သူ အမျိုးသမီးကို ဖမ်းဆီးရမိရေးအတွက် စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ မမာလာ ( ခ ) ဇောင်းတလား (၃၀ နှစ်) အား ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး ၇ ၊ ပေါက်ပင်ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းများက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**ကိုရဲ**

## တာမွေမြို့နယ်၌ တရားမဝင် ဝင်ရောက်လာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဘုန်းကျော် ဦးစီးသည့်အဖွဲ့သည် နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် ဇွန် ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က တာမွေမြို့နယ် တာမွေကြီး(ခ) ရပ်ကွက် တောင်မြင်းပြိုင်ကွင်းလမ်းနှင့် ၁၆၇ လမ်း လမ်းတိုထိပ်တွင် မသင်္ကာဖွယ်လူတစ်ဦးအား တွေ့ရှိသဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းအား စစ်ဆေးရာ မောင်တောမြို့နယ် ဖားဝပ်ချောင်းကျေးရွာနေ အဒူရှူးကူး (၃၃နှစ်)ဖြစ်ကြောင်း သိရသဖြင့် တာမွေမြို့မရဲစခန်း၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့်အတူ ပူးပေါင်းစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းသည် ၂၀၁၄ ခုနှစ်တွင် ငါးဖမ်းစက်လှေဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာခဲ့ပြီး ကွာလာလမ်ပူမြို့၌ ပန်းရံလုပ်ငန်း လုပ်ကိုင်ခဲ့ကြောင်း၊ ဇွန် ၁၃ ရက်တွင် မလေးရှားနိုင်ငံမှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ လည်းကောင်း၊ ယင်းမှတစ်ဆင့် ချင်းမိုင်မြို့သို့ ဘတ်စ်ကားဖြင့် သွားရောက်ခဲ့ပြီး ဇွန် ၁၆ ရက်တွင် ချင်းမိုင်မြို့မှ မြန်မာနိုင်ငံ မြဝတီမြို့သို့ လည်းကောင်း ဘတ်စ်ကားဖြင့် တရားမဝင် ဝင်ရောက်လာကာ ယင်းမှ တစ်ဆင့် ရန်ကုန်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ အဒူရှူးကူးအား တာမွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**ကိုရဲ**

## ဖမ်းဆီးခံ ရိုက်တာသတင်းထောက်နှစ်ဦး အမှုအား စွဲချက်တင်သင့် မသင့် ကြားနာရန် ဇူလိုင် ၂ ရက်ကို ချိန်းဆိုထား

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင် တို့ကို ယနေ့နံနက် ၁၀နာရီက မြောက်ပိုင်းခရိုင် တရားရုံးသို့ ရုံးထုတ်ရောက်ရှိပြီး တရားလိုပြသက်သေ အမှုစစ်ရဲအရာရှိ ရဲမှူးတင်မောင်ဝင်း ကို မြောက်ပိုင်းခရိုင် တရားရုံး တရားခွင်အမှတ် ၆ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်မှ လက်ခံစစ်ဆေးခဲ့ကြောင်းသိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံး ပါ-၂ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရစွဲဆိုမှုမှာ တရားလိုပြသက်သေ ၂၅ ဦး တင်ပြထားရာ ၎င်းသက်သေများ၌ ပါဝင်သူမင်္ဂလာဒုံမြို့နယ် တွဲဖက်တရားသူကြီး ဦးဇေယျာညီညီ၊ ရှာဖွေသက်သေ ဦးသန်းဝင်းနှင့် ရဲတပ်ကြပ်ကြီး ခင်မောင်လင်းတို့အား အမှုလိုက် ဥပဒေအရာရှိက သက်သေအဖြစ်မှပယ်ဖျက်လိုက်ခြင်းကြောင့် ယနေ့ထိ တရားလိုပြသက်သေ ၂၂ ဦးစစ်ဆေးပြီးဖြစ်သဖြင့် အမှုပါသက်သေများ စစ်ဆေးမှုပြီးဆုံးခဲ့သည်။ အဆိုပါ အမှုအား စွဲချက်တင်ရန်သင့် မသင့်ကို လာမည့်ရက်သတ္တတစ်ပတ်တွင် ကြားနာရန်ရှိသော်လည်း စွပ်စွဲခံသူတို့ဘက်မှ မြန်မာမီဒီယာရှေ့နေများကွန်ရက်အကျိုးဆောင်ရှေ့နေ ဦးသန်းဇော်အောင်က ရက်သတ္တနှစ်ပတ်မျှ ချိန်းဆိုပေးရန် တင်ပြလာခြင်းကြောင့် စွဲချက်တင်သင့် မသင့် နှစ်ဖက်ရှေ့နေများ၏လျှောက်လဲချက်အား ဇူလိုင် ၂ ရက်ကို ကြားနာရန်ချိန်းဆိုလိုက်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ဘုတ်ပြင်း၌ လူခြောက်ဦးနှင့် စက်လှေတစ်စင်း ပျောက်ဆုံးနေ

**နေပြည်တော် ဇွန် ၁၈**

ဘုတ်ပြင်းမြို့နယ် အလယ်မန်ကျေးရွာနေ ဦးတောလှ(ခ) တင်ဦး(၄၇နှစ်)နှင့် ၎င်း၏ ဇနီး၊ သားသုံးဦးနှင့် လှေလုပ်သားတစ်ဦး စုစုပေါင်းခြောက်ဦးသည် ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက စက်လှေဖြင့် မြိတ်မြို့နယ် ကံမော်ကျောက်ပုံကျေးရွာမှ ကုန်စိမ်းများတင်ဆောင်၍ အလယ်မန်ရွာသို့ ထွက်ခွာခဲ့သော်လည်း ယနေ့ချိန်အထိ အလယ်မန်ရွာသို့ ရောက်ရှိလာခြင်းမရှိသဖြင့် ဇွန် ၁၇ ရက် နံနက် ၉နာရီ ၄၅ မိနစ်တွင် အလယ်မန်ရွာမှ ရာအိမ်မှူး ဦးစိုးဝင်းနှင့် ရွာသားများသည် ရေငံကြီးကျေးရွာအုပ်စု အညင်းဇုံကျေးရွာအနီး ပင်လယ်ပြင်၌ သွားရောက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## မန်စီမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဗန်းမော် ဇွန် ၁၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်၌ ဇွန် ၁၈ရက် နံနက် ၁၁ နာရီက ငွေကျပ်သိန်း ၅၈၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူမှုန့် ၁၉၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်ခရိုင်မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်မြင့်ထူး ဦးစီးတပ်ဖွဲ့ဝင်များသည် မန်စီမြို့နယ် ဟန်ထက်ကျေးရွာနှင့် မန်သာကျေးရွာကြား ကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ်(၁၉/၆)နှင့် (၁၉/၇)ကြား၌ စောင့်ဆိုင်းနေစဉ် မိုးမောက်မြို့နယ်၊(၇)မိုင်အောင်သာကုန်းကျေးရွာနေ မာတူး(၃၀)နှစ် စီးနင်းလာသည့် KENBO-125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ နှင့် ဘိန်းဖြူအလေးချိန် ၁၉၈ ဂရမ် မူးယစ်ဆေးဝါး တန်ဖိုးငွေကျပ်သိန်း ၅၈၀၀၀၀၀ အားသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါး သယ်ဆောင်သူ မာတူးအား မန်စီမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဂျပန်နိုင်ငံ အိုဆာကာ၌ အင်အားပြင်းငလျင်လှုပ်ခတ်ရာ သုံးဦးသေဆုံးပြီး အမြောက်အမြား ဒဏ်ရာရ

**အိုဆာကာ ဇွန် ၁၈**

ဂျပန်နိုင်ငံ၏ ဒုတိယမြို့တော် အိုဆာကာ၌ ဇွန် ၁၈ ရက်က ရစ်ချ်စတာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခဲ့ရာ အသက် ၉ နှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် သုံးဦးသေဆုံးပြီး ဒဏ်ရာရသူအများအပြားရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောသည်။

ဂျပန်နိုင်ငံအနောက်ပိုင်း လူထူထပ်ရာဒေသတွင် ငလျင်လှုပ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူ ၁၅၀ ထက်မနည်းရှိလိမ့်မည်ဟု အာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံပြိုကျမှုအတွင်း ပိတ်မိနေသူ သုံးဦးသေဆုံးခဲ့ကြောင်းနှင့် ဒေသဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့ဝင်များက အခင်းဖြစ်ရာနေရာတွင် ကယ်ဆယ်ရေးများဆောင်ရွက်နေကြောင်း ဂျပန်နိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဝန်ကြီးဌာန ဝန်ကြီး ဟာချီရိုအိုကိုနိုချီက ပြောခဲ့သည်။

ငလျင်လှုပ်မှုကြောင့် ဓာတ်ငွေ့ပိုက်များပေါက်ထွက်ခြင်းနှင့် မီးလောင်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လူပေါင်းများစွာ ဓာတ်လှေကားအတွင်းပိတ်မိနေသည်ဟု ယုံကြည်ရကြောင်း ဒေသဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ပြောခဲ့သည်။

ငလျင်လှုပ်မှုကြောင့် ဆူနာမီသတိပေးချက်နှင့် အကြံပြုချက်ထုတ်ပြန်ထားခြင်းမရှိကြောင်း ဂျပန်နိုင်ငံ မိုးလေဝသအေဂျင်စီက ပြောသည်။ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၅၈ မိနစ်ခန့်တွင် လှုပ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်မှုကြောင့် အိုဆာကာရှိ နေအိမ်ပေါင်း ၁၇၀၀၀၀ ကျော်လျှပ်စစ်မီးပြတ်တောက်သွားခဲ့ကြောင်းနှင့် အနီးအနားပြည်နယ်ဖြစ်သည့် ဟိုဂိုပြည်နယ်မှ လျှပ်စစ်မီးများကို ငလျင်ဒဏ်ခံရသည့် အိုဆာကာပြည်နယ်သို့ ထောက်ပံ့ပေးပို့ထားကြောင်း ကန်ဆိုင်းလျှပ်စစ်ကုမ္ပဏီက ပြောခဲ့သည်။

အိုဆာကာ ဓာတ်ငွေ့ကုမ္ပဏီက မီးလောင်ကျွမ်းမှု မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ပြည်နယ်အတွင်းရှိ လူနေအိမ်ပေါင်း ၁၀၈၀၀၀ ခန့်ကို ဓာတ်ငွေ့ပေးပို့မှု ရပ်ဆိုင်းထားကြောင်း ပြောခဲ့သည်။

ဂျပန်နိုင်ငံအလယ်ပိုင်းရှိနျူကလီးယား ဓာတ်ပေါင်းဖိုများနှင့် ဖူကိုင်ပြည်နယ်ရှိ နျူကလီးယား ဓာတ်ပေါင်းဖိုတို့မှာလည်း စိုးရိမ်စရာမရှိကြောင်း တာဝန်ရှိသူများကပြောခဲ့သည်။

ငလျင်လှုပ်ရာဒေသရှိ စာသင်ကျောင်းအချို့ကိုပိတ်ပေးခဲ့ပြီး အိုဆာကာရှိ လူပေါင်း ၇၀၀ ခန့်ဘေးလွတ်ရာ နားခိုရာနေရာများသို့ ထွက်ခွာသွားခဲ့ပြီး အိုဆာကာ ထက်ဝက်ကျော်လောက်ရှိ အိမ်အတော်များများမှာ လျှပ်စစ်မီးနှင့် ဓာတ်ငွေ့များမရရှိခဲ့ကြောင်း သိရသည်။

ရှင်း-အိုဆာကာနှင့်နာဂိုရာကြားရှိ ရှင်ကန်ဆန်ကျည်ဆန်ရထားလိုင်းများကိုပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး၊ အိုကာယာမာနှင့် ရှင်-အိုဆာကာကြားရှိ ကျည်ဆန်ရထားလိုင်းများကို အန္တရာယ်ကင်းမကင်းစစ်ဆေးရန် ခဏတာပိတ်ထားကြောင်း သိရသည်။ ငလျင်လှုပ်မှုကြောင့် ပြည်တွင်းရထားများလည်း ရပ်တန့်ခဲ့ရသောကြောင့် ခရီးသည်ထောင်ပေါင်းများ သွားလိုသည့်ခရီးမရောက်ဘဲ ပိတ်မိနေကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက အစိုးရအဖွဲ့အနေဖြင့် စနစ်တကျ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း၊ လူများ၏အသက်ကိုကယ်တင်ဖို့အရေးသည် ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းထောက်များကို ပြောခဲ့သည်။ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ဂျက်လေယာဉ်များနှင့် ရဟတ်ယာဉ်များကိုလည်း သတင်းအချက်အလက်များရယူရန် အခင်းဖြစ်ရာ နေရာသို့ စေလွှတ်ထားကြောင်း သိရသည်။



ငလျင်လှုပ်ခတ်သွားသော ဂျပန်နိုင်ငံ အနောက်ပိုင်း အိုဆာကာပြည်နယ်၌ နောက်ထပ်ငလျင်များလှုပ်ခတ်နိုင်ကြောင်း ငလျင်ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

**အေအက်ဖ်ပီ**

# လက်ယာယိမ်း ဒီမိုကရက်တစ်ဗဟိုပါတီ၏ ခေါင်းဆောင် ကိုလံဘီယာသမ္မတအဖြစ် ရွေးချယ်ခံရ

**ဘိုဂိုတာ ဇွန် ၁၈**

လက်ယာယိမ်း ဒီမိုကရက်တစ် ဗဟိုပါတီခေါင်းဆောင်မစ္စတာ အိုင်ဗန်ဒူ့သည် တနင်္ဂနွေနေ့က ကျင်းပခဲ့သော ကိုလံဘီယာသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည်။

မဲအရေအတွက် ၉၉ ဒသမ ၇၆ ရာခိုင်နှုန်းရေတွက်ပြီးချိန်တွင် မစ္စတာအိုင်ဗန်က ၅၃ ဒသမ ၉၇ ရာခိုင်နှုန်းအနိုင်ရခဲ့ကြောင်း အမျိုးသားရွေးကောက်ပွဲကော်မတီ၏ ထုတ်ပြန်ချက်အရသိရသည်။

၎င်း၏ပြိုင်ဘက်ဖြစ်သူ လက်ဝဲယိမ်းနိုင်ငံရေးသမား ဂစ်တာဘို ပက်ထရိုသည် ၄၁ ဒသမ ၈၁ ရာခိုင်နှုန်းဖြင့် ဒုတိယမဲအများဆုံးဖြင့် သာကျေနပ်ခဲ့ရသည်။




ဩဂုတ်လအတွင်း ကိုလံဘီယာသမ္မတ ဂျူအန်းမန်နျူရယ်ဆန်တို့စ် သည်သမ္မတသက်တမ်း ပြည့်ပြီဖြစ်၍ ရာထူးမှ ဖယ်ပေးရတော့မည်ဖြစ်ရာ မစ္စတာ အိုင်ဗန်က သမ္မတအဖြစ်တာဝန်ယူရတော့မည်ဖြစ်သည်။

မစ္စတာ အိုင်ဗန်၏ စီးပွားရေးစီမံကိန်းမှာ ကိုလံဘီယာနိုင်ငံတွင် တိုက်ပွဲများအဆုံးသတ်ပြီးနောက် ကိုလံဘီယာနိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သွယ်ရေးသမားများအတွက် လမ်းဖွင့်ပေးထားပြီး အပြည်ပြည်ဆိုင်ရာမှ ရင်းနှီးမြှုပ်နှံသူများအတွက် ဖိတ်ခေါ်ထားသည်။

ဘိုဂိုတာ မြို့တော်ဝန်ဟောင်းဖြစ်သူ ပက်ထရို၏ မဲဆွယ်စည်းရုံးမှုတွင်မူ လူမှုရေးစီမံကိန်းများကို ဦးတည်ထားပြီး မညီမျှမှုကို ကိုင်တွယ်ဖြေရှင်းသွားမည်ဟု ကတိပြုထားသည်။

ဘိုဂိုတာမြို့တွင် မစ္စတာ ပတ်ထရိုက အနိုင်ရရှိခဲ့သော်လည်း ကိုလံဘီယာ ကျန်မြို့အများစုတွင်မူ မစ္စတာ အိုင်ဗန်က အနိုင်ရရှိခဲ့သည်။

**ဆင်ဟွာ**

# ငွေကြေးအလွဲသုံးစားမှုအယူခံရှုံးပြီးနောက် စပိန်ဘုရင်၏ ယောက်ဖ ထောင်ဒဏ်ချမှတ်ခံရ

**မက်ဒရစ် ဇွန် ၁၈**

စပိန်ဘုရင့်ယောက်ဖတော်သည် ငွေကြေးအလွဲသုံးစားပြုမှုအတွက် စွပ်စွဲခံထားရရာ အယူခံမှု ရှုံးနိမ့်သွားသည့်အတွက် ဇွန်၁၈ ရက်တွင် ထောင်ဒဏ်ချမှတ်ခံရကြောင်း အကျဉ်းထောင်အာဏာပိုင်များက ပြောသည်။

စပိန်ဘုရင်ဖိလစ်၏ အမတော် ခရစ်စတီးနာ၏ ခင်ပွန်းဖြစ်သူ အင်နာကီ အာဒိန်ဂရန် သည် မက်ဒရစ်မြို့မြောက်ဘက် ၁၀၀ ကီလိုမီတာအကွာရှိ ဗရီဗာ အကျဉ်းထောင်တွင် ပြစ်ဒဏ်ခံရမည်ဖြစ်ကြောင်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ အိုလံပစ်အားကစားသမားဟောင်းတစ်ဦးဖြစ်သူ အင်နာကီအာဒိန်ဂရန်သည် ယူရိုသန်းနှင့်ချီ၍ ငွေကြေးအလွဲသုံးစားလုပ်မှုအတွက် ထောင်ဒဏ် ငါးနှစ်နှင့် ၁၀ လချမှတ်ခြင်းခံရသည်။

ယင်းဖြစ်ရပ်ကြောင့် စပိန်ပြည်သူများကြားတွင်ရုတ်ရုတ်သဲသဲဖြစ်ခဲ့ရပြီး တော်ဝင်မိသားစု၏ပုံရိပ်ကိုလည်းအမည်းစက်ထင်ခဲ့ရသည်။ ၎င်းကို ထောင်ဒဏ်ချမှတ်ချိန်တွင် စပိန်ဘုရင်ဖိလစ်သည် အမေရိကန်ကို တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်နေပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် အင်္ဂါနေ့တွင် တွေ့ဆုံမည်ဖြစ်သည်။

မစ္စတာ အာဒိန်ဂရန်သည် သန်းခေါင်မတိုင်မီ အကျဉ်းထောင်သို့အပို့ခံရမည်ဖြစ်သည်။ ၎င်းသည် အသက် ၅၀ခန့်ရှိပြီး ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း အကျိုးအမြတ်မရှာသည့် ဖောင်ဒေးရှင်းမှ ငွေကြေးယူရိုသန်းနှင့်ချီ၍ အလွဲသုံးစားလုပ်ခဲ့ခြင်းဖြစ်သည်။

တရားရုံးချုပ်မှ ၎င်း၏အယူခံကိုပယ်ချပြီးနောက် ခြောက်ရက်အကြာတွင် ၎င်းကို ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏အလွဲသုံးစားမှုမှာ ၂၀၁၄ ခုနှစ်က စပိန်ဘုရင်ကားလို့စ် ၁ ထီးနန်းစွန့်ပြီးနောက် အသစ်တက်လာသည့်ဘုရင်ဖိလစ်၏ ဆုံးဖြတ်ချက်ပေါ်တွင် မူတည်သွားခဲ့သည်။

**အေအက်ဖ်ပီ**

# ဆီးရီးယားတွင် အီရန်စစ်ဘက်ဆိုင်ရာစခန်းများ တည်ဆောက်နေမှုကို အစ္စရေးတိုက်ခိုက်မှုများ ဆက်လုပ်မည်

**ဂျေရုဆလင် ဇွန် ၁၈**

အစ္စရေးနိုင်ငံဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အစ္စရေးနိုင်ငံ မြောက်ပိုင်းနယ်စပ်နှင့် ထိစပ်လျက်ရှိသည့် ဆီးရီးယားနိုင်ငံအတွင်း အီရန်နိုင်ငံနှင့် ၎င်း၏အပေါင်းပါများက စစ်ဘက်ဆိုင်ရာ ခြေကုပ်စခန်းများတည်ဆောက်နေမှုကို တားဆီးရန်အတွက် အစ္စရေးက တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မကြာသေးမီက ပြောခဲ့သည်။

ဂျေရုဆလင်မြို့တွင် ပြုလုပ်သည့် အစ္စရေးအစိုးရ၏ ရက်သတ္တပတ်ဝန်ကြီးအဖွဲ့အစည်းအဝေးအတွင်း နေတန်ယာဟုက ပြောကြားခဲ့ခြင်းဖြစ်သည်။

နေတန်ယာဟုက လွန်ခဲ့သော ရက်သတ္တပတ်ကုန်ပိုင်းတွင် ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သေးကြောင်း နေတန်ယာဟုက ၎င်း၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား ပြောကြားခဲ့သည်။

ဆီးရီးယားနှင့် ပတ်သက်ပြီး မိမိတို့၏ စည်းမျဉ်းစည်းကမ်းများကို ပြောပြခဲ့ကြောင်း၊ ပထမဆုံးအနေဖြင့် အီရန်သည် ဆီးရီးယားမှ အလုံးစုံ ရုပ်သိမ်းဖို့လိုကြောင်း၊ ထို့အတွက် မိမိတို့ အရေးယူမှုများပြုလုပ်ရန် လိုကြောင်း၊ ထို့အပြင် ဆီးရီးယားတွင် အီရန်နှင့် အပေါင်းပါများက စစ်ဘက်ဆိုင်ရာ ခြေကုပ်စခန်းများ တည်ဆောက်မည့် ကြိုးပမ်းချက်ကို တားဆီးရန်၊ အရေးယူမှုများ၊ လုပ်ဆောင်နေပြီဖြစ်ကြောင်း နေတန်ယာဟုက ဆက်လက်ပြောခဲ့သည်။

ဆီးရီးယားနိုင်ငံအတွင်း မည်သည့်နေရာမှာပဲရှိရှိ အဆိုပါကြိုးပမ်းချက်ကို တားဆီးရလိမ့်မည်ဟု ၎င်းက ဆက်လက်ပြောခဲ့သည်။

ဆီးရီးယားနိုင်ငံတွင် စစ်ဘက်အဆောက်အအုံများ တည်ဆောက်ရန် ကြိုးပမ်းသည့် အီရန်ကိုတားဆီးရန် အစ္စရေးနိုင်ငံသည် ဆီးရီးယားပိုင်နက်အတွင်း လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ယင်းတိုက်ခိုက်မှုမှာ အီရန်နိုင်ငံက ကျောထောက်နောက်ခံပေးထားသည့် ဟစ်ဇ်ဘိုလာတို့၏ စစ်လက်နက် ယန္တရားများကို ခြေမှုန်းရန်အတွက်သာဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### နယူးဂျာစီပြည်နယ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေ

**ဝါရှင်တန် ဇွန် ၁၈**

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ထရန်တွန်မြို့၌ မကြာသေးမီက သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ သေနတ်သမားတစ်ဦးသေဆုံးပြီး အခြားလူ ၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။

သေနတ်ပစ်ခတ်မှုသည် အနုပညာပွဲတော်တစ်ခုတွင် ဇွန် ၁၇ ရက်ဒေသစံတော်ချိန် နံနက် ၂ နာရီ ၄၅မိနစ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေနတ်ပစ်ခတ်မှုတွင် သေနတ်သမားနှစ်ဦးပါဝင်ပြီး လုံခြုံရေးရဲများက သေနတ်သမားတစ်ဦးကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း၊ တခြားတစ်ဦးကိုလည်း ဖမ်းဆီးထားကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုကြောင့် ဒဏ်ရာရသူ ၂၂ ဦးအနက် ၁၇ဦးမှာ သေနတ်ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ပြီး လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ ကျန်သူများမှာ သေနတ်ပစ်ခတ်မှုကြောင့် ရုန်းရင်းဆန်ခတ်ဖြစ်စဉ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ထရန်တွန်မြို့ မာဆာစီရင်စု၏ အစိုးရရှေ့နေတစ်ဦးက ဆိုသည်။

နှစ်ရက်ကြာကျင်းပမည်ဟု စီစဉ်ထားသော အဆိုပါ အနုပညာပွဲတော်သို့ လူထောင်ပေါင်းများစွာ တက်ရောက်ခဲ့ရာ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ပွဲတော်၏ ကျန်ရှိနေသော အစီအစဉ်များကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

စကားများရန်ဖြစ်ရာမှ စတင်ကာ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် သေနတ်ပစ်ခတ်မှုဖြစ်ပွားရသည့်အမှုကို လက်ရှိတွင် စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### ကိုရီးယားနှစ်နိုင်ငံ အားကစားအရာရှိများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

**ဆိုးလ် ဇွန် ၁၈**

တောင်ကိုရီးယားဘက် ငြိမ်းချမ်းရေးကျေးရွာ ပန်မွန်ဂျုံ၌ မြောက်ကိုရီးယားနှင့်တောင်ကိုရီးယား အားကစားအရာရှိများသည် အားကစားများတိုးမြှင့်ရန် ဇွန် ၁၈ ရက်က ဆွေးနွေးခဲ့သည်။

တောင်ကိုရီးယားအားကစားအဖွဲ့ကို ကိုရီးယားအားကစားနှင့် အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးချုပ် ဂွန်ချွန်ရှူးက ဦးဆောင်ခဲ့ပြီး မြောက်ကိုရီးယားအားကစားအဖွဲ့ကို ဒုတိယအားကစားဝန်ကြီး ဝမ်ကီအွတ်က ဦးဆောင်ခဲ့သည်။ ဧပြီလက နှစ်နိုင်ငံအားကစားခေါင်းဆောင်များ လက်မှတ်ရေးထိုးထားသော ပူးတွဲကြေညာချက်တွင် နှစ်နိုင်ငံအားကစားအဖွဲ့များအနေဖြင့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင် အတူတကွ ပူးပေါင်းပါဝင်ခြင်းဖြင့် စည်းလုံးညီညွတ်မှုရှိသည်ကို ပြသမည်ဟု ပါရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဩဂုတ်လတွင် ကျင်းပမည်ဖြစ်သော ၂၀၁၈ အာဆီယံဆီးဂိမ်းတွင် နှစ်နိုင်ငံအားကစားအဖွဲ့များအနေဖြင့် နှစ်နိုင်ငံပေါင်းစည်းညီညွတ်သည့် အသင်းတစ်ခုကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဥရောပရဲ့ ညီညွတ်မှုကို စိန်ခေါ်လာတဲ့ ရွှေ့ပြောင်းဒုက္ခသည်များ ခွဲဝေလက်ခံရေးမူဝါဒ

**ချူးစန္ဒီနွေး**

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးသင်္ဘောဖြစ်တဲ့ အကွီးရီးယက်စ်သင်္ဘောဟာ မြေထဲပင်လယ်ထဲမှာ ဒုက္ခရောက်နေတဲ့ ရွှေ့ပြောင်းအခြေချသူဒုက္ခသည် ၆၀၀ ကို သယ်ဆောင်လာပြီး မြေထဲပင်လယ်အတွင်းမှာ ရက်အတော်ကြာအောင် တလည်လည်ဖြစ်နေခဲ့ပါတယ်။**




### သဘောထားကွဲပြားမှုတွေရှိလာ

ဒီသင်္ဘောကို ကမ်းအကပ်ခံမယ့် နိုင်ငံမရှိဖြစ်နေခဲ့ပါတယ်။ ပုံမှန်အတိုင်းဆိုရင်တော့ အီတလီနိုင်ငံက ဥရောပကိုဝင်ရောက်မယ့် ဒုက္ခသည်တွေကို ဦးစွာလက်ခံပေးပေမယ့် အခုအီတလီနိုင်ငံမှာ အစိုးရသစ်တက်လာတဲ့အခါမှာတော့ အရင်လိုလက်မခံတော့ပါဘူး။ အီတလီမှာအသစ်တက်လာတဲ့အစိုးရဟာ အီးယူအဖွဲ့ကြီးရဲ့ ဒုက္ခသည် ခွဲဝေလက်ခံရေးမူဝါဒကို လက်မခံပါဘူး။ ဒီဖြစ်ရပ်ဟာ ဘာကိုမီးမောင်းထိုးပြနေသလဲဆိုရင် အီးယူအဖွဲ့ကြီးအတွင်း ချမှတ်ထားတဲ့ ဒုက္ခသည်လက်ခံရေးမူဝါဒကို လက်ခံဖို့ အဖွဲ့ဝင်နိုင်ငံတွေကြား သဘောထားကွဲပြားမှုတွေ ရှိလာပြီဆိုတာကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။ လွန်ခဲ့တဲ့သုံးနှစ်အတွင်းမှာ အီးယူအဖွဲ့ဝင်နိုင်ငံတွေဟာ ဒုက္ခသည်ခွဲဝေလက်ခံရေးမူဝါဒ အပြောင်းအလဲကိုကျင့်သုံးဖို့ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။

### စပိန်နိုင်ငံရဲ့ရက်ရောမှု

ပုံမှန်ဆိုရင်တော့ အီတလီနိုင်ငံဟာ အကွီးရီးယက်စ် သင်္ဘောလိုမျိုး သင်္ဘောတွေကို ကမ်းကပ်ခွင့်ပေးခဲ့ပေမယ့် အခုတစ်ကြိမ်မှာတော့ မပေးခဲ့ပါဘူး။ သင်္ဘောအာဏာပိုင်တွေကို စပိန်နိုင်ငံ ဗလင်ဆီယာကျွန်းဆီ မောင်းနှင်သွားဖို့ စေခိုင်းခဲ့ပါတယ်။ လက်ခံမယ့်သူမရှိတဲ့ ဒီဒုက္ခသည်တွေကို လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ စပိန်နိုင်ငံဟာ ကမ်းကပ်ခွင့်ပြုခဲ့ပါတယ်။ ဒါပေမယ့်လည်း ရာသီဥတုဆိုးရွားမှုကြောင့် တော်တော်နဲ့ ကမ်းမကပ်နိုင်ခဲ့ပါဘူး။ ဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ပြင်သစ်သမ္မတ မက်ခရွန်ဟာ အီတလီအစိုးရကို ဒေါသတကြီးဝေဖန်ခဲ့တဲ့အတွက် နှစ်နိုင်ငံဆက်ဆံရေး ဆိုးရွားခဲ့ရပါတယ်။ အီတလီနဲ့ ပြင်သစ်ဆိုတာဟာ သမိုင်းအစဉ်အလာအရ မဟာမိတ်နိုင်ငံတွေပါ။ ဒါပေမယ့်လည်း ဒီကိစ္စကြောင့် နှစ်နိုင်ငံစီးပွားရေးဝန်ကြီးတွေ တွေ့ဆုံမယ့်အစီအစဉ်ကိုတောင် ရပ်ဆိုင်းလိုက်ရပါတယ်။

### နှစ်ဖက်အဆင်ပြေစေနိုင်ရေးနည်းလမ်းရှာ

ပြီးခဲ့တဲ့သောကြာနေ့မှာတော့ အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီဟာ ပါရီမြို့ကို သွားရောက်ခဲ့ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးအဆင်မပြေမှုကို ဖြေလျှော့စေရေးအတွက် အလုပ်သဘော သွားရောက်ခဲ့ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်တွေဟာ နှစ်ဖက်အဆင်ပြေစေနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေခဲ့ကြပါတယ်လို့ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ပြီးတော့အီးယူအဖွဲ့ကြီးရဲ့ဒုက္ခသည်ခွဲဝေလက်ခံရေးမူဝါဒကို ပြုပြင်ပြောင်းလဲရေးအတွက် နှစ်ဖက်အမြင်တွေကို ဆွေးနွေးကြဖို့ သဘောတူခဲ့ကြပါတယ်။ ဥရောပကို လာချင်တဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေဟာ အီတလီကိုဦးစွာရောက်ရှိကြတဲ့အတွက် အီတလီဟာ ဒီဒုက္ခသည်တွေကို လက်ခံထားရတာ ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေပါတယ်။ ဒီအတွက် အီတလီတစ်နိုင်ငံတည်း ဒီဝန်ထုပ်ဝန်ပိုးကို ထမ်းမထားနိုင်ဘူး။ အီးယူအဖွဲ့ဝင်နိုင်ငံတွေလည်း ခွဲဝေယူသင့်တယ်လို့ အီတလီပြည်ထဲရေးဝန်ကြီးက အဆိုပြုခဲ့ပါတယ်။ အခု ပြင်သစ်သမ္မတနဲ့ တွေ့ဆုံတဲ့အခါမှာလည်း ဒီနည်းလမ်းကို အဖြေရှာဖို့ ဆွေးနွေးခဲ့ကြပါတယ်။

### အီးယူအတွက် စမ်းသပ်မှုတစ်ခု

ပြင်သစ်သမ္မတကတော့ ဒုက္ခသည်ခွဲဝေရေးမူဝါဒဟာ အီးယူအဖွဲ့ကြီးအတွက် စမ်းသပ်မှုတစ်ခု ဖြစ်လာပြီလို့ ဝန်ခံခဲ့ပါတယ်။ ပြီးတော့ ဥရောပဟာ စည်းလုံးညီညွတ်မှုစွမ်းရည် လျော့နည်းလာပြီလို့လည်း မက်ခရွန်က ဆိုပါတယ်။ အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီကတော့ ဥရောပရဲ့နယ်စပ်လုံခြုံရေးအတွက် အားဖြည့်သင့်ပြီလို့ ဆိုပါတယ်။ ဥရောပမှာရှိတဲ့ဘယ်နိုင်ငံမှ ဒီရွှေ့ပြောင်းဒုက္ခသည်ဆိုတဲ့ ကိစ္စကြီးကို ဖြေရှင်းဖို့ အားမထုတ်ကြဘူးလို့ မစ္စတာ ကွန်တီက ပြောပါတယ်။ အခုအီတလီရဲ့ ဖြစ်ရပ်လိုပါပဲ ဥရောပနိုင်ငံတွေကြား ဒီလိုမကျေလည်မှုတွေ ပေါ်ပေါက်လာလေ့ရှိပါတယ်။ ၂၀၁၅ ခုနှစ် အီးယူအဖွဲ့ကြီးရဲ့ ဒုက္ခသည်လက်ခံရေးမူဝါဒကြောင့် အီးယူအဖွဲ့ဝင်နိုင်ငံတွေကြားမှာ သဘောထားကွဲလွဲမှုတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

### ဆူးပြောင့်ခလုတ်သဖွယ်ဖြစ်လာ

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ကတော့ ဒီပြဿနာဟာ ဥရောပရဲ့ အနာဂတ်အတွက် တိကျသေချာတဲ့ စမ်းသပ်မှုတစ်ခုလို့ တင်စားလိုက်ပါတယ်။ ယူရိုပီယန်ပါလီမန်ဥက္ကဋ္ဌ အန်တိုနီယိုကတော့ ရွှေ့ပြောင်းဒုက္ခသည် ခွဲဝေလက်ခံရေးမူဝါဒကြောင့် ဥရောပကို အန္တရာယ်ဖြစ်စေတယ်လို့ အခုသီတင်းပတ်အတွင်းမှာပဲ ပြောခဲ့ပါတယ်။ စည်းလုံးညီညွတ်နေကြတဲ့ ဥရောပနိုင်ငံတွေကြားမှာ ဒီပြဿနာဟာ ဆူးပြောင့်ခလုတ်သဖွယ် ဖြစ်လာပါတယ်။ အီးယူအဖွဲ့ဝင်နိုင်ငံတွေဖြစ်ကြတဲ့ ဟန်ဂေရီနဲ့ ပိုလန်တို့ဟာ ဒုက္ခသည်ခွဲဝေလက်ခံရေးဆိုတာကို လုံးဝလက်မခံနိုင်ပါဘူး။ သူတို့ကိုထောက်ခံတဲ့ နိုင်ငံတွေကတော့ ချက်သမ္မတနိုင်ငံနဲ့ ဆလိုဗက်ကီးယားတို့ပဲဖြစ်တယ်။ သူတို့ရဲ့အကြံပြုချက်ကတော့ တရားမဝင် ဝင်ရောက်လာတဲ့ ဒုက္ခသည်တွေကို နယ်စပ်ကနေ လှည့်ပြန်ဖို့ ဖိအားပေးဖို့ပါပဲ။

### ကြီးမားလှတဲ့ဝန်ထုပ်ဝန်ပိုး

အီတလီနဲ့ ဂရိကတော့ ဥရောပနိုင်ငံတွေမှာ ကြီးမားလှတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ထမ်းရွက်ထားရတဲ့ နိုင်ငံတွေပါပဲ။ ဥရောပကို ဝင်ရောက်ဖို့ ကြိုးပမ်းကြတဲ့ဒုက္ခသည်တွေဟာ အီတလီကျွန်းတွေနဲ့ ဂရိကျွန်းတွေပေါ်ကို အရင်ရောက်ပါတယ်။ အီးယူအဖွဲ့ဝင်နိုင်ငံတွေကြားချမှတ်ထားတဲ့ မူဝါဒတွေကြောင့် ဒီလူတွေကို လက်မခံလို့လည်း မရပါဘူး။ အခုအချိန်ထိတော့ ဒီနိုင်ငံတွေဟာ ဂျာမနီနိုင်ငံဆီကပဲ အကျိုးအမြတ်ရပါတယ်။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ဟာဆိုရင် သူ့နိုင်ငံအတွင်းမှာ ဒုက္ခသည်တစ်သန်းခန့်ကို လက်ခံထားပြီး ဖြစ်ပါတယ်။ ဩစတြီးယားနဲ့ အီတလီနိုင်ငံအတွင်းမှာရှိတဲ့ ကွန်ဆာဗေးတစ် ၊ အမျိုးသားရေးဝါဒီနဲ့ ပေါ်ပြူလစ်တွေဟာလည်း ဒီပြဿနာထဲမှာ ပါဝင်လာကြတယ်။ ဂျာမနီမှာဆိုရင် ဒုက္ခသည်ခွဲဝေလက်ခံရေးကို ဆန့်ကျင်တဲ့ CSU ပါတီက ညွန့်ပေါင်းအစိုးရဖွဲ့လိုက်နိုင်ပြီး အီတလီမှာဆိုရင်လည်း ဒုက္ခသည်တွေ အခြေချနေထိုင်တာကို လက်မခံတဲ့ပါတီဖြစ်တဲ့ ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီက အာဏာရလာတယ်။

### ပြင်သစ်တစ်နိုင်ငံတည်းနဲ့တောင့်ခံနိုင်ပါ့မလား


ဥရောပကို စိန်ခေါ်လာတဲ့ဒီပြဿနာကို ဘယ်လိုမျိုးကိုင်တွယ်ဖြေရှင်းကြမှာလဲ။ ဒိန်းမတ်နဲ့ နယ်သာလန်နိုင်ငံတို့ကတော့ တတိယကမ္ဘာ့နိုင်ငံတွေမှာ ဒုက္ခသည်စခန်းတွေဖွင့်ပေးရင်ရော ဘယ်လိုလဲဆိုတဲ့ အကြံပြုချက် ထွက်ပေါ်လာပါတယ်။ ဒါပေမယ့်လည်း ဥရောပကွန်ဗင်းရှင်းက ချမှတ်ထားတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စည်းမျဉ်းတွေကြောင့် ဒီအကြံပြုချက်ကို လက်ခံဖို့ဆိုတာ မလွယ်ပါဘူး။ ဂျာမနီနိုင်ငံအတွင်းမှာဆိုရင် ဒီပြဿနာကြောင့် အတော်လေး ဂယက်ရိုက်ခဲ့ပြီး တိုင်းပြည်ကို နှစ်ပေါင်းများစွာကြာအောင် ထိန်းချုပ်ထားနိုင်တဲ့ အိန်ဂျလာမာကယ်ကို အင်အားချည့်နဲ့စေခဲ့ပါတယ်။ တရားမဝင် ဝင်ရောက်နေထိုင်မှုပြဿနာဟာ ဥရောပနိုင်ငံတွေကြား ကပ်ဆိုးသဖွယ်ဖြစ်လာပါတယ်။ အမြဲတမ်းရက်ရောပြီး ဒုက္ခသည်ခွဲဝေလက်ခံရေးမှာ တက်တက်ကြွကြွ ပါဝင်လေ့ရှိတဲ့ ဂျာမနီတောင် အခက်တွေ့နေတဲ့အချိန် ပြင်သစ်နိုင်ငံတစ်နိုင်ငံတည်းကပဲ ဒီမူဝါဒအတွက် ဆက်လက် တောင့်ခံသွားမယ်ဆိုတာဟာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ဥရောပအတွက် အခုအချိန်အခါဟာ ရုန်းကန်နေရတဲ့ ကာလဆိုလည်း မမှားပါဘူး။ နိုင်ငံအများက ဆန့်ကျင်နေတဲ့ တရားမဝင် လူဝင်မှုပြဿနာကို ဘယ်လိုဖြေရှင်းကြမှာလဲ။

### ဥရောပကိုအကျပ်ရိုက်စေတဲ့ပြဿနာ

မြေထဲပင်လယ်ထဲမှာ တဝဲလည်လည်ဖြစ်နေတဲ့ အာဖရိကက ရွှေ့ပြောင်းဒုက္ခသည်တွေကို တင်ဆောင်လာတဲ့ သင်္ဘောကတော့ စပိန်မှာ ကမ်းကပ်နိုင်ခဲ့ပါပြီ။ ဒါပေမယ့် ရှေ့ဆက်ပြီး အလားတူပြဿနာတွေ ပေါ်ပေါက်လာရင်ရော ဘယ်လိုရင်ဆိုင်ကြမလဲ။ ဘယ်နိုင်ငံက လက်ခံပေးမှာလဲ။ စပိန်နိုင်ငံဟာရေရှည်မှာရော ဒီလိုဆောင်ရွက်နိုင်ပါ့မလား။ အီးယူအဖွဲ့အတွင်း ရိုက်ခတ်မှုတွေဖြစ်လာစေခဲ့တဲ့ ရွှေ့ပြောင်းအခြေချသူဒုက္ခသည် ပြဿနာဟာ ဥရောပကိုအကျပ်ရိုက်စေတဲ့ စိန်ခေါ်မှုတစ်ရပ်ဆိုရင်လည်း မမှားပါဘူး။ **ကိုးကား -ဆင်ဟွာ**

> **"ဂျာမနီနိုင်ငံအတွင်းမှာဆိုရင် ဒီပြဿနာကြောင့် အတော်လေး ဂယက်ရိုက်ခဲ့ပြီး တိုင်းပြည်ကို နှစ်ပေါင်းများစွာကြာအောင် ထိန်းချုပ်ထားနိုင်တဲ့ အိန်ဂျလာမာကယ်ကို အင်အားချည့်နဲ့စေခဲ့ပါတယ်၊ တရားမဝင် ဝင်ရောက်နေထိုင်မှုပြဿနာဟာ ဥရောပနိုင်ငံတွေကြား ကပ်ဆိုးသဖွယ်ဖြစ်လာပါတယ်၊ အမြဲတမ်းရက်ရောပြီး ဒုက္ခသည်ခွဲဝေလက်ခံရေးမှာ တက်တက်ကြွကြွ ပါဝင်လေ့ရှိတဲ့ ဂျာမနီတောင် အခက်တွေ့နေတဲ့အချိန် ပြင်သစ်နိုင်ငံတစ်နိုင်ငံတည်းကပဲ ဒီမူဝါဒအတွက် ဆက်လက် တောင့်ခံသွားမယ်ဆိုတာဟာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး၊"**

# အမိကမ္ဘာ စခန်းသာသို့



မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များ၊ ဘူမိရုပ်သွင်အနေအထားများနှင့် ပတ်ဝန်းကျင်တို့ အရှည်တည်တံ့နေစေရန် ပြည်သူအားလုံးက ကာကွယ်ထိန်းသိမ်းရန် လိုအပ်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ လူငယ်မျိုးဆက်သစ်များအား လူသားများကြောင့် ဖြစ်ပွားရသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများလျှော့ချရေး၊ မိမိပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ဖြစ်ထွန်းလာစေရေး၊ ပတ်ဝန်းကျင်လေ့လာမှုနှင့် သုတေသနပြုမှုများအပေါ် စိတ်ဝင်စားလာစေရေးနှင့် ပညာပေးရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့အတူ လူမျိုးဘာသာမခွဲခြားဘဲ သာတူညီမျှသော အကျိုးအမြတ်များ ရရှိစေရန် ဒေသခံလူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်သည့် အလေ့အထ ရှင်သန်လာရေးကို အားပေးမှုများ ပြုလုပ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏စီးပွားရေးကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးစေရေး၊ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုးကို ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်နီးကပ်စွာ ပူးပေါင်းရင်ဆိုင်ဖြေရှင်းကြရေး၊ လူသားအရင်းအမြစ်များ၏ အရည်အသွေးကို လူသားချင်းစာနာစိတ်၊ နည်းစနစ်ကျသောအတတ်ပညာများ၊ လူမှုဘဝများတွင် တာဝန်ယူမှု၊တာဝန်ခံမှုများအပေါ် အခြေခံ၍ မြှင့်တင်ပေးရေးတို့လည်း လိုအပ်ပေသည်။

ယင်းအချက်များကို အခြေခံလျက် ပုပ္ပားတောင် ယူနက်စ်ကိုကမ္ဘာလုံးဆိုင်ရာ Geopark တည်ထောင်ရန် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ကြိုးပမ်းလျက်ရှိနေသည်။ ပုပ္ပားတောင် အမိကမ္ဘာစခန်းသာ(Mount Popa Geopark) တည်ထောင်နိုင်ရေး အတွက် အထောက်အပံ့ဖြစ်စေရန် ပထမအကြိမ် ပုပ္ပားတောင် Geopark နှီးနှောဖလှယ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ (The First Seminar and Workshop on Geopark: Mount Popa Geopark) ကို ပုပ္ပားတောင် အပန်းဖြေစခန်းဟိုတယ်တွင် ၂၀၁၈ ခုနှစ် ဇွန်လ ပထမရက်သတ္တပတ်က ကျင်းပပြုလုပ်ခဲ့ရာ ပြည်တွင်းပြည်ပ ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ယင်းနှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊သစ်တောဦးစီးဌာန၊ဘူမိဗေဒနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန၊ ထိုင်းနိုင်ငံ အမျိုးသားသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု အေဂျင်စီ(NSTDA)နှင့် တရုတ်နိုင်ငံ သိပ္ပံအကယ်ဒမီ (CAS) တို့က ပူးပေါင်းကျင်းပခဲ့သည်။

**သင်တန်းပို့ချမှုနှင့် စာတမ်းဖတ်ပွဲများ**

နှီးနှောဖလှယ်ပွဲတွင် ပြည်ပပညာရှင်များက သင်ခန်းစာများပို့ချ၍ စာတမ်းများ ဖတ်ကြားခဲ့ရာ ထိုင်းနိုင်ငံမှ Dr. Chavalit Vidthayanon က General Taxomomy and evolution of large vertebrates and plants ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံတောင်ပိုင်းရှိ Satun Geopark မှ Mr. Narongrit Thungprue က Satun Geopark is the first UNESCO Global Geopark in Thailand ခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံရှိ Geopark အတွေ့အကြုံများကိုလည်းကောင်း၊ ထိုင်းနိုင်ငံ Sunanaree နည်းပညာတက္ကသိုလ်မှ Dr. Paul J.Grote က Into Palaeobotany ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သြစတြေးလျနိုင်ငံ ဘူမိဗေဒအသင်းမှ Dr.Young Ng က Economic benefits of geoparks: the Chinese experiences ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံ Sunanaree နည်းပညာတက္ကသိုလ်မှ Dr. Paul J.Grote နှင့် တွဲဖက်ပါမောက္ခ Dr. Pratueng Jintasakul က Plant Fossils and their contributions to the Khorat Geopark ခေါင်းစဉ်ဖြင့်လည်းကောင်း သင်ခန်းစာများပို့ချခဲ့သည်။

စာတမ်းဖတ်ပွဲများတွင်လည်း CAS မှ ပါမောက္ခ ဒေါက်တာ Lin Jiaqi က Geology and Geoparks in China စာတမ်း၊ Dr. Paul J.Grote က Plants fossils from southeast asia and method of studying them စာတမ်း၊ Dr.Young Ng က Geotourism the driver of geoparks စာတမ်း၊ တရုတ်နိုင်ငံ ဘေဂျင်းဘူမိသိပ္ပံတက္ကသိုလ်မှ Dr. Xu Keijan က Geoparks more than just Rocks စာတမ်း၊ Dr. Nareerat Boonchai က Petrified wood of Mount Popa and Khorat စာတမ်းတို့ကို အသီးသီးဖတ်ကြားခဲ့ကြသည်။

ထို့အတူ မိတ္ထီလာတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် ပြင်ပမှပညာရှင်များကလည်း စာတမ်းများဖတ်ကြားခဲ့ကြသည်။

**ပုပ္ပားနှင့် ဝန်းကျင်**

မြန်မာနိုင်ငံအတွင်း Geopark များကို ကချင်ပြည်နယ်မှ ခါကာဘိုရာဇီတောင်၊ ပူတာအို ဟူးကောင်းတောင်ကြားနှင့် အင်းတော်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တွင်းတောင်၊ ရှမ်းပြည်နယ်မှ ပင်းတယလိုဏ်ဂူနှင့် အင်းလေးကန်၊ ကရင်ပြည်နယ်မှ ဇွဲကပင်တောင်၊ တနင်္သာရီတိုင်းဒေသကြီးမှ လန်ပိကျွန်းနှင့် မန္တလေးတိုင်းဒေသကြီးမှ ပုပ္ပားတောင်တို့၌ ဆောင်ရွက်နိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ပုပ္ပားတောင်ကို ပထမဦးစားပေး ရွေးချယ်ခဲ့သည်။

ပုပ္ပားတောင်သည် မြန်မာနိုင်ငံအလယ်ပိုင်း ကျောက်ပန်းတောင်းမြို့နယ် မြေပြန့်လွင်ပြင်၌ မြေပြင်ပေါ်သို့ ထီးထီးမားမား ထွက်ပေါ်နေသည့် တစ်ခုတည်းသော တောင်မြင့်ဖြစ်သည်။ ဘူမိဗေဒပညာရှင်များက ပုပ္ပားတောင်သည် လွန်ခဲ့သောနှစ် ၁၅ သန်းက ပေါ်ထွန်းခဲ့ကာ ပုပ္ပားတောင်မသည် လွန်ခဲ့သောနှစ် ၂၅၀၀၀၀ က မီးတောင်ရှင်တစ်ခုဖြစ်ခဲ့သည်ဟုယူဆပြီး မီးတောင်ပေါက်ကွဲပြီးနောက် မီးတောင်ဒေသတစ်ခုအဖြစ် ကျန်ရှိခဲ့သည်။

ပုပ္ပားမီးတောင်ကို ၁၈၆၁ ခုနှစ်တွင် သိပ္ပံပညာရှင်တစ်ဦးဖြစ်သည့် Dr.W.T. Blandford က ပုဂံမြို့ဝန်မင်း၏ ခွင့်ပြုချက်ဖြင့် ပထမဆုံး သုတေသနပြုခဲ့သည်။ ထိုအချိန်မှ ၄၇ နှစ်အကြာ ၁၉၀၈ ခုနှစ်နှင့် ၁၉၀၉ ခုနှစ်တို့တွင် Dr. E.H.Pescoe က သုတေသနပြုခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြီးစီးအောင် မဆောင်ရွက်နိုင်ခဲ့ချေ။

၁၉၂၅ ခုနှစ်နှင့် ၁၉၂၆ ခုနှစ်တို့တွင် ရန်ကုန်တက္ကသိုလ်မှ Dr.H.L.Chibber က ပုပ္ပားတောင်ကို အသေးစိတ် သုတေသနပြုခဲ့ကာ ပါမောက္ခ L.Dudley Stamp က ၁၉၂၆ ခုနှစ် ခရစ္စမတ်ကာလတွင် ပုပ္ပားတောင်တွင်နေထိုင်၍ ပုပ္ပားတောင်၏ ချော်ရည်စီးဆင်းမှုလမ်းကြောင်းကို အထူးပြုလေ့လာခဲ့သည်။

အနောက်တိုင်းပညာရှင်များက ပုပ္ပားတောင်ကို လေ့လာခဲ့ပြီးနောက် မြန်မာနိုင်ငံမှ ဘူမိဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ သစ်တောပညာ အစရှိသည့် ဘာသာရပ်အသီးသီးမှ သုတေသီများကလည်း ပုပ္ပားတောင်နှင့်ဝန်းကျင်ကို သုတေသနပြုခဲ့ကြသည်။ ဘူမိဗေဒဆိုင်ရာ ဖွဲ့စည်းပုံကို လေ့လာကြသူများ၊ မျောက်၊ ငှက်၊ လိပ်ပြာစသည့် ဇီဝမျိုးစိတ်များကို သုတေသနပြုကြသူများ၊ ပရဆေးနှင့် သစ်ခွအပါအဝင် အပင်မျိုးစိတ်များကို အထူးပြုကြသူများသည် ပုပ္ပားသို့လာရောက်၍ သုတေသနလုပ်ငန်းများကို ယခုတိုင် ဆောင်ရွက်နေကြဆဲဖြစ်သည်။ တက္ကသိုလ်အသီးသီးမှ ဘူမိဗေဒကျောင်းသားများသည် ပုပ္ပားတောင်ဝန်းကျင်သို့ နှစ်စဉ်ကွင်းဆင်းခရီးများ ထွက်ကြမြဲဖြစ်သည်။

ပုပ္ပားဒေသတွင် ဒေသခံ ငှက်မျိုးစိတ် ၇၀ ကျော်အပါအဝင် ငှက်မျိုးစိတ် ၁၃၀ ကျော်၊ မျောက်နှင့်တောကြောင် အပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ် ၁၀ မျိုး၊ လိပ်ပြာမျိုးစိတ် ၁၀၀၊ ငှက်မျိုးစိတ် ၁၇၅ မျိုး၊ ပရဆေးပင်ပေါင်း ၃၆၀၊ သစ်ခွ ၆၄ မျိုးရှိပြီး ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် စွေ့၊ မြန်မာဘီလုံးနှင့် နဖားကြူးငှက်တို့ကို တွေ့ရှိနိုင်ပေသည်။

**ကျောက်ပန်းတောင်းနှင့် ပုပ္ပား**

ကျောက်ပန်းတောင်းမြို့နယ်သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တွင် ပါဝင်ကာ အရှေ့ဘက်တွင် မိတ္ထီလာမြို့နယ်၊ အနောက်ဘက်တွင် ချောက်မြို့နယ်နှင့် ညောင်ဦးမြို့နယ်၊ တောင်ဘက်တွင် နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်၊ မြောက်ဘက်တွင် တောင်သာမြို့နယ်၊ မလှိုင်မြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိသည်။

အရှေ့မှအနောက်သို့ ၂၆ မိုင်နှင့် တောင်မှမြောက်သို့ ၂၈ မိုင်ကျယ်ဝန်းသည့် ကျောက်ပန်းတောင်းမြို့နယ်ကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက မြို့နယ်အဖြစ် ဖွဲ့စည်းခဲ့သည်။ ကျောက်ပန်းတောင်းမြို့နယ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် မြင်းခြံခရိုင်မှ ညောင်ဦးခရိုင်သို့ ပြောင်းရွှေ့ခဲ့ကာ ရပ်ကွက် ၁၂ ခု၊ ကျေးရွာအုပ်စု ၁၀၉ အုပ်စုဖြင့် ဖွဲ့စည်းခဲ့သည်။

မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားချက်များအရ ကျောက်ပန်းတောင်းမြို့ကို ပုဂံဘုရင်အနော်ရထာမင်းကြီးက တည်ထောင်ခဲ့သည်။ အနော်ရထာမင်းကြီးသည် နောင်တော်စုက္ကတေးမင်းကို အောင်မြင်ခဲ့သည့် ယခု ကျောက်ပန်းတောင်းမြို့နေရာတွင် မြို့ရွာတည်ထောင်ပေးခဲ့သည်။ လက်ရှိ အချိန်တွင် ကျောက်ပန်းတောင်းမြို့၏ အကျယ်အဝန်းသည် ၂ ဒသမ ၇၇ စတုရန်းမိုင်ဖြစ်သည်။ ယင်းနေရာတွင် မြေပြင်မှ ပေ ၆၀ ကျော် ၇၀ မြင့်မား၍ ပန်းတောင်းပုံဖြစ်နေသော သဘာဝကျောက်စိုင်ကျောက်တုံးများရှိနေသဖြင့် ယင်းတို့ကိုအစွဲပြုကာ ကျောက်ပန်းတောင်းဟု အမည်ပေးခဲ့ဟန်ရှိကြောင်း ရေးသားထားသည်။

အနော်ရထာမင်းကြီး၏ တာဝန်ပေးချက်အရ အမတ်ကြီး သီဟပတေ့သည် မြန်မာသက္ကရာဇ် ၃၇၀ ပြည့်နှစ်တွင် ခေါင်းနီအိမ်ကန်ရွာ၊ သရက်ချဉ်ရွာ၊ ညောင်စောက်ရွာနှင့် မန်ကျည်းစောက်ရွာတို့ကို စုပေါင်း၍ ကျောက်ပန်းတောင်းမြို့ကို တည်ခဲ့သည်ဟုလည်း ဆိုကြသည်။ကုန်းတော်ကြီးဘုရားတည်ရှိသည့် တောင်တန်းတွင် ထူထပ်စွာပေါက်ရောက်နေသည့် ကျောက်ပန်းများကို အစွဲပြုလျက် ကျောက်ပန်းတောင်ဟု ခေါ်ဆိုကြရာမှ ကာလရွေ့လျောလာချိန်တွင် ကျောက်ပန်းတောင်းဖြစ်လာခဲ့ကြောင်းလည်း ဆိုကြသည်။

ကျောက်ပန်းတောင်းမြို့နယ် အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်တွင် တောင်ကုန်း တောင်တန်းများရှိနေပြီး အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် မြေပြန့်လွင်ပြင်များရှိသည်။လွင်ပြင်များရှိမြေပြင်သည် သဲဆန်သောမြေဖြစ်သဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ အပါအဝင် အဓိကသီးနှံ ၁၀ မျိုးနှင့် နဂါးမောက်တို့ကို စိုက်ပျိုးထုတ်လုပ်သည်။

ကျောက်ပန်းတောင်းမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၂၂၄ ပေမြင့်ကာ မြို့နယ်အတွင်း အမြင့်ဆုံးနေရာသည် ၄၉၈၁ ပေမြင့်သည့် ပုပ္ပားတောင်ထိပ်ဖြစ်၍ အနိမ့်ဆုံးနေရာသည် ရေဆုံးကျေးရွာဖြစ်သည်။ ကျောက်ပန်းတောင်းမြို့နယ်အတွင်း၌ တောင်ဇင်းချောင်းသည် မြောက်မှတောင်သို့လည်းကောင်း၊ ကျောက်ပုံချောင်းနှင့် ပင်းချောင်းသည် အရှေ့မှအနောက်သို့လည်းကောင်း စီးဆင်းနေကြကာ ရေအရင်းအမြစ်ကောင်းမွန်သည့် ဒေသတစ်ခုဖြစ်ပေသည်။မြို့နယ်၏ အပူချိန်သည် ၂၀ ဒီဂရီစင်တီဂရိတ်နှင့် ၃၅ ဒီဂရီစင်တီဂရိတ်အကြားဖြစ်သဖြင့် နေထိုင်၍ကောင်းမွန်သော ရာသီဥတုဖြစ်သည်။

ပုပ္ပားတောင်သည် ကျောက်ပန်းတောင်းမြို့မှ ရှစ်မိုင်အကွာတွင် တည်ရှိကာ မြန်မာရာဇဝင်သမိုင်း ဒဏ္ဍာရီများဖြင့် ဆက်စပ်နေပြီး နတ်ကိုးကွယ်မှုဆိုင်ရာ ဓလေ့များ ထွန်းကားသည့်နေရာလည်း ဖြစ်သည်။

ပုပ္ပားတောင်မကြီးတွင် သစ်ရာ၊ အင်ကြင်း၊ တမလန်း၊ ဖန်ခါး၊ ကျွန်း၊ ပျဉ်းကတိုး၊ စွယ်တော်၊ စကားဝါ၊ တမာ၊ ထန်းအစရှိသည့် အပင်များပေါက်ရောက်နေကြသည်။ ထို့အတူ တောခွေး၊ တောဝက်၊ ယုန်၊ ချေ(ဂျီ)၊ သမင်နှင့် မျောက်တို့ ကျက်စားနေထိုင်ကြကာ ငှက်မျိုးစုံကိုလည်း မြင်တွေ့နိုင်ကြပေသည်။ ပုပ္ပားတောင်မကြီးကို ပုပ္ပားတောင် ဥယျာဉ်က ထိန်းသိမ်းစောင့်ရှောက်ကာ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

**ပုပ္ပားနှင့် Geopark**

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းက အမိကမ္ဘာစခန်းသာဟု မြန်မာမှုပြုထားသည့် Geopark သည် ဘူမိအမွေအနှစ်များကို စဉ်ဆက်မပြတ်သော နည်းလမ်းများဖြင့် ထိန်းသိမ်းလျက် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ပေးသည့် အဝန်းအဝိုင်းနေရာဟု ဆိုလိုသည်။ Geopark များထူထောင်မည့် စိတ်ကူးသည် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ကာလများက ကမ္ဘာ့မြေသမိုင်းတွင် ဘူမိဗေဒဆိုင်ရာ ထူးခြားသော ရုပ်သွင်များရှိသည့် နေရာဒေသများ၏တန်ဖိုးကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်လာခဲ့ချိန်တွင် အစပြုခဲ့သည်။

ပုပ္ပားတောင်ဝန်းကျင်ဒေသသည် တော၊ တောင်၊ ရေမြေ၊ သစ်တော၊ သယံဇာတများနှင့်အတူ သက်ရှိသတ္တဝါနှင့် အပင်မျိုးစိတ်မျိုးကွဲများတည်ရှိနေသဖြင့် ယင်းတို့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပုပ္ပား Geopark ကို အမျိုးသားအဆင့်မှ ယူနက်စ်ကိုအဆင့်အထိ ထူထောင်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ Geopark ကို ထူထောင်နိုင်သည်နှင့် အမျှ ဆက်စပ်လျက်ရှိသည့် ခရီးသွားလုပ်ငန်းသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ ဒေသနေပြည်သူများ၏ လူမှုဘဝများကို မြှင့်တင်နိုင်မည်ဖြစ်သည်။

ပထမအကြိမ် ပုပ္ပားတောင် Geopark နှီးနှောဖလှယ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် စာတမ်းရှင်များသည် ပုပ္ပားဝန်းကျင် လေ့လာရေးခရီးအဖြစ် ပုဂံ၊ ပုပ္ပားတောင်ကလပ်နှင့် ပုပ္ပားနယ်မြေအတွင်းရှိ သံဘိုကျေးရွာများသို့ သွားရောက်ခဲ့ကြသည်။

သံဘိုကျေးရွာသည် ပုပ္ပားတောင်၏ အနောက်ဘက်နှင့် ကိုးကွေ့ကြိုးဝိုင်းကာကွယ်တော၏ တောင်ဘက်အစပ်တွင် တည်ရှိသည်။ အိမ်ခြေ ၂၄၇ အိမ်ရှိကာ လူဦးရေ ၄၅၈၀ နေထိုင်လျက်ရှိသည့် သံဘိုရွာသည် ယခင်က ရွာပတ်လည်တွင် သံချက်ဖိုများရှိခဲ့သဖြင့် သံဘိုရွာဟု အမည်တွင်ခဲ့သည်ဟု ဆိုကြသည်။

သံဘိုရွာအနီးဝန်းကျင်တွင် အပင်နှင့်သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိရရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်စိုးက စုဆောင်းရရှိထားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများကို ရွာတွင်ခင်းကျင်းပြသခဲ့သည်။ ကျောက်ဖြစ်ရုပ်ကြွင်းနှင့် သာမန်ကျောက် ကွာခြားချက်ကို ဦးမောင်မောင်စိုးက လက်တွေ့သရုပ်ပြကာ ရှင်းလင်းပြခဲ့သည်။သိပ္ပံနည်းမကျသော်လည်း ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို လျှာဖြင့်တို့ကြည့်လျှင် လျှာတွင် စွဲမြဲစွာ ကပ်နေလေ့ရှိကြောင်း ဦးမောင်မောင်စိုးက ကျောက်ဖြစ်ရုပ်ကြွင်းငယ်တစ်ခုကို လျှာဖြင့်တို့ထိပြရာ လျှာဖျားတွင် တွဲလဲဖြစ်နေပုံကို စိတ်ဝင်စားဖွယ် မြင်တွေ့ကြရပေသည်။

ပြည်တွင်းပြည်ပ ပညာရှင်များသည် သံဘိုရွာတွင်ပြသသည့် ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာကြည့်ရှုခဲ့ကြပြီးနောက် ကျေးရွာအုပ်ချုပ်ရေးမှူးဦးမောင်မောင်စိုးနှင့်အဖွဲ့က ရွာအနီးဝန်းကျင်တွင်ရှိနေသည့် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေသည့် အပင်ကြီးများနှင့် ဆင်ခန္ဓာကိုယ်အစိတ်အပိုင်းများကို လိုက်လံပြသခဲ့သည်။ ပညာရှင်များက မြေပြင်တွင်ရှိနေသည့် ကျောက်ဖြစ်ရုပ်ကြွင်းအပင်များကို အမိုးအကာအောက်တွင် ထိန်းသိမ်းထားရန် အကြံပြုခဲ့ကြသည်။ ပုပ္ပားတောင်ဝန်းကျင်မှ ရရှိခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်းများကို လင်းပုပ္ပားဟိုတယ်တွင် ပြတိုက်တစ်ခုအဖြစ် စုဆောင်းပြသထားမှုကိုလည်း လေ့လာခဲ့ကြသည်။

အမိကမ္ဘာ စခန်းသာဟု ဆိုသည့် Geopark များအနက် နိုင်ငံ ၃၈ နိုင်ငံတွင် ယူနက်စ်ကိုအဖွဲ့က အသိအမှတ်ပြုသည့် UNESCO Geopark ၁၄၀ ရှိသည်။ အရှေ့တောင်အာရှတွင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံများတွင် အမျိုးသားအဆင့် Geopark များကို ထူထောင်ထားပြီးဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း Geopark များရှိသင့်နေပြီဖြစ်သည်။

Geopark များသည် ဘူမိဗေဒ၊ ရှေးဟောင်းသုတေသန၊ သမိုင်း၊ သတ္တဗေဒ၊ ရုက္ခဗေဒစသည့် ပညာရပ်နယ်ပယ်မျိုးစုံနှင့် ဆက်နွှယ်နေသကဲ့သို့ ခရီးသွားလုပ်ငန်းနှင့်လည်း ပတ်သက်နေပေသည်။ နိုင်ငံတကာတွင် သုတေသနပြုလိုသူများ၊ ခရီးသွားလည်ပတ်လိုသူများ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလိုသူများ၊ ယဉ်ကျေးမှုဓလေ့စရိုက်များကို လေ့လာလိုသူများသည် Geopark များသို့ သွားရောက်လည်ပတ်လေ့ရှိကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ပြည်တွင်းပြည်ပခရီးသွားများနှင့် သုတေသီများ သွားရောက်လေ့လာနိုင်မည့် ပုပ္ပားတောင် အမိကမ္ဘာ စခန်းသာကို မကြာမီနှစ်များအတွင်း ထူထောင်နိုင်မည်ဟု မျှော်လင့်မိပါသည်။ ။

ခရီးသွားဆောင်းပါး

# ဖောင်တော်ဦးမှသည် ဟဲယာရွာမဆီသို့

မောင်မောင်မြင့်ဆွေ


ဓာတ်ပုံ-ကေဇင်

ဖောင်တော်ဦးစေတီကို ဖူးမြော်ဦးချပြီးနောက် ရုပ်ပွားတော်များကို ရွှေဆိုင်းကပ်ကာ ကောင်းမှုကုသိုလ်ပြုသမျှ အမျှဝေလိုက်သည်။ ဘုရားဖူးဧည့်သည်များ၏အသံ၊ စက်လှေမောင်းနှင်သံများက ဝေ့ဝဲထွက်ပေါ်လျက်ရှိရာ အင်းလေးဖောင်တော်ဦးဘုရားဝန်းကျင်တွင် လှုပ်ရှားသက်ဝင်လျက်ရှိသည်။ ရှမ်းပြည်နယ်တောင်ပိုင်းသို့ လာရောက်သော ခရီးသွားဧည့်သည်များအတွက် အင်းလေးဖောင်တော်ဦးဘုရားဖူး ခရီးစဉ်က မပါမဖြစ်ပါဝင်မြဲ။ အထူးသဖြင့် ပွင့်လင်းရာသီတွင် ဘုရားဖူးလာရောက်သူများကို တင်ဆောင်မောင်းနှင်လာသော စက်လှေသံများက အင်းလေးကန်ရေပြင်တစ်ခွင်တွင် နေ့စဉ်ပုံတင်ထပ် ထွက်ပေါ်နေတတ်လေသည်။

**လျော့နည်း**

ကျွန်တော်က တာဝန်ဖြင့် အင်းလေးသို့ခေတ္တရောက်ရှိလာခြင်းဖြစ်ပြီး ခေါင်တိုင်မှတစ်ဆင့် အင်းလေးဖောင်တော်ဦးဘုရားသို့ လာရောက်ဖူးမြော်ခြင်းဖြစ်သည်။ ခေါင်တိုင်ဘက်တွင်လည်း ဟိုတယ်များဖြင့် တိုးတက်ဖွံ့ဖြိုးလာသော်လည်း အင်းထဲသို့ ဧည့်သည်ဝင်ရောက်မှုလျော့နည်းကြောင်း သိရသည်။ အခုလိုမိုးဦးကာလတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ဘုရားဖူးခရီးစဉ်များ နည်းပါးသွားသည်ဖြစ်ရာ နှစ်စဉ်ဤကာလများတွင် ယခုကဲ့သို့ပင်ဖြစ်ကြောင်း ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

ဖောင်တော်ဦးဘုရားက မိုးရာသီကာလဖြစ်သော်လည်း ဘုရားဖူးများပြတ်သွားသည်မရှိဘဲ လာရောက်သူအနည်းအများသာ ကွာခြားလေသည်။ ဖောင်တော်ဦးဘုရားသို့ ကျွန်တော်အကြိမ်ကြိမ်ရောက်ခဲ့ဖူးမြော်ခဲ့ဖူးသည်။ အင်းလေးကန်အတွင်း တည်ရှိနေသော ဖောင်တော်ဦးဘုရားနှင့် ပတ်ဝန်းကျင်အနေအထား၊ စက်လှေဖြင့် လာရောက်ဖူးမြော်ရခြင်းအတွက် စိတ်လှုပ်ရှားမှု၊ စက်လှေစီးရင်း ကမ္ဘာကျော် အင်းလေးကန်၏ သဘာဝမြင်ကွင်းအလှများ၏ နှစ်မျောဖွယ်ရာ အာရုံဖမ်းစားမှုများက ရင်ထဲသို့ တိုက်ရိုက်လှုပ်ခတ်စေသည့်ခံစားမှုများဖြစ်၍ ကြည်နူးနှစ်သက်မိသည်က အမှန်ပင်။

ကျွန်တော်တို့ ဖောင်တော်ဦးဘုရားရင်ပြင်သို့ ထွက်လာခဲ့ကြသည်။ ဈေးရောင်းဝယ်သည့်အသံ၊ စက်လှေမောင်းသံ၊ ခရီးသွားများအသံတို့က ပိုမိုကျယ်လောင်စွာ ကြားနေရသည်။ ရင်ပြင်ပေါ်ကို သန့်ရှင်းစွာပြုလုပ်ထားသဖြင့် လှည့်လည်ဖူးမြော်ရသည်မှာ အဆင်ပြေသည်။ ရင်ပြင်တော်ရှိ ထောင့်တစ်ထောင့်သို့သွားရောက်ကာ ဖောင်တော်ဦးစေတီအား ဓာတ်ပုံမှတ်တမ်းရယူမိသည်။

ဖောင်တော်ဦးဘုရားရင်ပြင်၌ လှည့်လည်ကြည့်ရှုလေ့လာပြီးနောက် ကျွန်တော်တို့ စက်လှေဖြင့် ဟဲယာရွာမဘက်သို့ ထွက်လာခဲ့ကြသည်။ နံနက်ခင်းနေရောင်ခြည်က အင်းလေးရေပြင်ပေါ်ဖြာကျလျက်ရှိရာ အင်းလေးကန်နှင့် ပတ်ဝန်းကျင်တောင်တန်းများအလှကို မီးဆလိုက်ထိုးပြထားသလို ဖြစ်နေသည်။ အင်းလေးကန်ရေပြင်တွင် မောင်းနှင်သွားလာနေသော စက်လှေများ၊ ဒေသခံတိုင်းရင်းသားတို့၏ ငါးရှာနေမှုများ၊ ကန်ရေပြင်တွင် ကျွန်းမျောများပေါ်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးထားမှုများကို မပြတ်တမ်းတွေ့မြင်ရသည်။

**ခေါ်ဝေါ်ခဲ့**

တကယ်တော့ အင်းလေးကန်ကို သာလွန်မင်းလက်ထက် ခရစ်နှစ် ၁၆၃၇ ခုနှစ်၌ထုတ်ပြန်သော အမိန့်တော်တစ်ရပ်တွင် စတင်တွေ့ရှိရကြောင်း လေ့လာခဲ့ဖူးသည်။ အင်းကြီးအတွင်း ရွာကြီးလေးရွာဖြစ်သော နမ့်ပန်ရွာ၊ ဝမ်လုံ(ခ)ရွာကြီးဗန့်ပုံရွာ၊ နောင်တော်(ခ)နောင်တောင်းရွာ၊ ဟိုင်းယ(ခ)ဟဲယာရွာမတို့ကို အစွဲပြုပြီး အင်းလေးကန်ဟုခေါ်ဝေါ်ခဲ့ကြောင်း မှတ်တမ်းတစ်ခု၌ ဖတ်မှတ်ခဲ့ရဖူးသည်။

ရေပြင်တွင် ရုပ်တိုက်မောင်းနှင်နေသောစက်လှေအရှိန်ကြောင့် စက်လှေဦးထိပ်မှ ရေပန်းများ တဖွားဖွားလွင့်ထွက်လာသည်။ စက်လှေသံက ရေပြင်ကိုရိုက်ခတ်ထွက်ပေါ်နေသဖြင့် သာမန်ထက်ပိုပြီး အသံကျယ်လောင်ကာ အနီးဝန်းကျင်မှ စက်လှေသံများကြောင့်လည်း စူးရှရောထွေးနေသလို ခံစားရသည်။ စက်လှေစီးရင်း အင်းလေးကန်အကြောင်း အတွေးရောက်သွားပြန်သည်။

အင်းလေးကန်သည် အကျယ်အဝန်း ၄၄ ဒသမ ၉ စတုရန်းမိုင်ရှိပြီး ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ ၂၉၀၀ ခန့်တွင် တည်ရှိသော သဘာဝရေအိုင်ကြီးတစ်ခုလည်းဖြစ်သည်။ နွေရာသီ၌ ရေအနက် ခုနှစ်ပေခန့်ရှိပြီး အနက်ဆုံးနေရာ မှာ ၁၂ ပေခန့်ရှိသော်လည်း မိုးရာသီကာလတွင် အင်းလေးကန်ရေပြင်အမြင့် ငါး ပေခန့် ထပ်မံမြင့်တက်ကြောင်း သိရသည်။ အင်းလေးကန်သည် တောင်မြောက် အလျား ကိုးမိုင်ခန့်ရှိပြီး အကျယ်ဆုံးနေရာမှာ အရှေ့အနောက် သုံးမိုင်ခွဲခန့်ရှိလေသည်။ တောင်မြောက်တန်းသော တောင်တန်းနှစ်ခုအကြား ခွက်ဝင်နေသည့် ညောင်ရွှေ ချိုင့်ဝှမ်းအလယ်တွင် အနက်ဆုံးအပိုင်း၌ တည်ရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အင်းတော်ကြီးမှလွဲပြီး ဒုတိယအကြီးဆုံး သဘာဝရေကန်ကြီးလည်း ဖြစ်သည်။

**လေ့လာခဲ့**

ကျွန်တော်တို့ စက်လှေက ဟဲယာရွာမသို့ဝင်ရာ ရေလမ်းကြောင်းအတိုင်း ဝင်ရောက်ခဲ့သည်။ ဟဲယာရွာမသို့ ၁၉၉၆ ခုနှစ်က ကျွန်တော် ပထမဆုံးအကြိမ်အဖြစ် သူငယ်ချင်းများဖြစ်သည့် ကိုစိုးခိုင်၊ ကိုအောင်တင့်၊ ကိုဌေးအောင်တို့နှင့်အတူ ရောက်ခဲ့ဖူးသည်များကို ပြန်သတိရမိသည်။ ဟဲယာရွာမကိုအခြေပြုပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသော ကိုစိုးခိုင်ကြောင့် ရောက်ရှိခဲ့ကြခြင်းဖြစ်ရာ ထိုစဉ်က သူကခရီးစဉ်ကို ဦးဆောင်ခဲ့သဖြင့် အဆင်ပြေလေသည်။ ဟဲယာရွာမရှိ ကိုတင်ဦး၊ ကိုဆန်နီတို့၏ မိဘများအိမ်တွင်တည်းခိုကာ အင်းလေးကန်နှင့် အနီးဝန်းကျင်သို့ လိုက်လံ လေ့လာခဲ့ကြခြင်းဖြစ်သည်။

“ဟဲယာရွာမရောက်ပြီ”ဆိုသဖြင့် အတွေးပြတ်သွားသည်။ ကျွန်တော်တို့ ဟဲယာရွာမသို့ရောက်သည်နှင့် လှေများဖြင့်ဈေးရောင်းနေသည့် ရေပေါ်ဈေးသို့ သွားရောက်ခဲ့ကြသည်။ အင်းသား၊ ပအိုဝ်း၊ ရှမ်း စသည့်တိုင်းရင်းသားများ၏ စိုက်ပျိုးထွက်ကုန်များ၊ လက်မှုထုတ်ကုန်များ၊ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့အဝတ်အထည်များ စသည်တို့ကို ရောင်းချနေကြခြင်းဖြစ်သည်။ ရေပေါ်ဈေးသို့ ကမ္ဘာလှည့်ခရီးသွားအချို့ လှေဖြင့်လိုက်လံကြည့်ရှုလေ့လာကာ ဓာတ်ပုံရိုက်နေကြသည်ကိုလည်း တွေ့ရသည်။

“ဟဲယာရွာမရောက်ပြီ ဆိုသဖြင့် အတွေးပြတ်သွားသည်။ ကျွန်တော်တို့ ဟဲယာရွာမသို့ရောက်သည်နှင့် လှေများဖြင့် ဈေးရောင်းနေသည့် ရေပေါ်ဈေးသို့ သွားရောက်ခဲ့ကြသည်။ အင်းသား၊ ပအိုဝ်း၊ ရှမ်း စသည့် တိုင်းရင်းသားများ၏ စိုက်ပျိုးထွက်ကုန်များ၊ လက်မှုထုတ်ကုန်များ၊ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့အထည်များ စသည်တို့ကို ရောင်းချနေကြခြင်းဖြစ်သည်”



တကယ်တော့ ရေပေါ်ဈေးနေရာအနီး ဟဲယာရွာမ၏ ကုန်းမြေပေါ်တွင်လည်း အချို့ဈေးသည်များက ရောင်းချနေကြရာ နိုင်ငံခြားသားများအား ဆွဲဆောင်မှုရှိသော ရေပေါ်ဈေးအဖြစ် ပီပီပြင်ပြင်နှင့်သဘာဝကျစွာ တည်ရှိနေသင့်သည်ဟု အတွေးဝင်မိသည်။ လှေများပေါ်တွင် ဒေသစိုက်ပျိုးထွက်ကုန်များကို တင်ပြီး ရိုးရာတိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်ရောင်းချခြင်းဖြင့် တည်ရှိနေပါက အင်းလေးကန်၏ ထင်ရှားကျော်ကြားမှုကို ပိုမိုအားဖြည့်ရာ ရောက်စေမည်ဖြစ်သည်။

အိမ်ခြေ ၂၀၀ ကျော်ရှိသည့် ဟဲယာရွာမတွင် အိမ်ကြီးအိမ်ကောင်းများတည်ရှိပြီး ရွှေထည်၊ ငွေထည်၊ လက်မှုပစ္စည်းများ ပြုလုပ်သူများလည်းရှိသည်။ လက်မှုအထည်ရက်လုပ်သူများရှိသလို သဘာဝအတိုင်း ချည်ထည်ဆေးဆိုးခြင်းလုပ်ကိုင်သူလည်း ရှားရှားပါးပါးရှိနေကြောင်း သိရသည်။ ဟဲယာရွာမ ရှေ့ရပ်ကြီးရပ်တွင်ရှိသော ဦးမြ-ဒေါ်ခင် သဘာဝ ချည်ထည်ဆေးဆိုးလုပ်ငန်းသည်လည်း စိတ်ဝင်စားစရာ ကောင်းကြောင်းသိရသည်။ အင်ကြင်းပင်မှ အခေါက်များကိုရယူကာ အခေါက်များကို တစ်ညရေစိမ်ကာ ထုထောင်းရသည်။ ထုထောင်းပြီးအခေါက်များကို တစ်နာရီကြာမျှ ရေဖြင့်ပြုတ်ပြီး ထွက်လာသည့်အရောင်ရည်များထဲသို့ သုံးညခန့် ရေစိမ်ထားသောချည်များကိုထည့်ကာ တစ်နာရီခန့် ပြုတ်ထားရသည်။ ထိုသို့ တစ်နာရီခန့်ပြုတ်ထားသော ချည်များကိုထုတ်ကာ ရေစိမ်ပြီး ပြာများကို အရည်ဖျော်ထားသောပြာရည်အိုးထဲသို့ နာရီဝက်ခန့် စိမ်ထားရသည်။ ထို့နောက် ချည်များကို ဆယ်ယူပြီး ရေလျှော်ကာ သဘာဝနေရောင်ဖြင့်လှန်းပြီး ခြောက်သွေ့ပါက ပင်နီရောင်ချည်များရရှိပြီး ပင်နီ အဝတ်အထည်များ ရက်လုပ်ရသည့်အဆင့်သို့ ရောက်ရှိသွားလေသည်။ သဘာဝ အပင်၏ အခေါက်များကိုရယူကာ လက်မှု သက်သက်ဖြင့်သာ သဘာဝအတိုင်း ပြုလုပ်သော ချည်ဆေးဆိုးနည်းဖြစ်ရာ လက်တွေ့လေ့လာနိုင်အောင် စီစဉ်ထားကြောင်းလည်း သိရသည်။ ကျွန်တော်တို့က အချိန်မရ၍ မရောက်နိုင်ခဲ့တော့။

**ဖူးမြော်**

ကျွန်တော်တို့ ဟဲယာရွာမ ရေပေါ်ဈေး ရောင်းချနေမှုကို အတန်ကြာ ကြည့်ရှုလေ့လာပြီးနောက် အောင်မင်္ဂလာဘုရားရှိရာသို့ သွားရောက်ခဲ့ကြသည်။ ဟဲယာရွာမရှိ အောင်မင်္ဂလာဘုရားက မြေပြင်တည်ထားသောစေတီများ ဖြစ်သည်။ ထုံးဖြူရောင်ကပ်လှူပူဇော်ထားသဖြင့် အဝေးမှကြည့်လျှင် မွေတော်ကုက္ကူ၊ ရွှေအင်းတိမ်စေတီများကဲ့သို့ထင်ရသည်။ စက်လှေပေါ်မှပင် စေတီများကိုဖူးမြော်ရင်းလေ့လာမိသည်။ စေတီများ၏ ရွှေထီးတော်များမှာ ရွှေရောင်ဝင်းပစွာမြင်တွေ့ရသည်။

ဟဲယာရွာမသည် အင်းလေးကန်အတွင်းတည်ရှိနေသော ရွာများအနက် အဖွံ့ဖြိုးဆုံးရွာကြီးတစ်ရွာဖြစ်သည်။ ယခင်က အိမ်တိုင်းနီးပါး ရေပြင်ပေါ်တွင်ရှိသော်လည်း ယခုအခါ ရေနည်းပါးမှုကြောင့် အချို့အိမ်များမှာ ကုန်းမြေပေါ်တွင် တည်ရှိနေပြီဖြစ်သည်။ ဟဲယာရွာမမှ ရွှေအင်းတိမ်ဘုရားသို့ စက်လှေဖြင့် ၄၅ မိနစ်ခန့်မျှ သွားရောက်ပြီး ညောင်ရွှေမြို့မှ တစ်နာရီခန့်မျှ စက်လှေဖြင့်လာရောက်နိုင်သည်။

ဟဲယာရွာမသည် နှစ်စဉ်သီတင်းကျွတ်လဆန်းမှ စတင်၍ အင်းလေးကန်အတွင်း ဖောင်တော်ဦးဘုရား ဒေသစာရီကြွချီတော်မူရာတွင် တစ်ည ကိန်းဝပ်စံပယ်သည့် ရွာလည်းဖြစ်သည်။ ရေပေါ်ဈေး၊ လက်မှုထုတ်ကုန်များကြောင့် ထင်ရှားသည့်ရွာလည်း ဖြစ်သည်။ အင်းလေးကန်ဟု အမည်တွင်သည့် ရွာကြီးလေးရွာထဲတွင် အကြီးဆုံး ရွာတစ်ရွာအဖြစ် ပါဝင်သည်ဖြစ်ရာ ထူးခြားသည်။

ကျွန်တော်တို့ ခရီးဆက်ရန်ရှိသေး၍ ဟဲယာရွာမမှ ခေါင်တိုင်သို့ စက်လှေဖြင့် ပြန်လာခဲ့ကြသည်။ အင်းလေးကန်ရေပြင်တွင် စင်ရော်ငှက်တို့ ပျံဝဲနေသည်ကို တွေ့မြင်ရပြီး ကျွန်တော်တို့ စက်လှေနောက်မှ၊ ဘေးမှ၊ အပေါ်မှနေ၍ ဝဲပျံလိုက်ပါလာကြသည်။ အင်းလေးကန်သည် သဘာဝကပေးထားသော တန်ဖိုးမဖြတ်နိုင်သည့် လက်ဆောင်တစ်ခုဖြစ်ပြီး စောင့်ရှောက်ထိန်းသိမ်းမှု အမြဲပြုလုပ်နေရန်လည်း လိုအပ်သည်။ ကျွန်တော်တို့ ခေါင်တိုင်ရောက်တော့ မွန်းလွဲ ၁ နာရီရှိနေပြီ။ ။

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်



ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ၇ ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေး စေတီ တော်ကြီးကို တည်ထားလျက်ရှိပါသည်။

ယင်းသို့တည်ထားကိုးကွယ်ရာတွင် ထေရဝါဒသာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနား ၉ မျိုး နှင့်အညီ ဖြစ်စေရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ဆောင်ရွက် လျက်ရှိပါသည်။ အဆိုပါမဟာမင်္ဂလာ ၉မျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာတို့ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက် ခဲ့ပြီးဖြစ်သောကြောင့် ၁၉.၆.၂၀၁၈ရက်နေ့တွင် သတ္တဋ္ဌာနမူလဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာကို ကျင်းပမည်ဖြစ်ပြီး အောက် ဖော်ပြပါမဟာမင်္ဂလာ ၅မျိုးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) အလယ်ဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာ၊

(ခ) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ၊

(ဂ) အထက်ဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာ၊

(ဃ) ရွှေထီးတော်တင် မဟာမင်္ဂလာ၊

(င) မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ။

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူနိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော်တည်ဆောက်ရေး တွင် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင် ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးသောင်းဝင်း<br>ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊<br>(ဝန်ကြီးရုံး)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် | ဖုန်း ၀၆၇ ၃၄၀၆၂၇၆<br>၀၉ ၄၂၀၇၀၁၄၆၃ |
| (ခ) | ဦးမောင်မောင်မျိုး<br>ညွှန်ကြားရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်၊<br>နေပြည်တော် | ဖုန်း ၀၆၇ ၃၅၅၀၁၈၃<br>၀၉ ၂၁၃၂၁၉၁ |
| (ဂ) | ဦးကြင်ခိုင်<br>ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊<br>ကမ္ဘာအေးဘုရားဝင်း၊ ရန်ကုန်မြို့ | ဖုန်း ၀၁ ၆၆၁၂၇၅<br>၀၉ ၅၁၈၃၄၇၁ |
| (ဃ) | ဦးကျော်စိန်ဝင်း<br>ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊<br>၆၂လမ်း၊ မန္တလေးမြို့ | ဖုန်း ၀၂ ၆၆၁၁၁၃<br>၀၉ ၂၀၀၀၁၀၀<br>၀၉ ၄၃၁၂၅၃၇၃ |

## မဘိမ်းမြို့နယ် အထက(ခွဲ)ကို အထကကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**မဘိမ်း ဇွန် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ဘဟဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကို အထက်တန်းကျောင်းအဖြစ် ဇွန် ၁၇ ရက်က အဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် မိုးမိတ်အခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဖြိုးမင်းဝင်း၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်ညိုညို၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘစု နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်နန်းဝေတို့က ကျောင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တာဝန်ရှိသူများက အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီးက ကျောင်းဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များကို ရှင်းလင်းပြော ကြားခဲ့သည်။

အဆိုပါကျောင်းကို ၁၉၅၇ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် မူလတန်းကျောင်းအဖြစ်၊ ၁၉၉၁ ခုနှစ် တွင် အလယ်တန်းကျောင်းအဖြစ်၊ ၁၉၉၅ ခုနှစ်တွင် တွဲဖက်အထကကျောင်းအဖြစ် ၂၀၀၈ ခုနှစ်တွင် အထက် တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ခွင့်ရရှိခဲ့ပြီး ယခု ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုလို ဖွင့် လှစ်နိုင်ခြင်းကြောင့် ဘဟဲကျေးရွာအုပ်စုအပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကျောင်းသား ကျောင်း သူများ ပညာသင်ကြားရေးတွင် ပို၍ အဆင်ပြေသွား စေကြောင်း သိရသည်။ **ထိန်လင်းဦး(ပြန်/ဆက်)**

## ဘူးသီးတောင်မြို့နယ်၌ သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ဘူးသီးတောင် ဇွန် ၁၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အတွင်း သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက် ကျေးရွာနေ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သတ် သည့် အသိပညာရပ်များကို သိရှိနားလည် နိုင်ရန် ရည်ရွယ်ပြီး သဘာဝဘေး အန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဘူးသီး တောင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးမိုး အောင်၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်၍ ဇွန် ၁၇ ရက်က ပြုလုပ်ခဲ့သည်။




ဘူးသီးတောင်မြို့နယ် ပန်းစပယ် ဆိပ်ကမ်း ပန်ဇင်းချောင်း၌ ပြုလုပ်သည့် ဇာတ်တိုက်လေ့ကျင့်မှုတွင် မြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးမိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးက ပန်ဇင်း ချောင်းအတွင်း စပိဘုတ်သုံးစီးဖြင့် လှည့် လည်၍ ဘေးအန္တရာယ်ကြောင့် တိမ်း မှောက်ခဲ့သည့်လှေတွင် ရှာဖွေကယ် ဆယ်ခြင်းများကို လက်တွေ့သရုပ်ပြကြ ကာ ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ရှေးဦးသူနာပြုစုခြင်းဆိုင်ရာများဖြင့် ကုသခဲ့ကြပြီး လူနာများကို ပြည်သူ့ ကျန်းမာရေးဌာနသို့ ပို့ဆောင်သည်ကိုပါ သရုပ်ပြခဲ့ကြသည်။

သရုပ်ပြပွဲတွင် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အနောက်တံခါးလူမှုကူညီရေး အသင်း (WDAB)မှ အဖွဲ့ဝင် လေးဦး နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ခြောက်ဦးတို့ ပါဝင်သရုပ်ပြခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေး မှူး ဦးကျော်မင်းထွန်းနှင့် ဌာနဆိုင်ရာ များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူ များ လာရောက်လေ့လာကြည့်ရှုခဲ့ကြ သည်။ **မြို့နယ်(ပြန်/ဆက်)**

## မိတ္ထီလာတွင် ကျေးရွာသုံး ထင်းစိုက်ခင်း ၂၄ ဧက၌ ယူကလစ်ပင် ၂၉၀၀၀ ကျော် စိုက်ပျိုးထား

**မိတ္ထီလာ ဇွန် ၁၈**

မိတ္ထီလာမြို့၏အနောက်ဘက် မိုင် ၃၀ ကျော်ကွာဝေးသည့် နေရာတွင်တည်ရှိ သည့် သံဘိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက်ရည်ရွယ်၍ ကျေးရွာ သုံး ထင်းစိုက်ခင်း ၂၄ ဧကကို တောင် လျော်ကန်ကြိုးဝိုင်း အကွက် ၁၀ တွင် မြို့နယ်သစ်တောဦးစီးဌာနက စိုက်ပျိုး ပေးထားပြီး အဆိုပါစိုက်ခင်းများတွင် ယူကလစ်ပင် ၂၉၀၀၀ ကျော်ကို စိုက်ပျိုး ထားကြောင်း သိရသည်။

"ဒီ တောင်လျော်ကန်ကြိုးဝိုင်းနဲ့နီးစပ် တဲ့ သံဘိုကျေးရွာအုပ်စုအတွင်းက ကျေးရွာတွေအတွက် ရည်ရွယ်ပြီးတော့ ကျေးရွာသုံးထင်းစိုက်ခင်းအဖြစ် ကြိုး ဝိုင်းမြေ ၂၄ ဧကအတွင်းမှာ ယူကလစ်ပင် ပေါင်း ၂၉၀၄၀ ပင် ကို စိုက်ပျိုးထားတာ ဖြစ်ပါတယ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံ ငွေနဲ့ ဒီကျေးရွာသုံး ထင်းစိုက်ခင်းကို စိုက်ပျိုးဆောင်ရွက်တာပါ၊ စိုက်ပျိုးပြီး ငါးနှစ်ကြာပြီးတဲ့နောက်မှ သံဘိုကျေးရွာ အုပ်စုအတွင်းက ကျေးရွာဒေသခံပြည်သူ တွေကို ထင်း၊ တိုင်အဖြစ် အသုံးပြုနိုင်ဖို့ အခမဲ့ ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစိုးလွင်သူ က ပြောသည်။

ယူကလစ်သစ်ပင်များမှာ ဒေသ၏ ရာသီဥတုဘေးဒဏ်ကို ခံနိုင်ရည်ရှိပြီး သတ်မှတ်ကာလရောက်၍ ခုတ်ယူလျှင် သစ်ပင်ကို မြေပြင်မှ တစ်ပေခန့်အကွာမှ ခုတ်ယူရပြီး ကျန်ရှိသည့်ငုတ်ကို ချွန်ပေး ပါက မိုးရေဝင်၍ သစ်ပင်ပုတ်သွားခြင်း မရှိဘဲ အသစ်တစ်ဖန် ပြန်လည်၍ ကြီး ထွား ရှင်သန်နိုင်သည်ဟု ၎င်းက ရှင်းပြ သည်။ ဇွန် ၁၉ ရက်တွင်လည်း မိတ္ထီလာ မြို့မှ မြောက်ဘက် ၁၂ မိုင်ခန့် ကွာဝေး ပြီး လိန်တောကျေးရွာအနီးတွင် တည်ရှိ သည့် လိန်တောကြိုးပြင်ကာကွယ်တော တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ၍ မျှင်ဝါး ၃၀၊ ဖျောက်ဆိပ် ၅၀၊ ဥသျှစ် ၅၀၊ ကုက္ကို ၅၀၊ သစ်ပလွေ ၅၀နှင့် ဒဟတ်ပင် ၅၀ တို့ကို စိုက်ပျိုးကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## အမာမြို့နယ် ပင်လယ်ကမ်းခြေဒေသများမှ သဘာဝဘေးသင့် ပြည်သူများအား ထောက်ပံ့

**ဖျာပုံ ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်အတွင်း ပင်လယ်ကမ်းခြေဒေသများမှ ရေဘေးသင့်ပြည်သူများအား ဖျာပုံခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ကယ် ဆယ်ရေးပစ္စည်းများ ဇွန် ၁၆ ရက်က သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ဇွန် ၁၃ရက်နှင့် ၁၄ရက်က ပင်လယ်ဒီရေမြင့်တက်ခြင်းနှင့် လှိုင်းရိုက်ခတ်ခြင်းကြောင့် ပင်လယ်ကမ်းခြေဒေသများဖြစ်သည့် အမာမြို့နယ် နောက်မီးကျေးရွာ၊ တောကျိုး ကျေးရွာ၊ အမာစုကျေးရွာနှင့် မင်္ဂလာသောင်တန်းကျေးရွာများရှိ လူနေအိမ်များ၊ တဲများ ပြိုကျခြင်း၊ ယိုင်နဲ့ပျက်ဆီးခြင်းများရှိခဲ့၍ ပြည်သူများအား ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ရာတွင် ဖျာပုံခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှူး ဒေါ်သီသီချိုက သဘာဝဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားပြီး ရေဘေးသင့်နေအိမ်ပြိုကျသူ အိမ်ထောင်စု ၁၆ စုအတွက် ကယ်ဆယ် ရေးပစ္စည်း ၁၅ မျိုးစီနှင့် ယိုင်နဲ့သွားခဲ့သော နေအိမ်ခြောက်လုံးအတွက် ကယ်ဆယ် ရေးပစ္စည်း ၁၀ မျိုးစီ၊ သဘာဝဘေးသင့်ပြည်သူများ စားသောက်ရေးအတွက် ထောက်ပံ့ ငွေ ၂၇၀၉၀၀ ကျပ်နှင့် နေအိမ် ရှစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ ကျပ် ၁၇ သိန်းခွဲတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



## ရေးမြို့မှ လေဘေးသင့်အိမ်ထောင်စုများအား ကူညီထောက်ပံ့

**ရေး ဇွန် ၁၈**

မွန်ပြည်နယ် ရေးမြို့နယ်တွင် မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် လူနေ အိမ်အချို့ ပျက်စီးမှုများရှိခဲ့၍ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဦးစီးဌာနမှ တာဝန်ရှိသူများက ဇွန် ၁၆ ရက်က အဆိုပါ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေးမြို့နယ်တွင် ဇွန် ၁၄ ရက်က အစင်ကျေးရွာအုပ်စု ခမင်းဆိပ်ကျေးရွာ၌ ပင်လယ် ရေမြင့်တက်လာ၍ နေအိမ်ခြောက်လုံး ရေထဲမျောပါ ပျက်စီးသွားခဲ့ရသလို ဇွန် ၇ ရက်ကလည်း လေပြင်းတိုက်ခတ်ခံရသောကြောင့် အောင်မင်္ဂလာရပ်ကွက်မှ လူနေအိမ် ကိုးလုံး ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် တာဝန်ရှိသူများက ပင်လယ်ရေမြင့်တက်မှုကြောင့် ပျက်စီးသွားသော နေအိမ်များအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းပံ့ပိုးငွေ ကျပ် တစ်သိန်းစီနှင့် ထောက်ပံ့ပစ္စည်း ၁၆ မျိုး၊ သုံးရက်စာ ဆန်ဖိုးထောက်ပံ့ငွေနှင့် ပြည်နယ် အစိုးရမှ ပံ့ပိုးပေးသည့် ထောက်ပံ့ပစ္စည်းခုနစ်မျိုးစီတို့ကို ပေးအပ်ခဲ့ကြပြီး အောင်မင်္ဂလာ ရပ်ကွက်မှ နေအိမ်ပျက်စီးမှုရှိသည့် အိမ်ကိုးလုံးအတွက်လည်း ထောက်ပံ့ပစ္စည်း ၁၁ မျိုးစီနှင့် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးများကို ကူညီထောက်ပံ့ပေးခဲ့ကြကြောင်း သိရ သည်။ **နေမျိုးထွဋ်(ရေး)**

# မင်းကွန်း ဦးပုကြီးပိဋကတ်တိုက်မှ ပေပုရပိုက်များကို ထိန်းသိမ်းရေး ဆက်လက်ဆောင်ရွက်နေ

**စစ်ကိုင်း ဇွန် ၁၈**

စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသရှိ တောင်ပေါ်ကြီးကျောင်း ဦးပုကြီးပိဋကတ်တိုက်မှ ပေပုရပိုက်များ ထိန်းသိမ်းခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းညွှန်မှုဖြင့် နှစ်ဆန်းပိုင်းကပင် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်အထိလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဦးပုကြီးပိဋကတ်တိုက်မှ ရှေးဟောင်းပေပုရပိုက်များ မပျက်စီးစေရန်နှင့် တာရှည်ခံစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ရုရှားနိုင်ငံ မော်စကိုအစိုးရတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာ Alexey Kiichenko(ခ)ဦးမြင့်လွင် ဦးစီးလမ်းညွှန်ပြီး ဦးစိုးညွန့်၊ ဦးဟန်စိုးတင့်၊ စစ်ကိုင်းရှေးဟောင်းသုသေသနဌာနမှ ဦးလုပြုံးနှင့် ဦးရာဇာအောင်တို့ ပူးပေါင်းလျက် ယခုနှစ်ဇန်နဝါရီလအတွင်းမှစတင်ကာ ပေပုရပိုက်များကို စနစ်တကျပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေပုရပိုက်များမှာ လူ၊ ပိုးမွှား၊ ရာသီဥတု၊ သဘာဝဘေးဒဏ်များကြောင့် အထားအသို မှန်ကန်မှုမရှိခြင်း၊ ခြကိုက်ပျက်စီးခြင်း၊ အစိုပြန်ခြင်း၊ မှိုတက်ဆွေးမြည့်နေခြင်းစသည့် ပျက်စီးယိုယွင်းမှုများဖြစ်လျက်ရှိရာ စနစ်တကျပြန်လည်ထိန်းသိမ်းခြင်း၊ ခြကိုက်၊ မှိုတက်နေသည့် ပေထုပ်များကို သန့်ရှင်းခြင်း၊ ရောနှောနေသော ပေထုပ်များကို ကျမ်းခေါင်းစဉ် အက္ခရာစဉ်များ ကိုက်ညီမှုရှိအောင်စီစဉ်ဆောင်ရွက်ခြင်း၊ ဖုန်မှုန့်များထူထပ်နေသောပေထုပ်များကို သန့်ရှင်းခြင်း၊ ဆီသုတ်လိမ်းခြင်း၊ ကျိုးပဲ့နေသော၊ ဆွေးမြည့်နေသော၊ ပေထုပ်များကိုဘူးများဖြင့် စနစ်တကျထည့်သွင်းထားရှိ သိမ်းဆည်းနိုင်ရန် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ်များကို တစ်ခုချင်းစီအသေးစိတ်ပြုလုပ်ရသည့်အတွက် ထိန်းသိမ်းရန်လုပ်ဆောင်ရသည့်အချိန်မှာ ကြာမြင့်ကြောင်း သိရသည်။



အဆိုပါ ပေပုရပိုက်များမှာ ရှေးဘုရင်များ၊ ရှာသူကြီးများ၊ ရဟန်းသံဃာတော်များက ပေရွက်များပေါ်တွင် ရေးသားခဲ့သော ရှာတည်သမိုင်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်းနှင့် ရှေးသမိုင်းအထောက်အထားများ ထည့်သွင်းရေးသားထားရှိသော ပေပုရပိုက်စာများ ဖြစ်ကြပြီး အလွန်များပြားလှသည့် ပေပုရပိုက်များတွင် ရေးသားထားသည့် စာတမ်းအသီးသီးနှင့် ကျမ်းများကို သမိုင်းခေတ်အဆက်ဆက် မှတ်တမ်းကျန် ရှိစေရန် ယခုကဲ့သို့ ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ပေစာပုရပိုက်များ ထိန်းသိမ်းမှုကို သက်ဆိုင်ရာဌာနများက ဝန်ထမ်း အင်အားတိုးချဲ့၍ မြို့နယ် ကျေးရွာများအထိ ကွင်းဆင်းလေ့လာခြင်းနှင့် ထိန်းသိမ်းခြင်းများ ပြုလုပ်နိုင်ပါက တိမ်မြုပ်ပျောက်ကွယ်နေသည့် သမိုင်းများ၊ ဓလေ့ရိုးရာထုံးတမ်းစဉ်လာများ ပို၍ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## ကျောက်တံခါးမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ကျောက်တံခါး ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လက်ခံကျေးရွာအုပ်စုမှ လေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ထောက်ပံ့ငွေပေးအပ်ပွဲကို တလိုင်းဆန်းဘုရား ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၁၆ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ပန်းအိခိုင်နှင့်အဖွဲ့က လက်ခံကျေးရွာအုပ်စု တလိုင်းဆန်းဘုရား အနီးတစ်ဝိုက်တွင်နေထိုင်ကြသော လေဘေးသင့်အိမ်ထောင်စု ၁၆ စုမှ အမိုးလန်ပျက်စီးသည့် အိမ်တစ်အိမ်လျှင် ထောက်ပံ့ငွေ ကျပ်လေးသောင်းနှင့် ပြိုကျပျက်စီးသည့် တစ်အိမ်လျှင် ထောက်ပံ့ငွေ ကျပ်ငါးသောင်းစီ၊ လေဘေးကြောင့် သေဆုံးသူ စောချစ်ချစ်အတွက် ကျန်ရစ်သူမိသားစုအား ထောက်ပံ့ငွေ ကျပ်သုံးသိန်းနှင့် တလိုင်းဆန်းဘုရားပြုပြင်ရန်အတွက် အလှူငွေ ကျပ်တစ်သိန်းတို့ကို ပေးအပ်ခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

## သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ရေးဆွဲရေး ဟားခါး၌ အလုပ်ရုံဆွေးနွေး

**ဟားခါး ဇွန် ၁၈**

ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(International Organization for Migrat ion-IOM) အဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဟားခါးမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေး စတုတ္ထအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၈ ရက်က မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဟားခါးမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ (IOM) မှတာဝန်ရှိသူများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး ဟားခါးမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်ဖီယာန်က သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်(IOM)အဖွဲ့၏ ဟားခါးမြို့နယ်တာဝန်ခံ ဆရာကေးလျန်ကပ်က ဟားခါးမြို့နယ်အတွင်းဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများ၊ လိုအပ်သောလုပ်ငန်းစီမံချက်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက်တွင်လည်း ဆက်လက်ကျင်းပကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




## မအီမြို့၌ ရေကြီးရေလျှံ၍ လယ်ယာမြေများနှင့် သိုလှောင်စပါးများ နစ်မြုပ်ပျက်စီး

**မအီ ဇွန် ၁၈**

ရခိုင်ပြည်နယ်အတွင်း ရက်သတ္တပတ်ခန့်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှု၊ မိုးသက်လေပြင်း ကျရောက်မှုတို့ကြောင့် မအီမြို့နယ်အတွင်းရှိ ကျေးရွာများ ရေကြီးနစ်မြုပ်ခြင်း၊ ဆည် တာတမံများကျိုးပေါက်ခြင်းတို့ ဖြစ်ပွားပြီး ရေကြီးနစ်မြုပ်မှုကြောင့် လမူးကျေးရွာအုပ်စုအတွင်းရှိ လမူးမော်ရွာ၊ သူငယ်ရွာ၊ ဘူရွှေမော်ရွာနှင့် လိပ်ကုန်းဘောင်ရွာ စသည့် ကျေးရွာများမှ တောင်သူ ၁၈၀ ၏ လယ်ယာမြေများနှင့် သိုလှောင်စပါးများနစ်မြုပ်ပျက်စီးမှုများ ရှိခဲ့ကြောင်း သိရသည်။



ရေကြီးမှုကြောင့် တောင်သူ ၁၈၀ ခန့်၏ အိမ်များ၌ သိုလှောင်ထားသော စပါးများ ရေလွှမ်းမိုးနစ်မြုပ်ခြင်းနှင့် ရေစီးဖြင့် မျောပါသွားခြင်းများ ဖြစ်ခဲ့ကာ စုစုပေါင်း စပါးတင်း နှစ်သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ထို့အပြင် ဂျိဖြူတောင်ကျေးရွာအုပ်စု၌လည်း ငွေတွင်းတူး၊ နန်းတင်ကျ၊ မောက်လုံးပြား၊ ကျောက်ကြီးတွင်း၊ ငှက်ပျောချောင်း၊ အုန်းတောကျွန်း၊ ကမ်းပါးပြို၊ ထန်းပင်ကုန်းနှင့် ယာခင်းပြင်စသည့် ဆည်တမံများ ကျိုးပေါက်ခဲ့ပြီး အဆိုပါ ဆည်တမံများ ကျိုးပေါက်ခဲ့မှုကြောင့် တောင်သူ ၆၁ ဦး၏ လယ်ယာမြေ ၅၆၆ ဧကမှာ လတ်တလော ထွန်ယက်စိုက်ပျိုး၍ မရတော့ဘဲ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရသည်။

**မောင်မောင်ဌေး( ပြန် /ဆက်)**

## မြေသားတမံကျိုးကျ၍ ငပလီမှ တောင်သူများ လယ်ယာလုပ်ကိုင်ရန် အခက်တွေ့နေ

**ငပလီ ဇွန် ၁၈**

ပြီးခဲ့သည့်ရက်များက သံတွဲခရိုင်အတွင်း ကုန်းတွင်းပိုင်း မုန်တိုင်းငယ်ဝင်ရောက်တိုက်ခတ်ခဲ့၍ ငပလီမြို့တွင် နေအိမ်အချို့ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပြီးနောက် ဇွန် ၁၂ ရက်မှ ၁၅ ရက်အထိ လေးရက်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုနှင့် ပင်လယ်ရေမြင့်တက်မှုတို့ကြောင့် ဂေါ့ရပ်ကွက်ရှိ မော်ချေမြေသားတမံ ကျိုးကျပျက်စီးခဲ့ကြောင်းသိရသည်။

မြေသားတမံ ကျိုးကျခြင်းကြောင့် တမံကို အမှီပြု၍ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးတို့မှာ အခက်အခဲများ ကြုံတွေ့ခဲ့ကြောင်း၊ တမံကျိုးကျပျက်စီးခဲ့သည့်အတွက် ပင်လယ်မှဆားငန်ရေများ ဝင်ရောက်ကာ ထွန်ယက်စိုက်ပျိုးရာတွင် အခက်အခဲတွေ့နေကြောင်း သိရသည်။ ဒေသခံတောင်သူ ဦးစန်းယုက "တောင်သူကိုးဦးလုပ်ကိုင်နေတဲ့ဧက ၆၀ ရှိတယ်၊ ကျွန်တော်ဆိုရင် လယ်ယာမြေတွေ ထွန်ယက်ပြီးသား၊ မျိုးစပါးအတွက် ပျိုးထောင်တာလည်း ၁၅ တင်းလောက် ပျိုးထောင်ထားပြီးဖြစ်တယ်၊ အခုဆားငန်ရေတွေ ဝင်သွားတဲ့အတွက် ပျိုးထောင်စပါးကို စိုက်ဖို့နေရာမရှိတော့ဘူး၊ မျိုးစပါးတွေဆုံးရှုံးသွားပြီး၊ တမံကိုပြုပြင်ဖို့က အခုအချိန်မျိုးမှာမလွယ်ကူလောက်ဘူး၊ ဒီတမံက တောင်သူတွေ စုပေါင်းပြီး ပြုပြင်ထားတဲ့ တမံဖြစ်တဲ့အတွက် အခုလက်ရှိမှာ ပြုပြင်ဖို့ ငွေအား၊ လူအား ခက်ခဲနိုင်တယ်" ဟု ပြောသည်။ တမံကျိုးကျသည့်နေရာသို့ ငပလီမြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူလှိုင်၊ မြို့မီးသတ်ဦးစီးမှူး၊ မြို့ပြန်/ဆက်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဇွန် ၁၆ ရက်က ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လှိုင်းရိုက်ခတ်မှုကြောင့် မျှော်ရစ်ဘုရားတောင်ခြေ မြေထိန်းနံရံအက်ကွဲ

**လောင်းလုံး ဇွန် ၁၈**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကမ်းပနီကျေးရွာရှိ မျှော်ရစ်ဘုရားတောင်ခြေတွင် လမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ထားသော ပေ ၄၀၀ မြေထိန်းနံရံသည် ပြီးခဲ့သည့်ရက်က မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ရေလှိုင်းခတ်ခြင်းတို့ကြောင့် အရှည် ၂၅ ပေခန့် ကွဲအက်ခဲ့ကြောင်း သိရသည်။

ကွဲအက်သွားသော အဆိုပါမြေထိန်းနံရံကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် လောင်းလုံးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ဇွန် ၁၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး မျှော်ရစ်ဘုရားဂေါပကအဖွဲ့များနှင့်လည်း တွေ့ဆုံကာ ဘုရားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကိုလည်း ကြည့်ရှုခဲ့သည်။

**စိုးထွန်း(ပြန်/ဆက်)**

# ရေတာရှည်တွင် တောင်သူပိုင်ထွန်စက်များကို စက်မှုလယ်ယာဦးစီးဌာနက အခမဲ့ပြုပြင်ပေး

**ရေတာရှည် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးကြမည့် တောင်သူများ အချိန်နှင့်တစ်ပြေးညီ ထွန်ယက်ပြီးစီးနိုင်ရေးအတွက် တောင်သူလယ်သမားများပိုင်သည့် ထွန်စက်များ ချွတ်ယွင်းမှုပျက်စီးမှုများကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများက အခမဲ့ ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

"ခုချိန်က မိုးထယ်ရေးကို အချိန်မီဆောင်ရွက်နေကြရတာ ဖြစ်တော့ တောင်သူပိုင်ထွန်စက်တွေ ကျွန်တော်တို့စက်မှုလယ်ယာဦးစီးဌာနကို လာရောက်အကူအညီတောင်း ပြုပြင်ခိုင်းတာတွေ ရှိပါတယ်၊ အများဆုံးဖြစ်တာကတော့ ရိုတာဗေတာ ဓားစက်ထွန်နဲ့ ရှေ့ဖိုးဝိုးကရောင်းတွေပြင်ပေးရတယ်၊ အများဆုံး ချွတ်ယွင်းတာကလည်း အဲဒီအစိတ်အပိုင်းတွေဖြစ်တာများပါတယ်၊ ကျန်တာတွေကတော့ ပျက်စီးမှုမရှိပါဘူး၊ ဒီမှာရှိတဲ့ ကျွမ်းကျင်စက်ပြင်ဝန်ထမ်းတွေက အခမဲ့ ကူညီဆောင်ရွက်ပေးနေတာပါ" ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသန်းဦးက ပြောသည်။



ရေတာရှည်မြို့နယ် တစ်ခုလုံးအနေဖြင့် တောင်သူပိုင်ထွန်စက် အစီးရေ ၂၂၆ စီး၊ လက်တွန်းထွန်စက်ငယ် ၂၄၇၇ စီးရှိကြောင်း သိရသည်။ ထို့အပြင် မြို့နယ်စက်မှုလယ်ယာစခန်းမှ လုပ်ငန်းခွင်ဝင်သည့် မြင်းကောင်ရေ ၄၇ ကောင်အားကူဘိုတာ ထွန်စက်ရှစ်စီးဖြင့်လည်း ထွန်ယက်ပေးလျက်ရှိရာ မိုးရာသီ လျာထားဧက ၄၀၀၀ ရှိသည့်အနက် လက်ရှိတွင် ၁၇၅၀ ဧက ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ ထွန်စက်ပိုင်ဆိုင်သော တောင်သူများအနေဖြင့် စက်ကိရိယာများကို သုံးစွဲရာတွင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်သင့်သလို ချွတ်ယွင်းမှုရှိပါက ကျွမ်းကျင်နားလည်သူများကိုသာ ပြသပြုပြင်သင့်ပြီး မိမိတို့သဘောဆန္ဒဖြင့် မကျွမ်းကျင်ဘဲ ပြုပြင်ခဲ့ပါက ငွေကုန်ကြေးကျများနိုင်သည့်အပြင် ပျက်စီးမှုများ မကြာခဏ ထပ်မံဖြစ်ပေါ်နိုင်ကြောင်း စက်ပြင်ဝန်ထမ်းတစ်ဦးက အကြံပြု ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# ရာသီဥတု ပြန်လည်ကောင်းမွန်လာ၍ ဟိုင်းကြီးကျွန်းမှ ရေယာဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲ

**ဟိုင်းကြီးကျွန်း ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့သို့ ပုသိမ်မြို့မှ အလှည့်ကျခုတ်မောင်းပြေးဆွဲလျက်ရှိသော ကမ်းရိုးတန်း အမြန်ရေယာဉ်များသည် ပြီးခဲ့သည့် ဇွန် ၁၃ ရက်မှ ၁၇ ရက်အတွင်း မိုးသက်လေပြင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှုများကြောင့် ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်ပေါ်စေရန် ရေလမ်းခရီး ပြေးဆွဲခြင်းကို ငါးရက်ကြာ ယာယီရပ်နားခဲ့ပြီးနောက် ဇွန် ၁၈ ရက် နံနက်ပိုင်းမှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း ကမ်းရိုးတန်းအမြန်ရေယာဉ်လက်မှတ် အရောင်းဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမှ ပုသိမ်မြို့သို့ ခုတ်မောင်းပြေးဆွဲလျက်ရှိသော ကမ်းရိုးတန်းအမြန်ရေယာဉ်များမှာ ပိုလိုင်ကြီး၊ ပုသိမ်သူ(၈)၊ ပုသိမ်သူ(၁၀)၊ မြတ်ပြည့်စုံ ရေယာဉ်များဖြစ်ပြီး ပြီးခဲ့သည့် ဇွန် ၁၃ ရက် နံနက်ပိုင်းမှစ၍ ပုသိမ်မှ ဟိုင်းကြီးကျွန်းသို့အဆင်းကို ပြေးဆွဲခြင်း မရှိတော့ကြောင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လှိုင်းလေပြင်းခြင်းနှင့် ရေကြီးရေလျှံခြင်းများကြောင့် ယာဉ်လိုင်းများ ယာယီရပ်နားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်များအတွင်း အဆိုပါ ရေယာဉ်လေးစင်းအပြင် ဟိုင်းကြီးကျွန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများကြား ခရီးစဉ်များဖြစ်သည့် ချောင်းဝ-ပုသိမ် ရေယာဉ်လိုင်းနှင့် ဒီးဒူးကုန်း-ပုသိမ် ကမ်းရိုးတန်း အမြန်ရေယာဉ်လိုင်းများလည်း ခေတ္တရပ်နားခဲ့ကြပြီး ယခုအချိန်တွင်မူ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေကြပြီဖြစ်ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ပုသိမ်မြို့သို့ တိုက်ရိုက်ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများအားလုံးသည် ပွင့်လင်းရာသီများ၌ ညဘက်တွင် ခုတ်မောင်းကြပြီး မိုးကြိုကာလမှစ၍ မိုးတွင်းကာလတစ်ခုလုံးတွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် နံနက်ပိုင်းအချိန်တွင် ပြောင်းလဲခုတ်မောင်းလေ့ရှိရာ ယခုအခါ ရေယာဉ်လိုင်းများအားလုံး နံနက်ပိုင်းအချိန်တွင်သာ ပြောင်းလဲခုတ်မောင်းနေပြီဖြစ်ကြောင်းလည်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ရေးမြို့၌ ရေဘေးသင့်ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းငါးခု ဖွင့်ထား

**ရေး ဇွန် ၁၈**

မွန်ပြည်နယ် ရေးမြို့နယ်မှ နေရာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်နေသဖြင့် ရေဘေးသင့်ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းငါးခု ဖွင့်ထားပြီး အဆိုပါစခန်းငါးခုတွင် ဇွန် ၁၈ ရက်အထိ အိမ်ထောင်စု ၃၆၂ စုမှ လူဦးရေ ၁၀၃၇ ဦးအား ကူညီစောင့်ရှောက်ထားကြောင်း သိရသည်။




ကယ်ဆယ်ရေးစခန်းများကို ပြည်သူ့အားကစားရုံ၊ နန်းဦးဘုန်းတော်ကြီးကျောင်း၊ တပလ္လင်နှစ်ဆူဓမ္မာရုံ၊ ကျိုက်သီမွန်ဘုန်းကြီးကျောင်းတို့တွင် ဖွင့်လှစ်ထားပြီး နယ်မြေခံတပ်ရင်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းဖွဲ့များက ရေဘေးသင့်ပြည်သူများ၏ လတ်တလော စားသောက်နေထိုင်ရေးအတွက် အကူအညီများပေးနေသော်လည်း အကူအညီများ ဆက်လက်လိုအပ်နေသေးကြောင်း ကယ်ဆယ်ရေးစခန်းတာဝန်ခံ လဝကဦးစီးမှူး ဦးမျိုးခိုင်က ပြောသည်။

ယာယီကယ်ဆယ်ရေးစခန်းတစ်ခုတွင် နေထိုင်နေရသည့် ဒေသခံတစ်ဦးကလည်း "ရေက ကျတာနှေးတယ်၊ မနေ့ကထက် ရေက အခု ငါးပေလောက် ပြန်ကျသွားတယ်၊ အခုရေနစ်မြုပ်တဲ့အထဲမှာ ဈေးပစ္စည်းတွေ ပျက်စီးဆုံးရှုံးတဲ့သူတွေရှိသလို အိမ်ပါမျောသွားတာလည်း ရှိတယ်"ဟု ပြောသည်။

ရေးမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့တွင် ရေလွှမ်းမိုးနေခြင်းကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများ၊ လယ်ယာဥယျာဉ်ခြံမြေများ ရေနစ်မြုပ်နေပြီး လမ်းပန်းဆက်သွယ်သွားလာရေးအတွက်လည်း အခက်အခဲများရှိနေကြောင်းနှင့် ရေကြီးမှုကြောင့် အသက် ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# စလင်းမြို့နယ်တွင် ချောင်းကမ်းပါးပြိုနိုင်သည့်နေရာမှ အိမ်များကို ကြိုတင်ပြောင်းရွှေ့

**စလင်း ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇရပ်လှကျေးရွာအုပ်စု ရှားတော(အနောက်) ကျေးရွာသည် စလင်းချောင်းဘေးတွင် ကပ်လျက်တည်ရှိပြီး ယခုရက်ပိုင်းအတွင်း ချောင်းရေများ အဆက်မပြတ် အရှိန်ပြင်းစွာ စီးဆင်းလျက်ရှိသောကြောင့် ချောင်းကမ်းပါးပြိုကျပါက ထိခိုက်ဆုံးရှုံးမှုများမရှိစေရန် ကမ်းပါးဘေးရှိ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၂၅ ဦးတို့အား ဇွန် ၁၆ ရက် နံနက်ပိုင်းက ကြိုတင်ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ အဆိုပါ အိမ်ငါးအိမ် ကြိုတင်ပြောင်းရွှေ့မှုတွင် စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာနေပြည်သူများက ပူးပေါင်းကူညီခဲ့ပြီး နေအိမ်များကိုဖျက်၍ ဘေးလွတ်ကင်းရာ ဆွေမျိုးသားချင်းများ၏ နေအိမ်ဝိုင်းများအတွင်းသို့ ပြောင်းရွှေ့ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖားကန့်၌ မိုးသည်းထန်၍ တံတားတစ်စင်း တောင်ကျရေဖြင့် မျောပါ



**ဖားကန့် ဇွန် ၁၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ ဇွန် ၁၇ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ စီးဆင်းခဲ့သဖြင့် ည ၇ နာရီခန့်တွင် ဆိပ်မူကျေးရွာအုပ်စု ဆန်းကြွယ်ကျေးရွာနှင့် ဖားပြင်ကျေးရွာကြား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် ကွန်ကရစ်တံတားတစ်စင်း တောင်ကျရေနှင့် မျောပါသွားကြောင်း သိရသည်။

အဆိုပါတံတားသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တည်ဆောက်ထားသည့် တံတားဖြစ်ပြီး အကျယ် ၁၁ ပေခန့်ရှိ ကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း၊ တံတားပျက်စီးမှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း၊ တံတားပျက်စီးသည့်နေရာတွင် ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် ဖားကန့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာရေးအဖွဲ့တို့ ပူးပေါင်းကာ ယာယီသစ်သားတံတားတစ်စင်းကို တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ယနေ့မှစတင်ကာ လိုင်စင်များပြုလုပ်ပေးနေ

**မြစ်ကြီးနား ဇွန် ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဇွန် ၁၈ ရက်မှစတင်ကာ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ယာဉ်လိုင်စင်ပြုလုပ်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ယာဉ်လိုင်စင်များကို သီတာရပ်ကွက်ရှိ မိုးလုံလေလုံအားကစားခန်းမတွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီထိ ရုံးချိန်အတွင်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ မြစ်ကြီးနားမြို့အမှတ် ၉၈ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ ဆိုင်ကယ်လိုင်စင်ပြုလုပ်ပေးရာတွင် ယာဉ်တစ်စီးကို စည်းကြပ်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းကို ကညန-အာမခံ စီးပွားရေးဘဏ်၊ စည်ပင်၊ မြို့နယ်အခွန်၊ မြို့နယ်ထွေအုပ် စသည့်ဌာနများမှ အခွန်ကောက်ခံ၍ ယာဉ်လိုင်စင်ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ယာဉ်လိုင်စင်ပြုလုပ်ပေးခြင်းကို ဇွန် ၁၈ ရက်မှ စတင်ကာ စက်တင်ဘာ ၁၈ ရက်ထိ သုံးလကြာ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# စလင်းတမံသို့ ရေဝင်ရောက်မှုများနေသော်လည်း စိုးရိမ်ဖွယ်မရှိ

**စလင်း ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ဇွန် ၉ ရက်မှ ၁၄ ရက်အထိ မိုးများအဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် စလင်းတမံသို့ ရေအဝင်များခဲ့ပြီး စိုးရိမ်ရေမှတ် ၇၆၀ သို့ ရောက်ခဲ့ကာ ရေပိုလွှဲမှ ဆည်ရေများကျော်ကျခဲ့သော်လည်း တမံ၏ကြံ့ခိုင်မှု ကောင်းမွန်၍ စိုးရိမ်ဖွယ်မရှိကြောင်းနှင့် ယခုအခါမိုးပြတ်ပြီး မူလအခြေအနေသို့ ရောက်ရှိပြီဖြစ်၍ မိုးစပါးများစိုက်ပျိုးရန် ရေစတင်ပေးဝေတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စလင်းတမံကို ၁၉၉၈ အောက်တိုဘာလက စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ဩဂုတ်တွင် ပြီးစီးခဲ့ကာ စလင်းမြို့နှင့် မိုင် ၄၀ ခန့်အကွာတွင် ရှိသည်။ တမံအတွင်း ရေကုဗပေ ၁၃၃၀၀၀ သိုလှောင်နိုင်ပြီး စလင်းမြို့နယ်အတွင်းရှိ လယ်ဧက ၆၉၁၂၆ ဧကအတွက် စိုက်ပျိုးရေပေးဝေနိုင်ကာ ယခုနှစ်တွင် အကျိုးပြုဧက ၃၃၀၀၀ သို့ ရေပေးဝေမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် စလင်းတမံ၏ ရေတံခါးကို ပြင်ဆင်နေရ၍ နွေစပါးအတွက် ရေမပေးဝေနိုင်ခဲ့သောကြောင့် စလင်းမြို့နယ်တွင် ယခုနှစ် နွေစပါးမစိုက်ပျိုးခဲ့ရကြောင်းနှင့် ယခုအခါ ရေတံခါးကို ပြန်လည်ပြုပြင်ပြီးဖြစ်၍ မိုးစပါးစိုက်ပျိုးရေကို ယခု ဇွန်လအတွင်း စတင်ပေးဝေသွားတော့မည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မြေပြို၍ ထားဝယ်-ရေး ကားလမ်းမကြီးပေါ်တွင် ယာယီလမ်းပိတ်ဆို့မှုဖြစ်ခဲ့

**ကလိန်အောင် ဇွန် ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကလိန်အောင်မြို့ လော့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာအနီး ထားဝယ်-ရေး ကားလမ်းပေါ်တွင် ဇွန် ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က လမ်းညာဘက်ခြမ်းတောင်းစောင်း မြေပြိုကျခဲ့ပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

ကားလမ်းမပေါ်တွင် မြေသား အလျား ပေ ၂၀ ခန့်နှင့် မြေသားထု နှစ်ပေခန့်အထိ ပြိုကျခဲ့ခြင်းဖြစ်ပြီး မြေကြီးများ ပိတ်ဆို့နေမှုကြောင့် လမ်းပေါ်ရှိ ကားနှင့် ဆိုင်ကယ်များ ဖြတ်သန်းသွားလာမှု ခေတ္တရပ်နားခဲ့ရကြောင်း၊ လမ်းမပေါ်ရှိ ပိတ်ဆို့နေသောမြေသားများကို လမ်းအထူးအဖွဲ့(၂၃) မှ ဦးစီးအရာရှိ ဦးဟိန်းဇော်ထွန်း ဦးဆောင်သည့်အဖွဲ့က ဘက်ဟိုးယာဉ်ဖြင့် လာရောက်ရှင်းလင်းဖယ်ရှားပေးခဲ့ရာ မွန်းလွဲ ၂ နာရီခန့်တွင် လမ်းတစ်ခြမ်း ၁၀ ပေခန့် ပွင့်သွား၍ ယာဉ်များ စတင်ဖြတ်သန်းသွားလာနိုင်ခဲ့ကာ ညနေ ၄ နာရီခွဲတွင် လမ်းတစ်ခုလုံးကို ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လမ်း၊ တံတားတွေကို နည်းပညာအသစ်တွေနဲ့ ဆောင်ရွက်နိုင်အောင် ဆက်လက်ကြိုးစားသွားမယ်



ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦး

မြန်မာနိုင်ငံဆောက်လုပ်ရေး ပညာရှင်များအဖွဲ့သည် မေ ၂၆ ရက်မှ ဇွန် ၃ ရက်အထိ တရုတ်နိုင်ငံမှ လမ်း၊ တံတားများကို ကိုးရက်ကြာ သွားရောက်လေ့လာခဲ့ကြသည်။ ထိုသို့သွားရောက်လေ့လာရာတွင် China Railway Major Bridge Group Co.,Ltd.(MBEC)နှင့် China Road and Bridge Corporation(CRBC)တို့မှ ဆောက်လုပ်ထားသည့် ကမ္ဘာ့အဆင့်မီနည်းပညာသုံး လမ်း၊ တံတားများနှင့် ဆောက်လုပ်ဆဲ လမ်း၊ တံတားလုပ်ငန်းခွင်များကို သွားရောက်လေ့လာခဲ့ကြခြင်းဖြစ်သည်။

CRBC ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းများကို လွန်ခဲ့သည့်နှစ် ၂၀ ကျော်ခန့်ကပင် စတင်၍ ပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုလည်း မြန်မာနိုင်ငံမှ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံက သက်တမ်းရင့်ကြိုးတံတားများ၏ ကြံ့ခိုင်မှုအခြေအနေများ စစ်ဆေးခြင်းကို ဆောင်ရွက်နေသည်။ ထို့အပြင် CRBC Belt and Road အတွက် မြန်မာနိုင်ငံ လမ်း၊ တံတားစီမံကိန်းအတော်တော်များများကိုလည်း ကန်ထရိုက်ရရှိထားကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ လမ်း၊ တံတားစီမံကိန်းများတွင် ပါဝင်ပတ်သက်နေသည့် CRBC ကုမ္ပဏီ၊ တရုတ်နိုင်ငံ၏ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုနှင့် လမ်း၊ တံတားဆောက်လုပ်မှုဆိုင်ရာ နည်းပညာဖွံ့ဖြိုးတို့နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦး၏ အမြင်များကို မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ဆရာတို့ရဲ့တရုတ်ပြည်လေ့လာရေးခရီးစဉ်အကြောင်း ပြောပြပေးပါ။**

ဖြေ။ ။တရုတ်နိုင်ငံကို လေ့လာရေးလာတဲ့ရည်ရွယ်ချက်ကတော့ ရန်ကုန်သန်လျင်တံတားကြီး တည်ဆောက်စဉ်ကပါဝင်ခဲ့တဲ့ တရုတ်အင်ဂျင်နီယာတွေနဲ့ ဂုဟန်းမှာတွေ့ဖို့ဖြစ်ပါတယ်။ အဲဒီတံတားကြီးမှာဆောင်ရွက်ခဲ့တဲ့ တရုတ်အင်ဂျင်နီယာတွေကလည်း မြန်မာနိုင်ငံက မဇ္ဈိမဒီယာကနေတစ်ဆင့် တွေ့ချင်တယ်လို့ပြောလို့ပါ။ ဒီအတွက်ကြောင့် သန်လျင်တံတားကြီးကို ဆောင်ရွက်ခဲ့တဲ့ တရုတ်အင်ဂျင်နီယာတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ မြန်မာအင်ဂျင်နီယာတွေ ကျွန်တော်တို့လေ့လာရေးအဖွဲ့မှာ ခုနစ်ဦးပါပါတယ်။ အဲဒီခုနစ်ဦးရယ်၊ နောက်ဆောက်လုပ်ရေးဝန်ကြီးဌာနကို အကြံပေးနေတဲ့ အကြံပေးအဖွဲ့တွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့ ဝန်ထမ်းအငြိမ်းစားကြီးတွေ စုပေါင်းပြီးလာကြတာပါ။ တရုတ်နဲ့ မြန်မာပူးပေါင်းပြီး တရုတ်နိုင်ငံက ချေးငွေနဲ့ တည်ဆောက်ခဲ့တဲ့ ရန်ကုန်သန်လျင်တံတားဟာ ၁၉၈၆ ခုနှစ်မှာ ဆောက်ခဲ့ပြီးတော့ ၁၉၉၃ ခုနှစ်မှာ ဒီတံတားကြီး ပြီးစီးခဲ့ပါတယ်။ တရုတ်နိုင်ငံကို သွားရတဲ့ နောက်ထပ်ရည်ရွယ်ချက်ကတော့ တရုတ်နိုင်ငံရဲ့ အခြေခံအဆောက်အအုံ (Infrastructure)ဖွံ့ဖြိုးမှုတွေကိုလည်း သွားရောက်လေ့လာတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အဲဒီလို အခြေခံအဆောက်အအုံ (Infrastructure)တွေ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုနည်းပညာတွေနဲ့ ဘယ်လိုဆောင်ရွက်မလဲဆိုတာလေ့လာဖို့ ရည်ရွယ်ချက်တွေနဲ့ ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။

**မေး။ ။အခုဆရာတို့ရဲ့လေ့လာရေးခရီးစဉ်မှာ ဘယ်မြို့တွေက လမ်းတွေနဲ့ တံတားတွေကို လေ့လာခဲ့ပြီးပြီလဲ။ ဒီလို လေ့လာခဲ့ပြီးတဲ့လမ်းတံတားတွေနဲ့ ပတ်သက်ပြီး ဆရာ့ရဲ့အမြင် သုံးသပ်ချက်ကို သိချင်ပါတယ်။**

ဖြေ။ ။ကျွန်တော်တို့ ရန်ကုန်ကထွက်လာတော့ ယူနန်ပြည်နယ်ရဲ့မြို့တော် ကူမင်းကို ရောက်ပါတယ်။ ကူမင်းကနေ တစ်ဆင့် အမြန်ရထားစီးပြီး ကွေ့ကျိုးပြည်နယ်ကိုရောက်ပါတယ်။ အဲဒီ ကွေ့ကျိုးပြည်နယ်ထဲမှာ ကျွန်တော်တို့ အဓိကလေ့လာရတာကတော့ အမြန်လမ်းမကြီးကိုလေ့လာရပါတယ်။ အမြန်လမ်းမကြီးဟာဘယ်လိုပုံစံမျိုးလဲဆိုတော့ ရိုးရိုးလမ်းတွေနဲ့ မတူပါဘူး။ ဟိုင်းဝေးလမ်းမကြီးတွေဆိုတာကတော့ တောင်တက်တောင်ဆင်းတွေနဲ့ သွားမယ်။ အဲဒီလိုမျိုးသွားတဲ့လမ်းတွေ မဟုတ်ဘဲနဲ့ တောင်တက်တောင်ဆင်းလည်းမရှိတော့ဘူး။ သူကချိုင့်ဝှမ်းတွေရှိတယ်။ တောင်အောက်ဆင်းရမယ်ဆိုရင် မဆင်းတော့ဘဲ တံတားထိုးထားလိုက်တယ်။ နောက်တစ်ခုတောင်ကိုဖြတ်ရတော့မယ်ဆိုရင် တောင်ပေါ်မတက်တော့ဘဲ တောင်ကိုလိုဏ်ခေါင်းဖောက်ပြီးသွားတဲ့ဟာတွေကို ကျွန်တော်တို့အဓိကထားပြီး လေ့လာပါတယ်။ ကျွန်တော်တို့လေ့လာခဲ့တဲ့ တံတားတွေက အမြင့်အားဖြင့် ပေ ၁၅၀၀ လောက်အထိရှိတဲ့ တံတားတွေရှိပါတယ်။ ကမ္ဘာ့ဒုတိယအမြင့်ဆုံး တံတားတွေကိုလည်း ကျွန်တော်တို့လေ့လာခဲ့ပါတယ်။ လမ်းတွေဆိုရင်လည်း အမြန်လမ်းမကြီးတွေပေါ့လေ။ ဥမင်လိုဏ်ခေါင်းတွေ ဖောက်ထားတဲ့ လမ်းတွေကို လေ့လာခဲ့ရပါတယ်။



ကြိုးတံတားဆောက်လုပ်ရေးလုပ်ငန်းခွင်အား မြန်မာပညာရှင်အဖွဲ့လေ့လာစဉ်။

**မေး။ ။ တရုတ်နိုင်ငံရဲ့ လမ်း၊ တံတားတွေနဲ့ လမ်း၊ တံတား ဆောက်လုပ်ရေးဆိုင်ရာ နည်းပညာတွေ အပေါ်မှာလည်း သုံးသပ်ပေးပါ။**

ဖြေ။ ။တရုတ်နိုင်ငံဟာ နည်းပညာအားဖြင့်ဆိုလို့ရှိရင် ကမ္ဘာ့အဆင့်မီနည်းပညာတွေရှိပြီး တံတားတွေဆောက်တဲ့အခါမှာလည်း ကမ္ဘာ့အဆင့်မီနည်းပညာတွေကို အသုံးပြုထားတာ တွေ့ရပါတယ်။ လမ်းတွေ ဖောက်တဲ့အခါမှာလည်း International Standard ကို မီအောင်အားလုံးလုပ်နိုင်တယ်။ ဆောင်ရွက်နိုင်တယ်။ ဒါတွေအားလုံးကိုလည်း သေသေသပ်သပ် သန့်သန့်ရှင်းရှင်းနဲ့ လမ်းတွေရော၊ တံတားတွေပါ ဆောင်ရွက်ထားတာတွေ့ရပါတယ်။

**မေး။ ။ဆရာတို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ CRBC တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံက ကြိုးတံတားတွေနှင့် ပတ်သက်ပြီး ကြံ့ခိုင်မှုစစ်ဆေးနေတယ်လို့ သိရပါတယ်။ နောက်ပြီး CRBC ကလည်း မြန်မာနိုင်ငံမှာပြီးခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်လောက်ကတည်းက လမ်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းတွေမှာ ပါဝင်ဆောင်ရွက်နေတာဖြစ်တဲ့ အတွက်ကြောင့် ဒီ CRBC ကုမ္ပဏီအပေါ် ဆရာတို့ ဘယ်လောက်အထိ ယုံကြည်စိတ်ချမှုရှိပါသလဲ။**

ဖြေ။ ။CRBC ရုံးချုပ်ရောက်တဲ့အခါမှာ ကုမ္ပဏီရဲ့ဒုတိယ အကြီးအကဲတို့နှင့် ကျွန်တော်တို့ တွေ့ဆုံခဲ့ပါတယ်။ CRBC အနေနဲ့ ကြိုးတံတားတွေကို စစ်ဆေးတဲ့နေရာမှာ လက်ရှိကြိုးတံတား ၁၁ စင်းစစ်ဆေးပြီးသွားပါပြီ။ ဒီလို စစ်ဆေးပြီးတဲ့အပြင် နောက်ထပ် ၁၉ စင်း ကျန်နေပါသေးတယ်။ စုစုပေါင်း ကြိုးတံတား အစင်း ၃၀ ရှိပါတယ်။ အခု ခရီးစဉ်မှာ ကျိုးကျသွားတဲ့ မြောင်းမြကြိုးတံတားကနေ ထုတ်ယူရရှိထားတဲ့ ပစ္စည်းတွေကို သူတို့အနေနဲ့ ဘယ်လိုစမ်းသပ်နေတယ်၊ နောက်ပြီး ကြိုးတံတား ၁၁ စင်းစစ်ထားတဲ့ Result တွေဟာ ဘယ်လိုအဖြေထွက်မလဲဆိုတာ သူတို့ရဲ့ Research Centre မှာ ပြသတဲ့အတွက် လေ့လာခဲ့ရပါတယ်။ အဲဒီတော့ သူတို့ကနေသေချာစည်းစနစ်ကျကျလုပ်တဲ့အဖွဲ့အစည်း၊ အရည်အသွေးမီအောင် ဆောင်ရွက်နိုင်တဲ့အဖွဲ့အစည်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ကလည်း ယုံယုံကြည်ကြည်နဲ့ သူတို့နဲ့လက်တွဲဆောင်ရွက်သွားဖို့ စိတ်အားထက်သန်ပါတယ်။

**မေး ။ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံက ဆောက်လုပ်ရေးကုမ္ပဏီတွေ လာရောက်ရင်းနှီးမြှုပ်နှံဖို့အတွက် ဘယ်လိုဆောင်ရွက်ပေးထားမှုတွေရှိပါသလဲ။ ရှေ့ဆက်ပြီးတော့လည်း ဘယ်လို ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ လက်ရှိမှာ Asia Development Bank ကနေ ချေးငွေနဲ့ လုပ်တဲ့ Project တစ်ခုမှာဆို CRBC ကုမ္ပဏီကနေ လမ်းပိုင်းကို ကန်ထရိုက်ရထားပါတယ်။ ဒီလိုကန်ထရိုက်တာရထားတဲ့အတွက် လက်ရှိလည်း သူတို့ ဆောင်ရွက်နေပါတယ်။ နောက်ထပ်လည်း One Belt One Road စီမံကိန်းဖြစ်တဲ့ ရွှေလီ-ကျောက်ဖြူ၊ ရွှေဘို- မြစ်ကြီးနား၊ မန္တလေး- မြစ်ကြီးနား၊ မန္တလေး-မူဆယ်စတဲ့လမ်းပိုင်းတွေ လုပ်ဖို့အတွက်ကိုလည်း အစီအစဉ်ရှိပါတယ်။ ဒီတော့ One Belt One Road မှာပဲ တရုတ်ကုမ္ပဏီတွေအနေနဲ့ ဝင်ရောက်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။တရုတ်နိုင်ငံရဲ့ လမ်း၊ တံတားဆောက်လုပ်ရေးဆိုင်ရာ နည်းပညာကဏ္ဍကနေပြီး မြန်မာနိုင်ငံအတွက် ဘယ်လို အချက်တွေကိုနည်းယူလေ့လာသင့်သလဲ။ နောက်တစ်ခါ ဒီလေ့လာရေးခရီးစဉ်ကနေ ဘယ်လိုအကျိုးကျေးဇူးရမယ်လို့ ဆရာ့အနေနဲ့ ထင်မြင်မိပါသလဲ။**

ဖြေ။ ။ တရုတ်ပြည်ရဲ့ လက်ရှိဆောင်ရွက်နေတာတွေက အာရှအဆင့်မကဘူး။ ဥရောပတို့၊ အမေရိကတို့ အဲဒီလို အဆင့်မျိုးမီအောင် လုပ်နိုင်တဲ့အနေအထားမျိုး ဖြစ်နေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ သွားရောက်လေ့လာတဲ့အခါမှာ နည်းပညာအသစ်တွေပေါ့လေ။ ဒီတော့ လေ့လာရေးခရီးကနေ အကျိုးကျေးဇူးတွေကို အများကြီးရပါတယ်။ အကျိုးကျေးဇူးတွေကနေ ဆက်နွှယ်ပြီးတော့ ကျွန်တော်တို့ အင်ဂျင်နီယာဆိုတာလည်း လက်တွေ့အတွေ့အကြုံလိုသလိုပဲ မျက်မြင်အတွေ့အကြုံတွေလည်း အများကြီးလိုပါတယ်။ ဒီလိုမျက်မြင်အတွေ့အကြုံတွေကနေ တဖြည်းဖြည်းကူးပြောင်းပြီး လက်တွေ့အတွေ့အကြုံကို ပြောင်းပြီးဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံမှာလည်း ဒီလိုနည်းပညာအသစ်တွေနဲ့ဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ ဆက်လက်ကြိုးစားဆောင်ရွက်သွားပါမယ်။

**မေး။ ။ ဖြည့်စွက်ပြီး ပြောစရာရှိဦးမယ်ဆိုရင် ဖြည့်စွက်ပြောပြပေးပါ။**

ဖြေ။ ။ လက်ရှိကျွန်တော်တို့ နိုင်ငံမှာဆောင်ရွက်နေတဲ့ အစိုးရနဲ့ ဆောက်လုပ်ရေးကုမ္ပဏီတွေက ဆောင်ရွက်တဲ့ အစီအစဉ်မှာ ပြင်ပကုမ္ပဏီတွေအနေနဲ့ အားအင်ချည့်နဲ့တဲ့ ကုမ္ပဏီတွေ ဖြစ်နေပါတယ်။ အဲဒါကြောင့် တရုတ်နိုင်ငံက သူတို့နိုင်ငံကို ထူထောင်တဲ့အချိန်မှာ ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတဲ့ နည်းပညာတွေ၊ ကူးပြောင်းတဲ့ကာလမှာ ဘယ်လိုကူးပြောင်းသွားတယ်ဆိုတာတွေကို ကြိုးစားပြီး လေ့လာနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ကူးပြောင်းဖို့အချိန်ရောက်နေပါတယ်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပေါ့။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားပြီး ဆောင်ရွက်ဖို့လိုနေတဲ့အချိန်မှာ တရုတ်ပြည်ရဲ့ပုဂ္ဂလိကကဏ္ဍကို ဘယ်လိုပြောင်းသွားလဲဆိုတဲ့စနစ်ကို ကျွန်တော်တို့အတုယူဖို့ ကြိုးစားနေပါတယ်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- ဇော်ဘိ**

# မန္တလေးဗဟိုအကျဉ်းထောင် (အိုးဘို)မှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၂၇ ဦးအား ဂုဏ်ပြုပွဲကျင်းပ

**မန္တလေး ဇွန် ၁၈**

မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၂၇ ဦးနှင့် သင်ကြားပေးသည့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇွန် ၁၈ ရက် ညနေ ၃ နာရီက အဆိုပါအကျဉ်းထောင်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ) ဒေါ်ခင်ဌေးက ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

ထို့ပြင် မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)စာစစ်ဌာနမှ သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်ထက်ဆန်းစစ်က “၂၀၁၆ ခုနှစ်က ဒီထောင်ကို ရောက်ခဲ့ပြီး နဝမတန်းကနေစပြီး ပညာသင်ကြားခွင့်ရခဲ့တယ်၊ ဒါပေမယ့် ထောင်ပိုင်ကြီးနဲ့ ထောင်ပိုင်လေးတို့က ကိုယ့်သားသမီးလို ပြုစုစောင့်ရှောက်ပေးမှုတွေနဲ့ ဆရာ၊ ဆရာမတွေရဲ့ အစွမ်းကုန်သင်ကြားပေးမှုတွေကြောင့် အခုလို သုံးဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တာပါ၊ ကျွန်တော့်ရဲ့ ပြစ်ဒဏ်က သုံးနှစ်ကျော်ကျန်နေသေးပေမယ့် စီးပွားရေးတက္ကသိုလ် တက်ချင်ပါတယ်၊ အနာဂတ်မှာ ကျွန်တော့်ရဲ့မိသားစု၊ ပတ်ဝန်းကျင်နဲ့ နိုင်ငံတော်အတွက် တန်ဖိုးရှိတဲ့ လူသားတစ်ယောက်ဖြစ်ချင်ပါတယ်”ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)မှ တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၂၇ ဦးနှင့် ၎င်းတို့ကို သင်ကြားပေးခဲ့ကြသည့် အကျဉ်းသား ကျောင်းဆရာ ဆရာမ ၁၆ ဦး၊ အခြေခံပညာ ဦးစီးဌာနမှ ဆရာ ဆရာမ ၉ ဦးနှင့် ပြင်ပမှ စေတနာဖြင့် လာရောက်သင်ကြားပေးသည့် ဆရာ ဆရာမ ၁၄ ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

၂၀၁၇ - ၂၀၁၈ ခုနှစ် ပညာသင်နှစ်တွင် မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)မှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည့် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၅၅ ဦးရှိခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦးနှင့် ရိုးရိုးအောင်မြင်သူ ခြောက်ဦး ရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား သုံးဘာသာဂုဏ်ထူးရှင် မမိုးပွင့်ဖြူက ဂုဏ်ပြုဆုငွေ လက်ခံရယူစဉ်။

# မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနား မိုင်းပန်မြို့၌ ကျင်းပ




**မိုင်းပန် ဇွန် ၁၈**

မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှု (Birth Registration Week) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက်က မိုင်းပန်မြို့ "နမ့်ခုံး"ရှမ်းများ ပရဟိတအသင်း ကုသိုလ်ဖြစ် အခမဲ့ ဆေးခန်းနေရာ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မိုင်းပန်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မျိုးမင်းက အမှာစကားပြောကြားခဲ့ပြီး မွေးစာရင်းမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုအကြောင်း၊ မွေးစာရင်းမှတ်ပုံတင်ခြင်း လုပ်ဆောင်မှုအတွက် မိဘများလိုက်နာဆောင်ရွက်ရန်အချက်များနှင့် မွေးမှတ်ပုံမတင်ရသေးသော အသက် ၁၀ နှစ်အောက် ကလေးများကို အမြန်ဆုံးလာရောက် ပူးပေါင်းဆောင်ရွက်ကြစေရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်များအား လက်ဖက်ရည်နှင့် မုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီး မွေးစာရင်းမှတ်ပုံတင်ခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုကို ဇွန် ၁၈ ရက်မှ ၂၂ ရက်အထိ သတ်မှတ်ထားရှိပြီး အနောက်ရပ်ကွက်နေ မိဘပြည်သူများအတွက် "နမ့်ခုံး" ရှမ်းများ ပရဟိတအသင်း ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းနေရာတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အရှေ့ရပ်ကွက်၊ အလယ်ရပ်ကွက်နှင့် ရွာသစ်ရပ်ကွက်နေ မိဘပြည်သူများအတွက် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အကူအညီများ ရယူလိုပါက မိမိတို့၏ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ (သို့) သားဖွား ဆရာမများထံသို့ သွားရောက် မေးမြန်းအကူအညီ ရယူနိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဥ(ပ်)ပူးချင်း တိုင်းရင်းသားစာပေ သင်ကြားပို့ချပေးလျက်ရှိ

**ဆော ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှထွန်းသည် ဂန့်ဂေါခရိုင် ဆောမြို့အခြေခံပညာအထက်တန်းကျောင်း (သီဟသူရညိုအေး) ခန်းမ၌ ဇွန် ၁၇ ရက်က မြို့နယ်လက်ထောက်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဥ(ပ်)ပူးချင်းတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု ကော်မတီဝင်များ၊ ဥ(ပ်)ပူးချင်းတိုင်းရင်းသားစာပေကျောင်းဖွင့်လှစ်သည့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများနှင့် ဥ(ပ်) ပူး ချင်း စာပေသင်ကျောင်း ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးရာတွင် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တိုင်းပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးညဏ်ဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ဥ(ပ်) ပူးချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်(စာကြည့်တိုက်ခင်မောင်)က အသင်း၏ကိုယ်စား ဆောင်ရွက်ရန်ရှိသည်များကို အကြံပြုတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဥ(ပ်)ပူးချင်းစာပေသင် ကျောင်းဆရာဆရာမများက သိလိုသည်များကို မေးမြန်းရာ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြန်လည်ဖြေကြားသည်။ ဆောမြို့နယ်တွင် ဥ(ပ်)ပူးချင်းတိုင်းရင်းသားစာပေကျောင်း ဖွင့်လှစ်သည့် အခြေခံပညာကျောင်း ၅၀ တွင် သင်ကြားပေးသည့် တိုင်းရင်းသား ဆရာ ဆရာမ ၁၂၅ ဦးရှိကြောင်း သိရသည်။ **၁၀၁**

# မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**လင်းခေး ဇွန် ၁၈**

ကျန်းမာရေးဝန်ကြီးဌာနမှကြီးမှူး၍ မွေးဖွားပြီး အသက် ၁၀ နှစ်အောက်ရှိ ကလေးတိုင်းအတွက် အခြေခံလူ့အခွင့်အရေးဖြစ်ပြီး ဥပဒေအရ အသိအမှတ်ပြုခြင်းဆိုင်ရာ ကလေးများမွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုကို စတင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၈ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့နယ် ကျန်းမာရေးဦးစီးဌာနရှိ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန အဆောက်အအုံခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုမစတင်မီ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်ဒေါက်တာ စိုင်းခေးရွက်က အသက် ၁၀ နှစ်အောက်ကလေးများ မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ၂၀၁၈ ခုနှစ်မွေးဖွားမှု မှတ်ပုံတင်ခြင်းလုပ်ငန်းကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများက စတင်ဆောင်ရွက်ပေးကြပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စိုင်းဇော်လတ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ် မကျီးစုကျေးရွာ ကျန်းမာရေးဌာနခွဲ တည်ဆောက်မှုပြီးစီး



**မိတ္ထီလာ ဇွန် ၁၈**

မိတ္ထီလာမြို့နယ် မကျီးစုကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေ ရန် တည်ဆောက်သည့် မကျီးစုကျေးရွာ ကျန်းမာရေးဌာနခွဲ လုပ်ငန်းများ တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် မကျီးစုကျေးရွာတွင် ဒေသခံများ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မကျီးစုကျေးရွာမှ စိုက်ပျိုးရေးလုပ်ကိုင်သူ ဦးထွန်းဝေက လှူဒါန်းသည့် ပေ ၂၀၀ ပတ်လည် မြေပေါ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်ပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်ထောင်စု ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျန်းမာရေးဌာနခွဲ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှ စတင်၍ အလျား ပေ ၅၀၊ အနံ ၄၂ ပေ၊ အမြင့် ၁၁ ပေရှိ RC တစ်ထပ်အဆောက်အအုံနှင့် အလျား ၃၈ ပေ၊အနံ ၃၇ ဒသမ ၆ ပေရှိ သုံးခန်းတွဲ နှင့် အလျား ၃၆ ပေ ၊ အနံ ၃၂ ပေရှိ နှစ်ခန်းတွဲ RC ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နှစ်လက်မ အဝီစိတွင်း တူးဖော်ခြင်း၊ဂါလန် ၁၆၀၀ ဆံ့ မြေအောက်ရေကန်နှင့် အမြင့် ပေ ၂၀ ရှိရေစင် တည်ဆောက်ခြင်း အပြင် အကျယ် ၁၂ ပေ၊ အရှည် ပေ ၁၀၀ ရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ပေ ၆၀၀ ရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများတည်ဆောက်ပြီးစီး၍ မကျီးစုကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် မြေနီကုန်း၊ ရွာသစ်၊ ကန်နီ၊ ညောင်ကုန်း၊ ပျဉ်သာ၊ လျှော်ဖြူကန်၊ သံကြိုးရ၊ ကျီးပင်ခွ၊ ပျော်အိုင့်၊ ဆည်ကြား၊ ထနောင်းကုန်း၊ ကွမ်းခြံကုန်းစသည့်ကျေးရွာများမှ ဒေသခံများကျန်းမာရေး စောင့်ရှောက်မှုရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဒဿပါရမီတောင်ပေါ်စေတီတော် သာသနာ့မြေ၌ မြို့နယ်အလိုက် ဓမ္မာရုံများ တည်ဆောက်မည်

**လွိုင်ကော် ဇွန် ၁၈**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာအနီးရှိ ရွာတန်းရှည် ဒဿပါရမီတောင်ပေါ်စေတီတော်၏ ကုန်းတော်အောက်ခြေ ပတ်လည် သာသနာ့မြေအတွင်း ကယားပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်ခုတို့၏ ဓမ္မာရုံများ တည်ဆောက်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်၊ ဒီမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘော်လခဲ၊ ဖားဆောင်းနှင့် မယ်စဲ့ မြို့နယ်တို့၏ မြို့နယ်အလိုက် ဓမ္မာရုံများကို တစ်နေရာတည်းတွင် တစုတဝေးတည်း တည်ရှိစေရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါ မယ်စဲ့မြို့နယ် ဓမ္မာရုံတည်ဆောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါ မယ်စဲ့မြို့နယ်ဓမ္မာရုံသည် အလျား ပေ ၉၀၊ အနံ ပေ ၄၀၊ အမြင့် ၁၂ ပေရှိ သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ ကျန်ရှိသည့် မြို့နယ်များ၏ ဓမ္မာရုံများကိုလည်း အလှူငွေရရှိမှုအပေါ်မူတည်လျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကယားပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးက ဒေသခံတွေအနေနဲ့ ပြည်နယ်ရဲ့ မြို့တော် လွိုင်ကော်ကို အကြောင်းကိစ္စအမျိုးမျိုးနဲ့ လာရောက်တဲ့အခါ အခက်အခဲရှိသူတွေအတွက် တည်းခိုနေထိုင်နိုင်မှာ ဖြစ်သလို ဘာသာရေးနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် လူထုစည်းဝေးတိုင်ပင်နှီးနှောရာနေရာတစ်ခုအဖြစ်လည်း ရည်ရွယ်ပြီး တည်ဆောက်ခြင်းဖြစ်ပါတယ်" ဟု သာသနာ့မြေထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ ကယားပြည်နယ် လွိုင်ကော်မြို့၏ အထင်ကရ နေစက်လစက်စေတီတော် ကုန်းတော်အောက်ရှိ သာသနာ့မြေ၌ ဗုဒ္ဓဥယျာဉ်တော်၊ တန်ဆောင်တိုင်ပွဲတော်ကွင်းနှင့် ကလေးကစားကွင်းများကို တည်ဆောက်လျက်ရှိပြီး ယင်းတို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် ရွာတန်းရှည် ဒဿပါရမီတောင်ပေါ် စေတီဝန်းကျင်တွင်လည်း ယခုလို မြို့နယ်အလိုက် ဓမ္မာရုံများ တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်သည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

# မန္တလေး၌ မိုးရာသီအမှတ်တရ စုပေါင်းပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၈**

မိုးရာသီအမှတ်တရ စုပေါင်းပန်းချီပြပွဲကို ဇွန် ၁၆ ရက်က မန္တလေးတောင်ပန်းချီပြခန်း၌ ကျင်းပခဲ့ကြောင်း သိရ သည်။ အဆိုပါပြပွဲတွင် မန္တလေးနှင့် မန္တလေးပတ်ဝန်းကျင်ရှိပန်းချီဆရာ ၉၆ ဦးက ပန်းချီကား ၉၆ ကားကို ဇွန် ၁၆ရက်မှ ၂၂ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတောင်ပန်းချီပြပွဲ ပန်းချီ မိုးဦးက "ကျွန်တော်တို့က ရာသီအကြိုပွဲတွေနဲ့ ရာသီပွဲတွေ၊ ပန်းချီတွေ ခင်းကျင်းပြသလေ့ရှိပါတယ်၊ အခုကပန်းချီဆရာ ၉၆ ဦးရဲ့ပန်းချီကားတွေကိုပြသထားပါတယ်၊ ပန်းချီဆရာအချင်းချင်းတွေ့ဆုံခွင့်ရရှိစေဖို့ ရည်ရွယ်ပြီး ပြုလုပ်ရခြင်းဖြစ်ပါတယ်၊ ရေဆေး၊ ဆီဆေးနဲ့ အခရိုင်းလစ်ဆေးတွေနဲ့ ရသစုံပါဝင်ရေးဆွဲထားတာဖြစ်ပါတယ် "ဟု ပြောသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# အုတ်တွင်းမြို့၌ လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ပြုလုပ်

**အုတ်တွင်း ဇွန် ၁၈**

မိမိရပ်ရွာဒေသမှာ ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အုတ်တွင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ဇွန် ၁၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တောင်ငူခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေးက "တစ်ကမ္ဘာလုံး မူးယစ်ဆေးဝါးရဲ့ ခြိမ်းခြောက်မှုအန္တရာယ်ကို အဓိကရင်ဆိုင်နေရတာဖြစ်ပါတယ်၊ မူးယစ်ဆေးဝါးကို ဆေးဝါးအဖြစ်သုံးရင် အကျိုးရှိပေမယ့် အလွဲအသုံးပြုရင်တော့ စိတ်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုတွေကြောင့် နိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ လူငယ်အင်အား လျော့နည်းလာတဲ့အတွက်ကြောင့် ပြည်သူ့စကားဝိုင်းမှာ လူငယ်နဲ့မူးယစ်ဆေးဝါး ခေါင်းစဉ်ကို အဓိကထား ဦးစားပေးကာ ကျင်းပရတာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကို၊ မြို့နယ်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာကြည်ဆန်းထက်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သူဇာမောင်၊ မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဦးထွန်းဝေတို့က မူးယစ်ဆေးဝါး စတင်ဖြစ်ပေါ်လာပုံ၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ဥပဒေဆိုင်ရာများ မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများ၊ ၊ မူးယစ်ဆေးဝါးကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ချို့တဲ့မှုများအပါအဝင် လူမှုဘဝ အခြေအနေများ၊ အခက်အခဲများနှင့် ရင်ဆိုင်ကျော်ဖြတ်သည့် အကြောင်းရင်းများ၊ စသည့်အချက်များ ပါဝင်ဆွေးနွေးပြောကြားခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကြေညာလွှာ/လစာနှစ်ချုပ်ကြေညာလွှာ/ကုန်သွယ်လုပ်ငန်းခွန်နှစ်ချုပ်ကြေညာလွှာတင်သွင်းရန် (တတိယအကြိမ်) နှိုးဆော်ခြင်း

၁။ **ဝင်ငွေကြေညာလွှာ**

(က) ၂၀၁၇ ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဝင်ငွေနှစ်အတွင်း ရရှိသော ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူမည့်ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်း၊ သမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်း ပုဂ္ဂိုလ် (လစာခေါင်းစဉ်မှ ဝင်ငွေသာ ရရှိသူမပါ)တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့် အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း (သို့မဟုတ်)အသင်းအဖွဲ့တို့သည် ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာလွှာ၏ မှတ်ချက်တွင် ဖော်ပြထားသည့် လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်)အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)၊ (၃)သို့ **လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ** ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

(ခ) **အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)ရှိ အခွန်ထမ်းများမှအပ ကျန်အခွန်ထမ်းများ**၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်စည်းမျဉ်းများအရ ထားရှိရမည့် စာရင်းများအပါအဝင်ဖြစ်သော **သက်ဆိုင်ရာဝင်ငွေနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့်ပူးတွဲတင်ပြရန် လိုအပ်ပါသည်။**

(ဂ) **အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)ရှိ အခွန်ထမ်းများအနေဖြင့်** ကိုယ်တိုင်အခွန်တွက်ချက်စည်းကြပ်၍ ဝင်ငွေကြေညာလွှာများကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)သို့ **လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ** ပေးပို့နိုင်ပါသည်။ ဝင်ငွေကြေညာလွှာ တင်သွင်းရာတွင် ကြေညာလွှာ၌ ဖော်ပြပါရှိသော ညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုလိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး **နှစ်ချုပ်ရှင်းတမ်းတင်သွင်းရန်** မလိုအပ်ပါ။

(ဃ) ဝင်ငွေကြေညာလွှာအား သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ပါက ပေးဆောင်ရမည့် အခွန်အပြင် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၂။ **လစာနှစ်ချုပ် ကြေညာလွှာ**

(က) ဝင်ငွေနှစ်အတွင်း လစာခေါင်းစဉ်တစ်မျိုးတည်းမှသာ ဝင်ငွေရရှိသူများသည် တစ်ဦးချင်း ဝင်ငွေကြေညာလွှာပေးပို့ရန် မလိုအပ်ပါ။

(ခ) သို့ရာတွင် အလုပ်ရှင်သည် မိမိဝန်ထမ်းများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန် လိုအပ်ပါသည်။

၃။ **ကုန်သွယ်လုပ်ငန်းခွန် နှစ်ချုပ်ကြေညာလွှာ**

(က) ၂၀၁၇ ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ်ဝန်ဆောင်မှုရငွေရရှိသည့် ပြည်ထောင်စုအစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များ စုပေါင်းထားသည့်အဖွဲ့အစည်း(သို့မဟုတ်) အသင်း၊ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းများအပါအဝင် မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ (သို့မဟုတ်)နှစ်ချုပ်ဝန်ဆောင်မှု ကြေညာလွှာကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ ကြေညာလွှာတွင်ဖော်ပြထားသည့် ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ (သို့မဟုတ်)အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)သို့ **လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ** ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာ လက်ခံရရှိကြောင်း ဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊

(၂) ကုန်စည်တင်သွင်းခြင်း၊

(၃) ကုန်သွယ်မှုဆောင်ရွက်ခြင်း၊

(၄) ဝန်ဆောင်မှုဆောင်ရွက်ခြင်း။

(ခ) လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသော အချိန်အတွင်း ကြေညာလွှာ တင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၄။ **တင်သွင်းရမည့်နောက်ဆုံးရက်**

**၂၀၁၈ ခုနှစ် ဇူလိုင် ၂ရက်(တနင်္လာနေ့)**

(**မှတ်ချက်**။ သက်ဆိုင်ရာဥပဒေအရ **ပြည်တွင်းအခွန်များဦးစီးဌာန**တွင် ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးနေ့ဖြစ်သော ၃၀-၆-၂၀၁၈ရက်သည် စနေနေ့ ရုံးပိတ်ရက်ဖြစ်ပါသဖြင့် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄အရ ရုံးပြန်ဖွင့်သောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။)

၅။ **ကြေညာလွှာပုံစံရယူရန်**

ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(သို့မဟုတ်)အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊(၂)၊(၃)တို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် http//www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

၆။ **စုံစမ်းရန်**

မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃) (သို့မဟုတ်) ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇ ၄၃၀၅၃၃၊၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)အမှတ် ၅၉/၆၁၊မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်)အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး) ၆၅လမ်း၊ ၂၂×၂၃ လမ်းကြား၊ဖုန်း-၀၂-၃၀၁၉၂သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## ၄/၂၀၁၈ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာ သစ်လုံး/သစ်ခွဲသားများ တန်(၈၂၅၀)ခန့်**ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်-

**(အထူး) အိတ်ဖွင့်တင်ဒါ** - (၁၀/၁၁/၁၂-၇-၂၀၁၈)ရက် နံနက် ၀၈း၀၀ နာရီမှ စတင်မည်။

- ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/ရန်ကုန်တိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး/မကွေးတိုင်းဒေသကြီး/စစ်ကိုင်းတိုင်းဒေသကြီး/ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်)/ဧရာဝတီတိုင်းဒေသကြီး/ကချင်ပြည်နယ်/မွန်ပြည်နယ်/ ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း)

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သောတွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း ဖုန်း -၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးအတွက် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်း အသေးစိတ်နှင့် တင်သွင်းရမည့် ဆေးဝါးစာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၈-၆-၂၀၁၈ရက် (တနင်္လာနေ့)
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - ၁၇-၇-၂၀၁၈ရက် (အင်္ဂါနေ့)ညနေ ၄း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**
**စဥ့်ငူရပ်ကွက်၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း-၀၁၃-၆၄၅၇၅၆၊၀၁၃-၆၄၅၇၄၈**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်မနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ကားဂိတ်ခန်းအမှတ်(က-၇၁)ဆိုင်ခန်းအား ဒေါ်နန်းသန်းထွေး ၁၃/တကန(နိုင်)၀၆၆၆၇၁ ကမ္ဘောဇဘဏ်လီမိတက် (ရုံးချုပ်)က အမည်ပေါက်ပိုင်ဆိုင်၍ ကမ္ဘောဇဘဏ်လီမိတက် အမည်သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် ဒေါ်ရွှေစင်ဦး ၁၂/သဃက(နိုင်)၁၅၇၇၅၉၊ နေပြည်တော်ဘဏ်ခွဲ-၂(ဘဏ်ခွဲတာဝန်ခံ)မှ ကမ္ဘောဇဘဏ်လီမိတက်(ကိုယ်စား)ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ကားဂိတ်ခန်းအမှတ်(က-၉၀)ဆိုင်ခန်းအား အမှတ်F-4(၁၀)ကမ္ဘာအေးဗီလာဝင်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးပြည်ငြိမ်း ၁၂/ဒဂန(နိုင်)၀၂၇၁၅၇က အမည်ပေါက်ပိုင်ဆိုင်၍ အမှတ် ၁/၆၉တောင်သာရပ်ကွက်၊ ပျဉ်းမနားမြို့နေ ဦးသူရိန်ဝင်း ၉/ပမန(နိုင်)၁၈၈၇၆၆သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် ဦးသူရိန်ဝင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ပေါက်တောအကွက်၊ ဦးပိုင်အမှတ်(၈၃)၊ မြေဧရိယာ ၀ ဒသမ ၀၇၆ ဧကသည် ဒေါ်ခန့်အမည်ဖြင့် ဂရန်အမှတ်ဲအမှတ် ၂၆၂/၁၉၅၉-၆၀အရ (၁၀)နှစ်ဂရန်နှင့် ဦးပိုင်အမှတ်(၈၄-က)မြေဧရိယာ ၀ ဒသမ ၀၁၇ဧက သည် ဒေါ်ခန့်အမည်ဖြင့် ဂရန်အမှတ်ဲအမှတ် ၂၆၁/၁၉၅၉-၆၀အရ (၁၀)နှစ် ဂရန်ချထားပေးသော မြေနေရာဖြစ်ပြီး ၎င်းမြေကွက်များအား ဒေါ်ညွန့်ရင်မှ မြေငှားဂရန် လျှောက်ထားလာရာ ဒေါ်ခန့်အမည်ပေါက် မြေငှားဂရန်စာချုပ်မှာ ပျက်စီးပျောက်ဆုံးနေပါသောကြောင့် အကျိုးသက်ဆိုင်သူများမှ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်သည့်ရက်အတွင်း ကန့်ကွက်သူများမရှိပါက မြေငှားဂရန်ကိစ္စများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ညွန့်ရင် ၉/ကဆန(နိုင်)၀၅၇၁၇၃**
**အမှတ် ၁၃၊ ဘောဂဝတီရပ်ကွက်၊ ပေါက်တောအုပ်စု၊ ကျောက်ဆည်မြို့၊**
**ဖုန်း-၀၉-၇၉၇၅၈၂၁၁၉**

---

## ကန့်ကွက်နိုင်ကြောင်း

ကျွန်ုပ် ဦးသောင်းဌေး ၉/မကန(နိုင်)၀၀၁၄၄၁ သည် မအိမ့်ခိုင်ဦး ၄/ဖလန(နိုင်) ၀၂၇၇၁၈ ထံမှ သဃ်န်းကျွန်းမြို့နယ် ဦးစံဖေရပ်ကွက် ဆားကန်ကျောင်းလမ်း အမှတ် (၁၅) လေးလွှာ အလယ်တိုက်ခန်းအားဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးသောင်းဌေး**
**၉/မကန(နိုင်)၀၀၁၄၄၁**
**ဖုန်း-၀၉-၂၅၀၁၃၆၈၀၆**

---

**အမည်ပြောင်း**

ပြင်ဦးလွင်မြို့၊ ငွေစန္ဒာကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ (ဘ) ဦးမျိုးခိုင် ၁၀/ပမန(နိုင်)၁၁၁၁၃၃၏သား မောင်ကောင်းခန့်ဘုန်းအား မောင်ကောင်းဆက်ဟုပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းဆက်**

---

**ဖခင်အမည်မှန်**

စဥ့်ကူးမြို့နယ်၊ ဆည်ကြီး(အလကခွဲ)အ၄မတန်းမှ ဖြေဆိုအောင်မြင်ခဲ့သော မောင်ဝေယံစိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းထိန် ၉/စကန(နိုင်)၀၇၀၉၁၂ ဖြစ်ပါကြောင်း။

**ဦးဝင်းထိန်**

---

**ဖခင်အမည်မှန်**

တောင်တွင်းကြီးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မမေမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးအုံးခိုင် ၈/တတက(နိုင်)၂၅၂၄၇ ဖြစ်ကြောင်း။

**ဦးအုံးခိုင်**

---

**ဖခင်အမည်မှန်**

စဥ့်ကူးမြို့နယ်၊ လက်ပန်လှ အထက သတ္တမတန်း(D)မှ မအင်ကြင်းဝေ၏ ဖခင်အမည်မှန် မှာ ဦးခင်မောင်ညိမ်း ၉/စကန(နိုင်)၀၈၃၂၃၄ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ညိမ်း**

---

**ဖခင်အမည်မှန်**

တောင်တွင်းကြီးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်မြင့်မိုရ်ဇော်၊ ပွင့်လှကြီး မူလွန်သတ္တမတန်းမှ မသီဂီဇော်နှင့် စတုတ္ထတန်းမှ မချစ်ချစ်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးကိုဇော် ၈/တတက(နိုင်)၁၆၇၅၆၂ ဖြစ်ကြောင်း။

**ဦးကိုဇော်**

---

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့ အထက အ၄မတန်း(D)မှ မဇင်မာထွေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးတိုးနိုင် ၉/စကတ(နိုင်)၀၆၃၄၉၁ဖြစ်ပါကြောင်း။

**ဦးတိုးနိုင်**

---

**ဖခင်အမည်မှန်**

တောင်တွင်းကြီးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မဖူးမြတ်သွယ်၏ ဖခင်အမည်မှန်မှာ ဦးတင်စိန် ၈/တတက(နိုင်)၁၄၁၈၉၅ ဖြစ်ကြောင်း။

**ဦးတင်စိန်**

---

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့ အထက တက္ကသိုလ်ဝင်တန်း(F)မှ မောင်ချစ်ချစ်မိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးဆန်းညွန့် ၉/ကဆန(နိုင်)၁၉၇၉၂၇ ဖြစ်ပါကြောင်း။

**ဦးဆန်းညွန့်**

---

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

နောင်ချိုမြို့၊ နားရိုးရပ်ကွက်နေ ဦးလှဖေကြီး-(ဒေါ်ညွန့်ကြည်)တို့၏ သားကြီးနောင်ချိုမြို့၊ တောင်ရပ်ကွက်၊ နယ်မြေ(၄)နေ ဦးကျော်ဆွေ(ခ) ဦးပေါက်စ ၁၃/နခတ(နိုင်)၀၀၈၁၈၄ သည် မိဘများကို စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။နောက်နောင်၎င်းနှင့် ပတ်သက်သောမည်သည့်ကိစ္စကိုမျှ ဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးလှဖေကြီး**
**၁၃/နခတ(နိုင်)၀၀၈၂၉၇**

---

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊စဥ့်ကိုင်မြို့ အထက တက္ကသိုလ်တန်း(D)မှ မောင်စည်သူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးကျော်စိုး ၉/စကတ(နိုင်)၀၄၀၄၄၈ ဖြစ်ပါကြောင်း။

**ဦးကျော်စိုး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကမာရွတ်မြို့နယ်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂**

| | | |
|---|---|---|
| ဒေါ်လှိုင်ခင်မျိုး | **နှင့်** | ဦးကျော်မင်းထွန်း |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊အုတ်ဖိုမြို့နယ်၊ မန်ကျည်းပင်ကျေးရွာအုပ်စု၊ ကြို့ကုန်းရွာနေ ဦးကျော်မင်းထွန်း (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှိုင်ခင်မျိုးက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထား တရားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုသူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၂၉ ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၂ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ခန့်ကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ကမာရွတ်မြို့နယ်တရားရုံး**

## နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး ကိုးဧကခန့်မြေကွက်ကြီး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဖုန်း-၀၉-၂၀၃၉၅၆၆၊ ၄၄၅၄၈၇၇၈၊ ၈၃၀၀၄၄၂

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ ပတ်ကားခြံခတ်ပြီး၊ (11 KVA) ဓာတ်အားလိုင်းသွယ်တန်းပြီး ပေ(၆၀×၃၀) (RC)တစ်ထပ် အဆောက်အအုံအသစ်တစ်လုံးပါပြီး၊ မြေပြင်ရန်မလို၊ ရေမီးအပြည့်အစုံရပြီး (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေးမေးတင်) (KLO)စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း၊ နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး ငါးဧကခန့်အပြင်(၁၀၅/၁၀၆)ရပြီး တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးဧကနီးပါးခန့် စုစုပေါင်းကိုးဧကခန့်ရှိ မြေကွက်ကျယ်ကြီးရောင်းမည်။ ခွဲ၍ မရောင်းပါ။ **ဈေးနှုန်း(ညှိနိုင်း)**

### အမည်ပြောင်း

မြင်းခြံခရိုင် နွားထိုးကြီးမြို့ (ဘ)ဦးထွန်းဝေ ၉/နထက(နိုင်)၀၀၆၇၈၈ ၏သမီး အထက နွားထိုးကြီး တက္ကသိုလ်ဝင်တန်း(A)မှ မစုပြည့်ပြည့်ဖြိုးအား မဇင်နှယ်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဇင်နှယ်ထွန်း**

### ဖခင်အမည်မှန်

နတ်မောက်မြို့နယ်၊ အ.လ.က ရေငံကျေးရွာ၊ သတ္တမတန်းတွင် ပညာသင်ကြားလျက်ရှိသော မောင်ဇင်မောင်နှင့် ဆဌမတန်းတွင် ပညာသင်ကြားလျက်ရှိသော မောင်ဝင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် (၈/နမန(နိုင်)၁၀၀၇၇၂)ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်**

### မိခင်အမည်မှန်

ဦးသီဟလင်း၏သမီး ကျိုက္ကမီမြို့ အထက တက္ကသိုလ်ဝင်တန်းမှ မနှင်းဆုဝေ၏မိခင် ဒေါ်ပွင့်ဖြူစင်၏အမည်မှန်မှာ ဒေါ်ပွင့်ဖြူစင် ၁၀/သဖရ(နိုင်)၁၁၈၆၅၂ ဖြစ်ပါကြောင်း။ **ဒေါ်ပွင့်ဖြူစင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/1436 Nissan wing road Y12 S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးကြွယ် ၉/မရတ(နိုင်)၁၂၇၉၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ပျောက်ဆုံးကြောင်း

ကျွန်မ ဘယ်ရောနိကာ ၂/လကန(နိုင်)၁၀၈၁၂၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၁၁၈၁၊ အကျယ်အဝန်းပေ (၄၀×၆၀) အကျယ်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (အရှေ့)ဘက်အခြမ်း (A)အမှတ်အသားပြု ပေ(၂၀×၆၀)အကျယ်ရှိ ဒေါ်ကြည်ကြည်ရှိန်(ခ)ဒေါ်ကြည်ကြည်ဝင်း အမည်ပေါက်သည့် နှစ် ၆၀ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်တော်စိုးမြင့်သိန်းက ဝယ်ယူမည်ဖြစ်ပါသောကြောင့် (တစ်ပတ်)အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဦးစိုးမြင့်သိန်း**

**၁၂/တမန(နိုင်)၁၀၅၈၁၄**
**ဖုန်း-၀၉-၇၉၉၅၂၄၆၈၆**

## အများသိစေရန် အသိပေးကြေညာခြင်း

အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ နယ်မြေ (၁)၊ အိမ်အမှတ် (၁၂၉)နေ ဦးမြသန်း ၁၃/ကလန(နိုင်)၀၂၃၄၇၅၊ ဒေါ်စိန်ကြည် ၁၃/ကလန(နိုင်)၀၂၃၂၅၄၊ ကိုနိုင်နိုင်ကျော် ၁၃/ကလန (နိုင်)၀၆၄၀၇၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြသန်း-ဒေါ်စိန်ကြည်တို့၏ချွေးမ၊ ကိုနိုင်နိုင်ကျော်၏ ဇနီးဖြစ်သူ မဟေမာလွင် ၇/ပခန(နိုင်)၃၁၆၂၀၃ သည် ၆-၆-၂၀၁၈ ရက်တွင် သား၊ သမီးနှစ်ယောက်နှင့်အတူ မိမိသဘောဆန္ဒအတိုင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ အသိပေးခြင်းမရှိဘဲ နေအိမ်မှထွက်ခွာသွားခဲ့ပြီး ယနေ့ချိန်ထိ အဆက်အသွယ်မရရှိပါ။ မဟေမာလွင်သည် ဦးမြသန်း-ဒေါ်စိန်ကြည်တို့၏နေအိမ်တွင် အတူနေထိုင်ပါသော်လည်း သီးခြားအိုးခွဲစားပြီး ၎င်း၏စီးပွားရေး သီးခြားလုပ်ကိုင်သူဖြစ်ပါသည်။ ယခုအခါ မဟေမာလွင်အား ရှာဖွေမတွေ့ရှိခြင်း၊ အဆက်အသွယ်မရရှိခြင်းနှင့် ပတ်သက်၍ မဟေမာလွင်၏စီးပွားရေးနှင့်ပတ်သက်သော စကြေးနှင့် ငွေကြေးအရှုပ်အရှင်းကိစ္စမှန်သမျှကို ဦးမြသန်း-ဒေါ်စိန်ကြည်၊ ကိုနိုင်နိုင်ကျော်တို့နှင့် လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိပါ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် မဟေမာလွင်၏ငွေကြေးကိစ္စနှင့်ပတ်သက်၍ ဦးမြသန်း-ဒေါ်စိန်ကြည်တို့၏နေအိမ်သို့ လာရောက်တောင်းဆိုခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုခြင်း၊ ပြုမူခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြသန်း၊ ဒေါ်စိန်ကြည်၊ ကိုနိုင်နိုင်ကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်ဝေနိုင် (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ (စဉ်-၄၄၈၇၈)**
**ညောင်ပင်ထောင်ရပ်ကွက်၊ အောင်ပန်းမြို့**

### ပျောက်ဆုံးကြောင်း

ကျွန်မ မဇင်မာဖြူ ၁၃/တကန(နိုင်)၁၇၂၄၄၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြောင်းပေးပါရန်။ **ဖုန်း-၀၉-၇၇၅၇၆၇၅၅၂**

### အမည်မှန်

ဦးစိုင်းမျိုးမြတ်၏သား ရပ်စောက်မြို့နယ်၊ အလက (အလည်ချောင်)၊ သတ္တမတန်းမှ မောင်အားဂူဂူး၏အမည်မှန်မှာ မောင်အောင်ချမ်းငြိမ်းဖြစ်ပါကြောင်း။ **မောင်အောင်ချမ်းငြိမ်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အေးသာယာ၊ အထက(၂)မှ အလယ်တန်းပြဆရာမ ဒေါ်လှလှမြင့် ၉/ညဥန(နိုင်)၀၁၁၁၃၆ နှင့် ဒေါ်ရင်ရင်အေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်လှလှမြင့်(ခ)ဒေါ်ရင်ရင်အေး**

## ရန်ကင်းအေးငြိမ်းရိပ်သာ ရက်(၆၀) တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ကျမ်းပြုဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင် ဦးစီးဖွင့်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး ဟောကြားပြသခဲ့သော မိမိကမ္မဋ္ဌာန်းကျောင်းထဲမှနေ၍ လှူပြည် နတ်ပြည်မှ ဘုရားများ ပကတိမျက်စိဖြင့် မြင်ရသလိုဖူးမြင်နိုင်ခြင်း၊ ပစ္စယပရိဂ္ဂဟ၊ အတိတ်ဘဝများမြင်နိုင်သော သမထ၊ ဝိပဿနာတရားစခန်းကို (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၄ ရက်) ၂၆-၆-၂၀၁၈ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ စခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ စခန်းကြေး၊ ဆွမ်းစရိတ် မပေးရပါ။

**သာသနာအကျိုးဆောင်အဖွဲ့**

**ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၄၄၂၀၃၃၉၂၂၊ ၀၉-၇၉၆၇၆၂၁၇၆**

### အမည်ပြောင်း

တောင်ကြီးမြို့၊ အထက (၄)၊ ဒုတိယတန်း(ခ)မှ နန်းယိင်းယိင်းမိုဟွမ်အား ယနေ့မှစ၍ နန်းဆုရတနာထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **နန်းဆုရတနာထက်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် အက်ဒွက် ၁၃/ဖခန(နိုင်)၀၅၉၆၄၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၄၁၅၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/3206 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၁၀၄၇၆ ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်း ၉/ရမသ(နိုင်)၀၃၄၀၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်နိုင်ပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နယ်မြေ(၈)၊ မဟာဗန္ဓုလလမ်း၊ အိမ်အမှတ် (၂၇/၈)နေ ကျွန်တော် ဦးခင်မောင်၊ ကျွန်မဒေါ်မြင့်မြင့်သန်းတို့၏သား မောင်ဟန်လင်းဦး ၁၃/တကန(နိုင်)၂၀၄၃၆၃ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးခင်မောင်-ဒေါ်မြင့်မြင့်သန်း**

### ပျောက်ဆုံးကြောင်း

ကျွန်တော် စောကဲဒိုမူး ၁၃/ဖခန(နိုင်)၀၄၇၂၈၂ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

### ပျောက်ဆုံးကြောင်း

ကျွန်တော် နေလင်းထွန်း ၂/ဒမဆ(နိုင်)၀၃၂၉၆၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

# လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း

CHID

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ထောင်ထားသည့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank) သို့ အမည်ပြောင်းလဲခြင်းအခမ်းအနားကို ၂၀၁၈ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့၊ နံနက် (၉)နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ခဲ့ပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုလက်မှု လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်၊ ဘဏ်များမှဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများ၊ နိုင်ငံခြားဘဏ်များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အဖက်ဖက်မှ ပိုင်းဝန်းကူညီပေးကြပါသော အဖွဲ့အစည်းများနှင့်ကြွရောက်ချီးမြှင့်ကြသူများ အားလုံးကို လှိုက်လှဲစွာ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်**
**ဘဏ်ဒါရိုက်တာအဖွဲ့**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မောင်တောဒေသအတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် တည်ဆောက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှု



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် **Ms. Christine Schraner Burgener** နှင့် အဖွဲ့အား တာဝန်ရှိသူများက တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ- ခင်မောင်ဝင်း

**စစ်တွေ ဇွန် ၁၈**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့် အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၇ ရက် နံနက်ပိုင်းက စစ်တွေမြို့သို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကုလသမဂ္ဂဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် OCHA ရုံးသို့ သွားရောက်ပြီး OCHA နှင့် INGOs အဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများအား တွေ့ဆုံပြီး ရခိုင်ပြည်နယ်၏ လတ်တလောအခြေအနေများ၊ လက်ရှိဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့နှင့်အတူ ရဟတ်ယာဉ်ဖြင့် မြေပုံမြို့သို့ သွားရောက်ပြီး တောင်ပေါ်ရပ်ကွက်ရှိ IDP Camp တွင် နေထိုင်ကြသူများနှင့် တွေ့ဆုံသည်။ ထိုမှတစ်ဆင့် စစ်တွေမြို့သက္ကယ်ပြင်ကျေးရွာသို့ သွားရောက်ကာ IDP Camp တွင် နေထိုင်ကြသည့် မိသားစုဝင်များနှင့်တွေ့ဆုံပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❋

## မြန်မာ ယူ-၂၃ အသင်း ဇူလိုင် ၂၃ ရက်တွင် စတင်လေ့ကျင့်မည်
စာမျက်နှာ » ၁၂

.......................................

## ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် ၃၀၁၃ ဒသမ ၅ သိန်းတန်ဖိုးရှိ အီသာအရည်နှင့် ကန့်များ ဖမ်းဆီးရမိ
စာမျက်နှာ » ၁၃

## အာဆီယံအမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်း အပြီးသတ် ၂၃ ဦး ရွေးချယ်

**နေပြည်တော် ဇွန် ၁၈**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။ ယခုရွေးချယ်လိုက်သည့် မြန်မာအမျိုးသမီးအသင်းတွင် စီနီယာကစားသမားများအပြင် လူငယ်ကစားသမားများလည်း ရွေးချယ်ခံခဲ့ရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❒

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ် (ဒုတိယနေ့) ဇွန် ၂၀ ရက် ကျင်းပမည်

နေပြည်တော် ဇွန် ၁၈

**၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ် (ဒုတိယနေ့) ကို ဇွန် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းပွဲစဉ်ပါဝင်လာမည်ဖြစ်သည်။ ကွာတားဖိုင်နယ် (ဒုတိယနေ့) အဖြစ် သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ စစ်ကိုင်းအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ၂၀၁၇ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရခြင်းဖြစ်ပြီး ရခိုင်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးပြိုင်ပွဲ ပွဲကျပ်ကာလတွင် ရှုံးထွက်ပြိုင်ပွဲ ကွာတားပွဲကစားရခြင်းဖြစ်ပြီး ဇွန် ၁၆ ရက်က မကွေးအသင်းနှင့် ကစားခဲ့ရသလို ဇွန် ၂၃ ရက်တွင် ရန်ကုန်အသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆု ထပ်မံကာကွယ်နိုင်ရန် ကြိုးပမ်းဖွယ်ရှိနေပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပါက

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆



ရှမ်းယူနိုက်တက်အသင်း တောင်ပံကစားသမား ရန်နိုင်ဦး။ ဓာတ်ပုံ- စိုးညွန့်

ဆရာကောင်း (ဆေး – ၂) အင်္ဂလိပ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်
မှ တည်ထောင်သော
ကောင်းထက်ကျော်
တန်းစုံကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်စာသင်ဝိုင်းများ (၀၊၉၊၁၀ တန်း)
စခန်းသွင်းဘော်ဒါ (၉၊၁၀ တန်း)

ယခုနှစ် တက္ကသိုလ်ဝင်တန်းအောင်စာရင်းတွင် ကောင်းထက်ကျော်၏ သမိုင်းမှတ်တိုင်တစ်ခု
ဘာသာစုံ ဂုဏ်ထူးရှင် (၄) ဦး
၅ ဘာသာဂုဏ်ထူးရှင် (၂၅) ဦး
၄ ဘာသာဂုဏ်ထူးရှင် (၄၂) ဦး
၃ ဘာသာဂုဏ်ထူးရှင် (၅၀) ဦး
၂ ဘာသာဂုဏ်ထူးရှင် (၄၀) ဦး
၁ ဘာသာဂုဏ်ထူးရှင် (၅၃) ဦး
ဂုဏ်ထူးရှင်စုစုပေါင်း (၂၁၄) ဦး

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ တက္ကသိုလ်ဝင်တန်း
ဖြေဆိုသူ ဆယ်၊ ရာဂဏန်း ဦးရေ ရှိသည့်
အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းများ အားလုံးတွင်
ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းသည်
အောင်ချက် "၉၂-၉၄%" ဖြင့်
ရန်ကုန်တိုင်းဒေသကြီး၏ အောင်ချက် အကောင်းဆုံးကျောင်း

ကိုယ်ပိုင်ကျောင်း - အမှတ်- ၃၂ (ခ)၊ ဗိုလ်ချုပ်ပြတိုက်လမ်း (ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အနီး)၊ ဗိုလ်ရှိ(၁)ရပ်ကွက်၊ ဗဟန်း။ ဖုန်း -၀၁ ၈၆၀၃၇၀၂၊ ၀၉ ၄၂၁၁၆၈၁၂၇၊ ၀၉ ၄၂၀ ၇၀၀၀၀၈
စာသင်ဝိုင်း - အမှတ်- ၂၆(က)၊ ဒဂုံသီရိလမ်း (သီတာလမ်းနှင့် အောင်မင်္ဂလာလမ်းအနီး) ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၁ - ၅၅၂၃၄၈၊ ၀၉ ၂၆၂၃၉၉၈၉၉
ဘော်ဒါ - အမှတ် - ၁၂၃၀-၃၁၊ နေမျိုးသူရလမ်း၊ (မဟာသန္တိသုခဘုန်းကြီးကျောင်းအနီး)၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉ ၅၁၇၈၃၂၅